ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်နေ့၊ အင်္ဂါနေ့ (26-3-2013) (၇၄၃၆)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၂၆**

၂၀၁၃ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

**(သတင်းစဉ်)**

# မိမိတို့အစိုးရအနေဖြင့် ဒီမိုကရေစီရှင်သန်ပွံ့ဖြိုးတိုးတက်ရေးကို မပြစ်မနေဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချပြီးဖြစ်

## ပြန်လည်တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ရာတွင် အစိုးရတစ်ခုတည်းဆောင်ရွက်၍မရ ပြည်သူများ၏ အခန်းကဏ္ဍလည်း များစွာအရေးကြီး

နေပြည်တော် မတ် ၂၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး Mr. Vijay Nambiar ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးနှင့်အတူ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Ashok Nigam လည်း တက်ရောက်သည်။

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတက မိတ္ထီလာကိစ္စသည် အရောင်းအဝယ်ကိစ္စတစ်ခုအပေါ်တွင် မကျေမလည်ဖြစ်ရာမှ ဥပဒေအရဆောင်ရွက်သည့်ကိစ္စကို မျက်ကွယ်ပြုပြီး လူအုပ်စုဖွဲ့ကာ အကြမ်းဖက်ခဲ့သဖြင့် ယခုကဲ့သို့ ဖြစ်ပွားခဲ့ရခြင်းဖြစ်ပါကြောင်း၊ ပဋိပက္ခကြောင့် ဘေးဒုက္ခရောက်ကြရသူများအား အစားအစာများ၊ ဆေးဝါးများ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ဆူပူအကြမ်းဖက်မှုကို ဦးဆောင်သူ၊ ကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးပြီး တရားဥပဒေအရ အမြန်ဆုံးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မှုခင်းဖြစ်စဉ်တစ်ခုအပေါ်တွင် ဘာသာရေးအရောင်ဆိုး၍ အခြားမြို့ရွာများသို့ ကူးစက်အောင် ဆောင်ရွက်နေသူများအား ဖော်ထုတ်အရေးယူသွားမည်ဖြစ်ပါကြောင်း၊ ဒုက္ခသည်များအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်အနေဖြင့် ဖြစ်စဉ်ဖြစ်ပွားရာ နေရာအထိအပင်ပန်းခံသွားရောက်၍ပကတိအခြေအနေမှန်ကို သိရအောင် ဆောင်ရွက်မှုကိုလည်း

> “ အဆွေတော်နှင့် ကုလသမဂ္ဂအနေဖြင့် မိမိတို့နိုင်ငံအပေါ် နားလည်မှု၊ စာနာမှု၊ ထောက်ထားမှုများ ထားရှိပြီး လူသားချင်းစာနာမှု အကူအညီများပေးအပ်ရန် ဆန္ဒရှိကြောင်းသိရ၍ များစွာကျေးဇူးတင် ”

ကျေးဇူးတင်ပါကြောင်းဖြင့် ပြောကြားသည်။

မစ္စတာ ဗီဂျေနမ်ဘီးယားက မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတကာက မျှော်လင့်ချက်ဖြင့် အပြိုင်အဆိုင်စိတ်ဝင်စားနေကြပါကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ယှဉ်ပြိုင်မှု၊ ရန်လိုမှုများလည်းပေါ်ပေါက်နိုင်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများက တည်ငြိမ်အေးချမ်းအောင် ကြိုးပမ်းဆောင်ရွက်နေသည်များကိုလည်း သိပါကြောင်း၊ ပြန်လည်တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ရာတွင် အစိုးရတစ်ခုတည်း ဆောင်ရွက်၍မရပါကြောင်း၊ ပြည်သူများ၏ အခန်းကဏ္ဍလည်း များစွာအရေးကြီးပါကြောင်း၊ ဘာသာရေးခေါင်းဆောင်များအနေဖြင့် အများပြည်သူ သဘောပေါက်နားလည်အောင် တရားဥပဒေနှင့် ငြိမ်းချမ်းရေးကို လေးစားလိုက်နာရေး ဟောပြောကြရန်မှာ အရေးပါသော အချက်ဖြစ်ပါကြောင်း၊ ဖြစ်စဉ်ဖြစ်ပွားရာသို့ သွားရောက်လေ့လာရာတွင် ဒေသခံပြည်သူများ၏ ဝမ်းနည်းကြေကွဲမှုများအတွက် များစွာစိတ်မကောင်းဖြစ်ရသော်လည်း စာမျက်နှာ ၃ ကော်လံ ၁ သို့

## နေပြည်တော်ဖိတ်ခေါ်လက်သိုင်းပြိုင်ပွဲ မြန်မာနှစ်သင်း ရွှေ ခြောက်ခု၊ ငွေ ခြောက်ခုဖြင့် ဦးဆောင်နေ

သတင်း - လေဒီ ➤ ဓာတ်ပုံ - ကိုကိုစိုးညွန့်

**နေပြည်တော် မတ် ၂၅**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော နေပြည်တော်ဖိတ်ခေါ် လက်သိုင်းပြိုင်ပွဲခေါ်ပန်ကြပ်ဆီလတ်ပြိုင်ပွဲ အတိုက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို မတ် ၂၅ ရက်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးစခန်း(၁)ရှိ ပိုက်ကျော်ခြင်းပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပရာ အဆိုပါပွဲစဉ်များအပြီးတွင် မြန်မာ(က)(ခ)နှစ်သင်းသည် ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် ခြောက်ခုဖြင့် ပြိုင်ပွဲကို ဦးဆောင်လျက်ရှိကြောင်း သိရသည်။

နံနက်ပိုင်းတွင်ကျင်းပသော အမျိုးသမီးအတိုက်ပြိုင်ပွဲများအနက် ၇၀-၇၅ ကီလိုတန်းတွင် အင်ဒိုနီးရှားမှ အန်ဒရာယာမီလာစာရီက မြန်မာ(က)အသင်းမှ သင်းမြတ်အေးကို ဒိုင်ငါးဦးစလုံးအနိုင် ၅း၀ ဖြင့် အနိုင်ရဗိုလ်စွဲသည်။ ၆၅-၇၀ ကီလိုတန်းတွင် မလေးရှားမှ ဆီတီရာဟမ်ဟ်က မြန်မာ(က)အသင်းမှ သက်ဝေဦးကို ဒိုင်လေးဦးတစ်ဦးအနိုင် ၄း၁ ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

## သတင်းထုတ်ပြန်ရေးအဖွဲ့ သတင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**သတင်းထုတ်ပြန်ရေးအဖွဲ့**
**သတင်းထုတ်ပြန်ချက် (၇/၂၀၁၃)**
**၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်**
**၂၀၁၃ ခုနှစ်၊ မတ်လ ၂၅ ရက်**

၁။ အစိုးရအဖွဲ့အနေဖြင့် လူမျိုးရေး၊ ဘာသာရေး၊ အကြမ်းဖက်ရန်လှုံ့ဆော်မှုများအပါအဝင် အကြမ်းဖက်မှုအားလုံးကို အများပြည်သူအကျိုးစီးပွားအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ အစွမ်းကုန် တားဆီးကိုင်တွယ်ဆောင်ရွက်သွားမည်။

၂။ အကြမ်းဖက်မှု၊ မီးလောင်ကျွမ်းမှုနှင့်အဓိကရုဏ်းများကြောင့် အိုးအိမ်စွန့်ခွာခဲ့ရသော ဒုက္ခသည်ပြည်သူလူထု၏ အရေးပေါ်စားဝတ်နေရေး၊ လုံခြုံရေးကို အပြည့်အဝကူညီဆောင်ရွက်သွားမည်။

၃။ လုံခြုံရေးအခြေအနေတည်ငြိမ်လာသည်နှင့်အမျှ ဒုက္ခသည်များ ပြည်လည်နေရာချထားရေးကို အမြန်ဆုံး ဆောင်ရွက်သွားမည်။

၄။ လိုအပ်သောလူသားချင်းစာနာသည့် အကူအညီများကို ပေးနိုင်ရန်အတွက် လူထုအခြေပြု လူ့အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်သွားမည်။

၅။ ပဋိပက္ခကြောင့် ခံစားထိခိုက်ခဲ့ရသည့် လူ့အဖွဲ့အစည်းများအကြား ယုံကြည်မှုပြန်လည်တည်ဆောက်နိုင်မည့် ဆွေးနွေးမှုများနှင့် စိတ်ခံစားမှုများကို ကုစားနိုင်မည့် အလုပ်ရုံဆွေးနွေးပွဲများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

၆။ ယခုအခါ နိုင်ငံတော်သည် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ လုပ်ဆောင်နေသည်ဖြစ်ရာ ယင်းလုပ်ငန်းများကို ထိခိုက်မည့်အကြမ်းဖက်မှုများ၊ ဘာသာရေးအစွန်းရောက်မှုများကို ရှောင်ရှားကြပါရန် ပြည်သူများကို တိုက်တွန်းအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**ကြေးမုံစာတည်းရှုထောင့် ၂၆-၃-၂၀၁၃ [အင်္ဂါနေ့]**

# အပူဒဏ်ကို ကာကွယ်ပါ

မြန်မာနိုင်ငံသည် မြောက်လတ္တီတွဒ် ၁၀ ဒီဂရီနှင့် ၂၈ ဒီဂရီအတွင်း တည်ရှိသဖြင့် အီကွေတာ ဗဟိုစက်ဝန်း၏ မြောက်ဘက်၌ လုံးလုံးကျရောက်လျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ တောင်ပိုင်းဒေသတို့ကို အပူပိုင်းဒေသများဟု ဆိုရမည်ဖြစ်သည်။

ယခုအခါ နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ အပူချိန်ကို ပြန်ပြောင်းလေ့လာကြည့်လျှင် အပူရှိန်တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်မားလာသည်ကို တွေ့ရပေသည်။ ထိုသို့ အပူချိန်မြင့်မားလာသဖြင့် ပူပြင်းခြောက်သွေ့သော ဒေသများတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် အပူဒဏ်ကို သတိပြုကာကွယ် ဆင်ခြင်နေထိုင်ကြရမည်ဖြစ်သည်။

ယခုနှစ်မတ်လ အပူချိန်မှာ လွန်ခဲ့သည့်နှစ်မတ်လ အပူချိန်ထက် တစ်ဒီဂရီပိုမိုပူပြင်းလာသဖြင့် နွေလယ်ကာလတွင် ပိုမိုပူပြင်းလာဖွယ်ရှိပေသည်။ ယမန်နှစ်က အပူရှိန်မှာ မြစ်ချောင်းကန်များ ခန်းခြောက်မှု အထိုက်အလျောက်ရှိခဲ့သော်လည်း ယခုနှစ်မှာမူ နွေဦးကာလတွင်ပင် ချောင်းကန်များ ပိုမိုခန်းခြောက်လာသည်ကို တွေ့ရသည်။

ထို့ကြောင့် အပူဒဏ်ကို သတိပြုကာကွယ်ကြရန် လိုအပ်သကဲ့သို့ ကန်ရေသုံးစွဲမှုနှင့် နောင်နှစ်များတွင် သုံးစွဲကန်များ၌ ရေခန်းခြောက်မှု လျော့နည်းသက်သာရန်အတွက် ရေကန်များတိမ်ကော မှုမရှိစေရေး၊ ကန်များကို တူးဖော်ဆယ်ဖို့ရေးတို့ကို ကြိုတင်လုပ်ကိုင်ထားကြရမည်ဖြစ်သည်။

နွေရာသီကာလ၏ အပူဒဏ်ကြောင့် လူအများ ချွေးထွက်လွန်ခြင်း၊ ဆားဓာတ်၊ ရေဓာတ်လျော့နည်းခြင်း၊ ကြွက်တက်ခြင်း၊ မောပန်းလွယ်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ အရေပြားလောင်ခြင်းစသည့် ရောဂါများ ဖြစ်ပွားတတ်သည်ကို သတိပြုကြရမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် မိမိတို့၏ဝမ်းစာအတွက် မဖြစ်မနေ သွားလာလှုပ်ရှားရုန်းကန်နေကြရသည်မှန်သော်လည်း နေပူထဲတွင် သွားလာသောအခါ ပြင်းထန်သော လှုပ်ရှားလုပ်ကိုင်မှုများ မပြုလုပ်မိဖို့ လိုမည်ဖြစ်ပါသည်။

နေပူထဲသို့ မဖြစ်မနေသွားရမည်ဆိုလျှင်လည်း အပူဒဏ်ကို ကာကွယ်နိုင်မည့် ထီး၊ ဦးထုပ်၊ အမိုးအကာတို့ဖြင့် သွားလာသင့်ပေသည်။ အဝတ်အစားဝတ်ဆင်ရာတွင်လည်း အပူမစုပ်ယူနိုင်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ အဝတ်အထည်များ၊ ပွရောင်းသော အဝတ်အစားများကို ဝတ်ဆင်သင့်ပေသည်။

နေပူထဲသို့သွားပြီး ပြန်ရောက်လျှင်လည်း ရေခဲရေမဟုတ်သည့် ရေသန့်တစ်ခွက်ကို သောက်သုံးရန်နှင့် ချက်ချင်းရေချိုးခြင်းတို့ကို မပြုလုပ်မိရန် သတိထားရမည်ဖြစ်သည်။ နေ့လယ်နေ့ခင်း လွင်တီးခေါင်ခေါင်ရှိ ရေကန်များ၊ မြစ်ချောင်းကမ်းပါးတို့တွင် ရေချိုးခြင်းကို မပြုလုပ်သင့်ပေ။

သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် ဆီးချို၊ သွေးတိုးရောဂါရှိသူများအား အရိပ်ရသော နေရာထိုင်ခင်းများတွင် ထားရှိပေးသင့်ပေသည်။ အထူးသဖြင့် ပူပြင်းသောကာလတွင် အရက်သေစာသောက်သုံးခြင်းသည် အပူဓာတ်ကို ပိုမိုဖြစ်ပေါ်စေသဖြင့် အရက်သောက်သုံးခြင်းကို ရှောင်ရှားသင့်သည်။

ထို့ကြောင့် အပူဒဏ်ကိုကာကွယ်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ သတိပေးချက်များကို သတိပြုမှတ်သား လိုက်နာသင့်ကြပေသည်။ မိမိတို့၏ ကျန်းမာရေးကို မိမိတို့ကသာ ကာကွယ်စောင့်ရှောက်ပေးနိုင်ပေရာ တစ်ဦးချင်းအလိုက် အသိတရားနှင့် သတိထားနေထိုင်ကြရမည်ဖြစ်ပါသည်။ ။

# အရန်ဆန်ဝယ်ယူရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် မတ် ၂၅**

အရန်ဆန်ဝယ်ယူနိုင်ရေးအတွက် အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီကို ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် စတင်ဖွဲ့စည်းပေးခဲ့ပြီး ကော်မတီ၌ပါဝင်သည့် ပုဂ္ဂိုလ်များသည် စေတနာ့ဝန်ထမ်းအနေဖြင့် လုပ်ငန်းကျွမ်းကျင်မှု၊ အနစ်နာခံမှုနှင့် နိုင်ငံတော်နှင့်တောင်သူလယ်သမားများ၊ စားသုံးသူများ အကျိုးကိုရည်ရွယ်ပြီး ဆောင်ရွက်ပေးနိုင်ခဲ့မှုတို့ကြောင့် ရေကြီးနစ်မြုပ်ခြင်း အပါအဝင် အရေးပေါ်ကိစ္စရပ်များတွင် အရန်ဆန်မှ အကူအညီ အထောက်အပံ့များ ပေးနိုင်ခဲ့သည့်အပြင် အရန်ဆန်ဝယ်ယူရေး လုပ်ငန်းစဉ်တစ်ခုလုံးအား စေတနာထား၍ အောင်မြင်အောင်ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းဖြင့် ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI TOWER ရှိ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းချုပ်၌ ကျင်းပသည့် အရန်ဆန်ဝယ်ယူရေးအတွက် ညှိနှိုင်းအစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၁၂-၂၀၁၃ ခုနှစ်တွင် အာဆီယံအရန်ဆန်တန် ၁၄၀၀၀ အပါအဝင် အရန်ဆန်တန်တစ်သိန်းအထိ ဝယ်ယူရန် ဝန်ကြီးဌာနကိုယ်စားကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘတ်ဂျက်တွင် ငွေကျပ် ၁၀ ဘီလီယံ ထည့်သွင်းပေးထားပြီးဖြစ်ကြောင်း၊ ငွေကျပ် ၁၅ ဘီလီယံ ထပ်မံသုံးစွဲခွင့်ရရှိရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း၊ ၂၀၁၃ ခုနှစ်အတွက် အရန်ဆန်ဝယ်ယူရန် စီစဉ်ခဲ့ရာ ဆန်တန်ချိန် ၂၂၂၅၀ တင်ဒါအောင်မြင်ခဲ့ပြီးဖြစ်ကြောင်း။

ရခိုင်ပြည်နယ်တွင် စပါးထွက်ပေါ်ချိန်၌ စပါးဝယ်ယူသူနည်းပါးသည့်အတွက် စပါးဈေးများကျဆင်းခဲ့သောကြောင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူများ တွက်ခြေကိုက်စေရန်အတွက် အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီက ရခိုင်ပြည်နယ်တွင် ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင်ငွေကျပ် ၂၇၀၀၀၀ နှုန်း၊ ငစိန် ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်းများဖြင့် ဆန်တန်ချိန် ၂၆၅၀ စာချုပ်ချုပ်ဆို ဝယ်ယူပေးခဲ့ကြောင်း၊ အရန်ဆန်ဝယ်ယူရရှိရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသည့်အတွက် မန္တလေးတိုင်းဒေသကြီးတွင်လည်း အရန်ဆန်များ ဝယ်ယူပေးလျက်ရှိကြောင်း။

၂၀၁၂ ခုနှစ်ထွက်စပါးများပေါ်ထွက်ချိန်တွင် အချို့နေရာဒေသများ၌ စပါးဈေးနှုန်းကျဆင်းမှုကြောင့် စပါးစိုက်တောင်သူများထံမှ တိုက်ရိုက်ဝယ်ယူပေးရန် တင်ပြချက်များရှိလာ၍ ဧည့်မထမိုးစပါးတင်း ၁၀၀ လျှင် ငွေကျပ် ၃၃၀၀၀၀ နှုန်း၊ အမျိုးအစားကောင်းဧည့်မထစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀၀ နှုန်းဖြင့် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်များတွင် ဝယ်ယူပေးခဲ့ကြောင်းဖြင့်လည်း ပြောကြားသည်။

ထို့နောက် အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးချစ်နိုင်နှင့် ကော်မတီဝင်များက အရန်ဆန်ဝယ်ယူထားရှိမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ရပ်ကွက်နေပြည်သူများ စာပေဖတ်ရှုနိုင်ရေး နယ်လှည့်စာကြည့်တိုက် ဆောင်ရွက်

**ဟားခါး မတ် ၂၅**

ပြည်သူများစာပေဖတ်ရှုသည့် အလေ့အထများ ပိုမိုရရှိလာစေရေး၊ စာပေဖတ်ရှုခြင်းဖြင့် လူမှုဘဝမြင့်မားလာစေရေး၊ ရပ်ကွက်နှင့်ကျေးရွာပြည်သူများ အသိပညာဗဟုသုတတိုးပွားရေးနှင့် စာအုပ်စာပေများ အလွယ်တကူ လေ့လာဖတ်ရှုနိုင်ရေးအတွက် ဟားခါးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ မတ် ၂၂ ရက် နံနက် ၁၁ နာရီတွင် မြို့သစ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ နယ်လှည့်စာကြည့်တိုက် Mobile Library နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပပြီး စာအုပ်စာစောင်များ ငှားရမ်းပေးသည်။**(ဓါတ်ပုံ)**

နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ အလွယ်တကူစာပေဖတ်ရှုနိုင်ရေး အသိပညာဗဟုသုတရရှိရန် ရည်ရွယ်၍ ရပ်ကွက်/ကျေးရွာများသို့ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ရာ စာအုပ်များငှားရမ်းပေးခြင်း၊ ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂၅**

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ သာယာဝတီမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

အဝေး အနီး အလယ် စသည့် မြင်ကွင်းအားလုံး ကြည်လင်စေရန်
Multifocal Lens တပ်ဆင်လိုသူများကို အထူးဖိတ်ခေါ်ပါသည်။
အရွှေတိုင်းမျက်မှန်
၃၆၁၊ ရွှေဘုံသာအထက်လမ်း၊ ရန်ကုန်မြို့။ ၀၉-၇၃၀၂၆၅၁၅
၇၂၊ ၂၆B လမ်း(၈၁-၈၂ကြား)၊ မန္တလေးမြို့။ ၀၉-၄၀၂၅၅၃၈၅၁

## ပြည်တွင်းရေးရာ

● ရှေ့ဖုံးမှ

မုန်းတီးမှုများမတွေ့ရသဖြင့် တစ်ဖက်က ဝမ်းသာခဲ့ရပါကြောင်း၊ ဒေသခံ ပြည်သူများသည် နှစ်ပေါင်းများစွာ ငြိမ်းချမ်းစွာအတူနေထိုင်ခဲ့ကြသူများဖြစ်ပြီး ဆက်လက်နေထိုင်သွားရန်လည်း နှစ်ဖက်စလုံးမှ ဆန္ဒရှိသည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ အချို့က စေ့ဆော်/လှုံ့ဆော်သူများကို ထိရောက်စွာ အရေးယူပေးပါရန် တင်ပြခဲ့ကြပါကြောင်း၊ နှစ်ဖက်စလုံးမှ လူမှုရေး၊ ဘာသာရေး ခေါင်းဆောင်များက ဖြစ်ပွားခဲ့သည်များကို ကျော်လွှားပြီး ရှေ့ဆက်လျှောက်လှမ်းကြရန် မျှော်လင့်ထားကြောင်း၊ မြန်မာနိုင်ငံ၏ ကောင်းသောဂုဏ်သတင်းကို ထိပါးမည်ကိုစိုးရိမ်ကြောင်းကို ဖော်ပြပြောဆိုခဲ့ကြပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ယခင်ကကဲ့သို့ ဆက်လက်လက်တွဲ၍ နေထိုင်သွားရန် ဆန္ဒရှိသည်ကိုလည်း သိရှိခဲ့ရပါကြောင်း၊ ယင်းပြည်သူများအား ကူညီထောက်ပံ့သည့် လုပ်ငန်းစဉ်တွင် ကုလသမဂ္ဂကလည်း ထိရောက်စွာပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက မိမိတို့အစိုးရတာဝန်ယူခဲ့သည့် နှစ်နှစ်တာကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပြုပြင်ပြောင်းလဲရာတွင် အောင်မြင်မှုများရှိသကဲ့သို့ မမျှော်လင့်သော စိန်ခေါ်မှုများကိုလည်း ကြုံတွေ့ရပါကြောင်း၊ ဖြစ်စဉ်တစ်ခုဖြစ်ပွားလာသည့်အခါ တရားဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဆိုသည့်အသိ ပြည်သူများအတွင်း ရောက်ရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပညာရေးမြှင့်တင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးကို မဖြစ်မနေဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချပြီးဖြစ်ပါကြောင်း၊ ကြုံတွေ့လာမည့်အခက်အခဲများကိုလည်း အောင်မြင်အောင် ကျော်လွှားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်နှင့် ကုလသမဂ္ဂအနေဖြင့် မိမိတို့ နိုင်ငံအပေါ် နားလည်မှု၊ စာနာမှု၊ ထောက်ထားမှုများ ထားရှိပြီး လူသားချင်းစာနာမှု အကူအညီများပေးအပ်ရန် ဆန္ဒရှိကြောင်း သိရ၍များစွာ ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘယ်လ်ဂျီယံနိုင်ငံ ဖလန်းဒါးပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဘယ်လ်ဂျီယံနိုင်ငံ ဖလန်းဒါးပြည်နယ်ဝန်ကြီးချုပ် Mr. Kris Peeters ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (အပေါ်ပုံ)

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးမောင်၊ ဦးအုန်းမြင့်၊ ဦးဉာဏ်ထွန်းအောင်၊ ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဖလန်းဒါးပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင် ၁၂ ဦး တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ မြစ်ကြောင်းထိန်းသိမ်းမှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ လေအားလျှပ်စစ်ထုတ်လုပ်မှုဆိုင်ရာကဏ္ဍများတွင် ဘယ်လ်ဂျီယံကုမ္ပဏီများ ပါဝင်ပူးပေါင်းဆောင်ရွက်ရေး၊ သစ်၊ ရော်ဘာ၊ ဆီအုန်း စသည့် ထွက်ကုန်များကို ကုန်ကြမ်းအတိုင်းရောင်းချနေရရာမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် ကုန်ချောစက်ရုံများ တည်ဆောက်၍ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ ကြေးနီ၊ သံ၊ သတ္တုနှင့် အခြေခံစက်မှုလုပ်ငန်းများ၊ IT လုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ဘယ်လ်ဂျီယံကုမ္ပဏီများ ပါဝင်ပူးပေါင်းဆောင်ရွက်ရေး၊ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်သည့်စက်များ ရောင်းချပေးနိုင်ရေး၊ မွေးမြူရေး၊ စွမ်းအင်၊ လျှပ်စစ်၊ ရေလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်ရေး၊ နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ အများအပြားရရှိစေမည့် စက်ရုံ၊ အလုပ်ရုံများ လာရောက်ဖွင့်လှစ်လုပ်ကိုင်နိုင်ရေးနှင့် မြန်မာနိုင်ငံ၌ လုပ်သားအင်အားအများအပြားရှိသော်လည်း အရင်းအနှီး၊ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်နေသဖြင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်နေမှု၊ မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအတည်ပြုပြဋ္ဌာန်းပြီးဖြစ်ရာ နိုင်ငံတကာမှ ကုမ္ပဏီများ အဆင်ပြေစွာ လာရောက်ရင်းနှီးမြှုပ်နှံနိုင်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## ဆီမီးလောင်ရာတွင် ငြိမ်းသတ်သော အမြှုပ်ဆေးရည်ပေးအပ်

**မန္တလေး မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် (၃၃)လမ်းနှင့် (၈၅)လမ်းထောင့် ဧရာရွှေပြည် စက်သုံးဆီရောင်းဝယ်ရေးမှ အရန်မီးသတ်တပ်ဖွဲ့စခန်းများအား ဆီမီးလောင်ရာတွင် ငြိမ်းသတ်ရသော အမြှုပ်ဆေးရည်ပေးအပ်ပွဲကို မတ် ၁၈ ရက်က အရောင်းဆိုင်ရှေ့၌ ပြုလုပ်သည်။

အဆိုပါ အမြှုပ်ဆေးရည်ပေးအပ်ပွဲသို့ ခရိုင်အရန်မီးသတ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဗိုလ်မင်း၊ အတွင်းရေးမှူး ဦးဝင်းစိန်နှင့် စခန်း ခုနစ်ခုမှ စခန်းတာဝန်ခံများ၊ မန်နေဂျာဦးကျော်ကျော်နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အရန်မီးသတ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဗိုလ်မင်းက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် မန်နေဂျာဦးကျော်ကျော်က အောင်နန်းရိပ်သာအရှေ့/အနောက်၊ သီရိဟေမာအရှေ့/အနောက်၊ ဒေးဝန်းအရှေ့/သီရိမာလာအရှေ့၊ ရတနာဘုမ္မိအနောက် အရန်မီးသတ်စခန်းများအတွက် စုစုပေါင်း အမြှုပ်ဆေးရည် ဂါလန် ၄၀ ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(၃၈၇)**

## ချင်းတွင်းမြစ်ကြောင်း တစေ့တစောင်း

နွေရာသီဝင်စ ယခုလကတည်းက ချင်းတွင်းမြစ်ရေသည် ယမန်နှစ်ကထက် ပိုမိုကျဆင်းလျက်ရှိနေပြီး သဲသောင်ခုံများလည်းပေါ်၊ ရေကြောင်းလည်း ပြောင်းလဲ၊ မော်တော်တွေသွားလာမှု အဆင်မပြေဖြစ်နေသည့် အခြေအနေနှင့်ပတ်သက်၍ ယခင်ကတည်းက ယနေ့အထိ ချင်းတွင်းမြစ်တစ်လျှောက် အစုန်၊ အဆန် သွားလာနေသော မော်တော်ပိုင်စက်ဆရာ ဦးမြလွင်က သူ့အမြင်ကို ပြောပြသည်မှာ "ချင်းတွင်းမြစ်က ရေကြောင်းမကောင်းတာ မဟုတ်ပါဘူး မြစ်ရေက သူ့သဘာဝအတိုင်း မြင့်ရာက နိမ့်ရာကို အမြဲစီးဆင်းနေတာပါ၊ အဓိက လူတွေမကောင်းကြတာပါ။ ဥပမာ တစ်ခုပြောရရင် မုံရွာမြို့ကနေ အထက်ပိုင်းထိ ပြေးဆွဲနေကြတဲ့ အင်ဂျင်ပါဝါ အားကောင်းကောင်း သံခွံရှပ်ပြေးရေယာဉ်တွေရှိတယ်။ အဲဒီရေယာဉ်က လူနဲ့ ကုန်တင်ခွင့်ရှိတာ ရေစူးသုံးပေ ဆိုပါစို့ဗျာ၊ ဒါပေမယ့် တကယ်တင်တာက လေးပေလောက်ထိတင်တယ်၊ လမ်းခရီးမှာ ရေအနက် လေးပေ၊ လေးပေသာသာကိုလည်း အင်ဂျင်ပါဝါနဲ့ အရှိန်နဲ့ မောင်းတာပဲ၊ အဲဒီလို မောင်းတော့ နောက်က လည်နေတဲ့ ပန်ကာအားနဲ့ သဲသောင်တွေ ပျက်စီးသွားတယ်၊ ဒီအဖြစ်အပျက်တွေက တစ်ရက်လည်း မဟုတ်ဘူး၊ တစ်စင်းတည်းလည်း မဟုတ်ဘူးဆိုတော့ ဆရာ စဉ်းစားကြည့်ပါ၊ ရေကြောင်းတွေ ဘယ်လောက်ပြောင်းလဲ မလဲ ဒါ လူတွေကြောင့် ဖြစ်ရတာ၊ အဲဒီလိုမှားနေတာကိုလည်း ပြင်ပေးမယ့်သူမရှိဘူး၊ ဘယ်ရေယာဉ်မဆို အလျား၊ အနံ၊ ရေစူး သတ်မှတ်ချက်နဲ့လူနဲ့ ကုန်တင်ဆောင်ရတာ သတ်မှတ်တဲ့ တန်ဆိုတာရှိတယ်။ ဥပဒေလည်းရှိတယ်။ အခု ကုန်းပေါ်က ကားလမ်းတွေမှာ ပြုပြင်ပြောင်းလဲဆောင်ရွက်နေတာ အရမ်းသဘောကျတယ်။ ယာဉ်တစ်စီးအတွက် လူနဲ့ ကုန်တန်ချိန်သတ်မှတ်ချက်နဲ့ သွားလာကြတော့ ကားလမ်းတွေ မပျက်စီးတော့ဘူးပေါ့။ ဒါတောင်မှ ကိုယ်ကျိုးရှာတဲ့ ယာဉ်အချို့နဲ့ ဂိတ်အချို့ မသမာမှုတွေ ပြုနေတာရှိနေသေးတယ်။ ကြီးကြပ်ထိန်းသိမ်းဆောင်ရွက်ပေးမယ့်သူလည်းမရှိ အဲဒီတော့ ရေကြောင်းမှာ အန္တရာယ်ကြုံလာရင် ပြည်သူတွေပဲ သေကျေ၊ ဒုက္ခရောက်ကြရတာ၊ ဒါ့ကြောင့် ဘယ်သူမဆို ဥပဒေနဲ့အညီ စည်းနဲ့ ကမ်းနဲ့ ပြောဆို၊ ဆက်ဆံ၊ လုပ်ကိုင်ကြရင် အကောင်းဆုံးပေါ့ဗျာ။ ဆရာလည်း ကြားဖူးပါတယ်။ ဥပဒေဘောင်အတွင်း နေထိုင်ခြင်း၊ ဘေးကင်းရန်ကွာ စိတ်ချမ်းသာဆိုတဲ့ စကားစုလေ၊ လူတိုင်းအမြဲဂရုပြုမှတ်သားသင့်တဲ့ စကားစုပါပဲ"ဟု သူ့အမြင် သူ့အတွေးကို ပြောပြသွားသည်မှာလည်း လေးစားဖွယ်လိုက်နာဖွယ်ပင်ဖြစ်ပါသည်။ ။

ဖေထွဏ်းဇော် - ရေစကြို

# အာဖရိကနိုင်ငံများနှင့် ဆက်ဆံရေးတိုးတက်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင် ကြိုးပမ်းမည်

တန်ဇန်းနီးယားနိုင်ငံသို့ ရောက်ရှိလာသော တရုတ်သမ္မတအား ကြိုဆိုနှုတ်ဆက်စဉ်။

**ဒါရက်ဆလမ် မတ် ၂၅**

အာဖရိကနိုင်ငံများနှင့် ဆက်ဆံရေးခိုင်မာတိုးတက်စေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း တရုတ်သမ္မတသစ် ရှီကျင့်ဖျင်က တန်ဇန်းနီးယားနိုင်ငံ၏ စီးပွားရေးမြို့တော် ဒါရက်ဆလမ်၌ ရောက်ရှိစဉ် ပြောကြားလိုက်သည်။

အာဖရိကတိုက်သည် မျှော်လင့်ချက်ရောင်ခြည်များ ထွန်းလင်းနေသည့် ဒေသဖြစ်ကြောင်း သမ္မတရှီက တန်ဇန်းနီးယားနိုင်ငံ၌ ခေါင်းဆောင်များနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

အာဖရိကတိုက်နှင့် ဆက်ဆံရေးတိုးတက်လာစေရန်ဦးတည်ဆောင်ရွက်ရာတွင် နိုင်ငံများအားလုံးအနေဖြင့် ယင်းဒေသ၏ဂုဏ်ဒြပ်နှင့် လွတ်လပ်မှုတို့ကို အလေးထားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံနှင့် အာဖရိကနိုင်ငံများအကြား ကုန်သွယ်မှုသည် လွန်ခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာဘီလီယံ ၂၀၀ ကျော်အထိရောက်ရှိခဲ့ကြောင်း သမ္မတရှီက ပြောကြားသည်။

သမ္မတရှီသည် စီးပွားရေးထွန်းသစ်စနိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် မတ် ၂၆ ရက်တွင် တောင်အာဖရိကနိုင်ငံသို့ ရောက်ရှိလာမည်ဟု မျှော်လင့်ရသည်။

**ရိုက်တာ။**

# မူရှာရက်ဖ် ပါကစ္စတန်သို့ ပြန်ရောက်ပြီ

**အစ္စလာမ္မာဘတ် မတ် ၂၅**

ပါကစ္စတန်သမ္မတဟောင်း ပါဗက်ဇ်မူရှာရက်ဖ်သည် ပြည်ပ၌လေးနှစ်ကြာတိမ်းရှောင်နေရာမှ အသက်အန္တရာယ်ခြိမ်းခြောက်မှုများကို ဂရုမစိုက်ဘဲ ပါကစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း တနင်္ဂနွေနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဒူဘိုင်းမြို့မှ ပျံသန်းလာသည့် ၎င်းစီးနင်းလိုက်ပါလာသော လေယာဉ်သည် ကရာချိလေဆိပ်သို့ဆိုက်ရောက်စဉ် လက်နက်အပြည့်အစုံနှင့် ကွန်မန်ဒိုများက ၎င်းအားလုံခြုံရေးစောင့်ရှောက်ပေးခဲ့ကြသည်။ သို့သော် မြို့တော်အတွင်း လူထုအခမ်းအနားကျင်းပရန်ရှိသည်ကိုမူ ဖျက်သိမ်းခဲ့သည်။

ဗိုလ်ချုပ်ကြီးဟောင်း မူရှာရက်ဖ်သည် မေလအထွေထွေရွေးကောက်ပွဲတွင် ၎င်း၏ပါတီကို ဦးဆောင်မည်ဖြစ်သည်။

မကြာသေးမီက တာလီဘန်တို့ထုတ်ပြန်သော ဗီဒီယိုတွင် မူရှာရက်ဖ်ကို လက်ဖြောင့်တပ်သားများ၏ ချောင်းမြောင်းပစ်ခတ်ခြင်းဖြင့်လည်းကောင်း၊ အသေခံဗုံးခွဲခြင်းဖြင့်လည်းကောင်း လုပ်ကြံမည်ဟု ခြိမ်းခြောက်ထားသည်။ **ဘီဘီစီ။**

ပါကစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော သမ္မတဟောင်း ပါဗက်ဇ်မူရှာရက်ဖ်။

# အစ္စရေးက ဆီးရီးယားကို ဒုံးကျည်ဖြင့် တုံ့ပြန်တိုက်ခိုက်

**ဂျေရုဆလင် မတ် ၂၅**

ဆီးရီးယားနိုင်ငံဘက်မှ ပစ်ခတ်လိုက်သည့် သေနတ်ကျည်ဆန်သည် နယ်စပ်ကိုကျော်လွန်၍ အစ္စရေးမော်တော်ယာဉ်တစ်စီးကို ထိမှန်သည့်အတွက် အစ္စရေးကြည်းတပ်က တနင်္ဂနွေနေ့တွင် ဆီးရီးယားနိုင်ငံအတွင်းသို့ ပဲ့ထိန်းဒုံးကျည်တစ်စင်း ပစ်လွှတ်ရာ စစ်စခန်းတစ်ခုပျက်စီးသွားခဲ့သည်ဟု အေပီကဖော်ပြသည်။

အစ္စရေးတို့ သိမ်းပိုက်ထားသည့် ဂိုလန်ကုန်းမြင့် ရှေ့တန်းစစ်မြေပြင်မှ ပစ်ခတ်မှုများသည် လွန်ခဲ့သောနှစ်နှစ်မှစ၍ ဆီးရီးယားပြည်တွင်းစစ်ဖြစ်ပွားချိန်ကတည်းက နှစ်နိုင်ငံအကြား ပေါ်ပေါက်လာသော အန္တရာယ်အများဆုံးဖြစ်ရပ်များတွင် တစ်ခုအပါအဝင်ဖြစ်သည်။

ဆီးရီးယားနိုင်ငံအတွင်း၌ ဖြစ်ပွားနေသော တိုက်ခိုက်မှုများကို အစ္စရေးက ဘေးမှ ဂရုတစိုက်စောင့်ကြည့်လျက်ရှိသည်။

ဆီးရီးယားတပ်ဖွဲ့သည် ဂိုလန်ကုန်းမြင့်ကို ရည်ရွယ်ချက်ရှိရှိနှင့် တမင်ပစ်ခဲ့ခြင်း သို့မဟုတ် အစ္စရေးမော်တော်ယာဉ်ကို မတော်တဆကျည်သင့်သွားခြင်းဖြစ်သည်ဆိုသည်မှာ ချက်ချင်းရှင်းလင်းစွာမသိရသေးပေ။ မည်သို့ပင်ဖြစ်စေ ဆီးရီးယားသမ္မတ ဘာရှားအာဆတ်၏ အစိုးရအဖွဲ့တွင် တာဝန်ရှိသည်ဟု အစ္စရေးတို့က မှတ်ယူသည်။

စနေနေ့ညနေပိုင်းတွင် နှစ်နိုင်ငံအကြားရှေ့တန်းစစ်မျက်နှာ၌ အစ္စရေးစစ်ကားတစ်စီးမောင်းနှင်နေစဉ် ဆီးရီးယားကျည်ဆန်ထိမှန်ခံရပြီး အနည်းငယ် ပျက်စီးသွားခဲ့သည်။ ယင်းနောက် နာရီပိုင်းအကြာ တနင်္ဂနွေနေ့စောစောပိုင်းက အစ္စရေးတပ်ဖွဲ့များ ဂိုလန်ကုန်းမြင့်၌ ပုံမှန်အတိုင်း ကင်းလှည့်နေစဉ် ပစ်ခတ်ခြင်းခံခဲ့ရသည်ဟု အစ္စရေးစစ်ဘက်က ပြောသည်။ ထိုနေ့စောစောပိုင်းမှာပင် အစ္စရေးက ပဲ့ထိန်းဒုံးကျည်ဖြင့် ဆီးရီးယားနိုင်ငံအတွင်းသို့ တုံ့ပြန်ပစ်ခတ်ခဲ့သည်။ **အေပီ။**

## ပါကစ္စတန်၌ ကြားဖြတ်ဝန်ကြီးချုပ် ကျမ်းသစ္စာကျိန်ဆို

**အစ္စလာမ္မာဘတ် မတ် ၂၅**

ပါကစ္စတန် အိမ်စောင့်အစိုးရအဖွဲ့ ဝန်ကြီးချုပ်အဖြစ် မီယာဟာဇာခန်ခိုဆိုသည် မတ် ၂၄ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပါလီမန်ကော်မတီတစ်ရပ်နှင့် ပြိုင်ဘက်နိုင်ငံရေးပါတီများအကြား ဝန်ကြီးချုပ်လောင်းတစ်ဦးရွေးချယ်နိုင်ရေးကိစ္စတွင် သဘောကွဲလွဲခဲ့ကြပြီးနောက် ရွေးကောက်ပွဲကော်မရှင်က အငြိမ်းစားတရားသူကြီး ခိုဆိုအား အိမ်စောင့်အစိုးရအဖွဲ့ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ ၎င်းသည် နိုင်ငံအနောက်တောင်ပိုင်းဘလူချီစတန်ပြည်နယ်မှဖြစ်သည်။

ဝန်ကြီးချုပ်ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ သမ္မတ အဇစ်ဇာဒါရီ သဘာပတိအဖြစ် တက်ရောက်ခဲ့ပြီး ရုပ်မြင်သံကြားဌာနက တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။

ခိုဆိုသည် ကြားဖြတ်ဝန်ကြီးအဖွဲ့ကို ဖွဲ့စည်းနိုင်ရန် ရွေးချယ်မှုများပြုလုပ်တော့မည်ဟု မျှော်လင့်သည်။ ပါကစ္စတန်နိုင်ငံ၌ မေ ၁၁ ရက်တွင် အထွေထွေ ရွေးကောက်ပွဲကျင်းပမည်ဖြစ်ပြီး ရွေးချယ်တင်မြှောက်ခံအစိုးရအဖွဲ့သစ်ပေါ်ထွန်းချိန်အထိ ခိုဆို၏ အိမ်စောင့်အစိုးရအဖွဲ့က တာဝန်ယူမည်ဖြစ်သည်။

**ရိုက်တာ။**

## အမျိုးသမီးသတင်းထောက်တစ်ဦး မိုဂါဒစ်ရှူး၌အသတ်ခံရ

**မိုဂါဒစ်ရှူး မတ် ၂၅**

ဆိုမာလီနိုင်ငံ မြို့တော်မိုဂါဒစ်ရှူး၌ အမျိုးသမီး သတင်းထောက်တစ်ဦးကို သေနတ်သမားများက ပစ်သတ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၂၅ရက်တွင် သတင်းထုတ်ပြန်သည်။

ပစ္စတိုသေနတ်ကိုင်ဆောင်ထားသော လူငယ်နှစ်ဦးသည် ရေဒီယိုသတင်းထောက်တစ်ဦးကို သေနတ်ဖြင့် အကြိမ်ပေါင်းများစွာ ပစ်ခတ်ခဲ့ပြီးနောက် ထွက်ပြေးသွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ **ဆင်ဟွာ။**




၁၉၈၅ – ၁၉၈၈ ခုနှစ်အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအဖြစ် စာရေးသူ ကြုံတွေ့ဖြတ်သန်းခဲ့ရသော ကမ္ဘာကျော် ၈၈၈၈ လေးလုံး မြန်မာ့ ဒီမိုကရေစီအရေး လှုပ်ရှားမှုကြီးအပါအဝင် မြန်မာ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဖြစ်အပျက်များကို တင်ပြထားသည် ...

ဗိုလ်ထွန်းကြည်
(မုံရွာ)

နှစ် (၅၀) ကျော်ကိုယ်တွေ့များ

တတိယတွဲ (၁၉၈၅ – ၁၉၈၈)

ထွက်ပြီ

စာဖတ်သူများ၏ တောင်းဆိုမှုအရ နှစ် (၅၀) ကျော် ကိုယ်တွေ့များ၊ ပထမတွဲနှင့် ဒုတိယတွဲကို ထပ်မံရိုက်နှိပ်ထား၍ အမြို့မြို့ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ပြည်တွင်းရေးရာ

# တောင်သူအထောက်အကူပြုဆန်စပါးစိုက်ပျိုးရေးနှင့် ကိုင်တွယ်ထိန်းသိမ်းမှု နည်းပညာသင်တန်းဆင်း

**နေပြည်တော် မတ် ၂၅**

တောင်သူဦးကြီးများ၏ လယ်ယာလုပ်ငန်းခွင်တွင် ကြုံတွေ့နေရသော ဆန်စပါးစိုက်ပျိုးရေးနှင့် ရိတ်သိမ်းချိန်လွန်ဆိုင်ရာကိစ္စရပ်များ၊ လေလွင့်ဆုံးရှုံးမှုများ လျော့ပါးစေရန်၊ အရည်အသွေးမြင့် တန်းမြင့်ဆန်ဖြူများ ကြိတ်ခွဲနိုင်ရေး အထောက်အကူဖြစ်စေရန် ပြည်တွင်းပြည်ပဈေးကွက်တွင် ဈေးကောင်းရရှိနိုင်ရေး၊ လယ်ယာအခြေခံတန်ဖိုးမြင့်ပို့ကုန်များ တိုးချဲ့ထုတ်လုပ်နိုင်ရေး၊ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်လာပြီး လူမှုစီးပွားရေးဘဝများ ပိုမိုမြင့်မားလာစေရေးအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ရှိကြသော အဖွဲ့အစည်းအသီးသီးတို့ လက်တွဲပူးပေါင်းလုပ်ဆောင်သွားကြရန်၊ အလားတူသင်တန်းများကိုလည်း စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန အောက်ရှိ ရိတ်သိမ်းချိန်လွန် နည်းပညာအသုံးချဌာန၌ ကျင်းပသော တောင်သူအထောက်အကူပြု ဆန်စပါးစိုက်ပျိုးရေးနှင့် ကိုင်တွယ်ထိန်းသိမ်းမှု နည်းပညာသင်တန်းဆင်းပွဲတွင် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းအထောက်အကူပြု ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တောင်သူ ၅၀ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရိတ်သိမ်းချိန်လွန်နည်းပညာအသုံးချဌာန ဓာတ်ခွဲစမ်းသပ်ခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ငွေစုဘဏ်အပ်ငွေကို စာရင်းရှိရာဘဏ်အပြင် အခြားဘဏ်ခွဲမှလည်း ထုတ်ယူနိုင်ရန် မြန်မာ့စီးပွားရေးဘဏ်က စတင်ဆောင်ရွက်

**နေပြည်တော် မတ် ၂၅**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်သည် ပြည်သူကို ဗဟိုပြုသည့် ဝန်ဆောင်မှုလုပ်ငန်းစနစ်နှင့်အညီ ပြည်သူအများလွယ်ကူလျင်မြန်စွာ ငွေသွင်းငွေထုတ်ပြုလုပ်နိုင်ရေး၊ လွှဲပို့ငွေထုတ်ယူနိုင်ရေးတို့အတွက် လုပ်ငန်းစနစ်များ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

ယခင်က မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစုသူများအနေဖြင့် မိမိစာရင်းဖွင့်ထားရာဘဏ်တွင်သာ ငွေထုတ်ယူနိုင်သည်။ ယခုအခါ ပြည်သူများ၏ဆန္ဒအရ မြန်မာ့စီးပွားရေးဘဏ်သည် ဘဏ်ခွဲတစ်ခုရှိ ငွေစုဘဏ်စာရင်းမှငွေကို အခြားဘဏ်ခွဲတစ်ခုမှ ထုတ်ယူခွင့်ပြုလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

ယင်းအစီအစဉ်အရ မတ် ၁၈ ရက်မှစ၍ နေပြည်တော်ဘဏ်ခွဲ၊ ရန်ကုန်မြို့ရှိ ငွေစုဘဏ်လုပ်ငန်းဆောင်ရွက်သော ဘဏ်ခွဲများ၊ နယ်မြို့များရှိ ခရိုင်ဘဏ်ခွဲများ စုစုပေါင်း ၆၈ ဘဏ်တွင် ဘဏ်ခွဲတစ်ခု၏ ငွေစုဘဏ်စာရင်းမှငွေကို အခြားဘဏ်ခွဲတစ်ခုမှ ထုတ်ယူနိုင်ပြီဖြစ်သည်။ မြို့နယ်ဘဏ်ခွဲများတွင်လည်း ဆက်လက်တိုးချဲ့ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ခရီးသွားလာခိုက် ငွေလိုအပ်ပါက ရောက်ရှိရာမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ ဆက်သွယ်၍ငွေစုဘဏ်စုငွေကို လွယ်ကူလျင်မြန်စွာ ထုတ်ယူနိုင်သဖြင့် ပြည်သူအများ နှစ်သက်ကျေနပ်လျက်ရှိကြောင်း သိရှိရသည်။ **(ကြေးမုံ)**

❒ **နေပြည်တော် ဖိတ်ခေါ်လက်သိုင်းမှ**

၆၀-၆၅ ကီလိုတန်းတွင် အင်ဒိုနီးရှားမှ ပီပီယက်ကာမီလာက မြန်မာ(က)အသင်းမှ ဟေမာဦးကို ဒိုင်ငါးဦးအနိုင် ၅း၀ ဖြင့် အနိုင်ရဗိုလ်စွဲသည်။ ၅၅-၆၀ ကီလိုတန်းတွင် မြန်မာ(က)အသင်းမှ ကြည်ကြည်ညွန့်က မလေးရှားမှ ဆီတီဟူမိုင်ရာဟ်ကို ဒိုင်လေးဦးတစ်ဦးအနိုင် ၄း၁ ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ၅၀-၅၅ ကီလိုတန်းတွင် အင်ဒိုနီးရှားမှ ဝန်နီဆာစမစ်တာက မလေးရှားမှ နော်ဖာရာဟာနာကို ဒိုင်ငါးဦးအနိုင် ၅း၀ ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

၄၅-၅၀ ကီလိုတန်းတွင် အင်ဒိုနီးရှားမှ ဒေဝီဟူဂျက်ဝူလန်ဒါရီက ထိုင်းမှ မွန်ယာနုချ်နာခါကာကို ဒိုင်ငါးဦးအနိုင် ၅း၀ ဖြင့် အနိုင်ရဗိုလ်စွဲသည်။

၇၅-၈၀ ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသွားသည့် ဇေမျိုးဝင်းကို တွေ့ရစဉ်။

ယနေ့ကျင်းပသော အမျိုးသမီးအတိုက်ပြိုင်ပွဲများတွင် ဝိတ်တန်းခြောက်တန်း ကျင်းပခဲ့ရာ အင်ဒိုနီးရှားအသင်းသည် ဝိတ်တန်းလေးတန်း ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီး လေတန်းစလုံးတွင် အနိုင်ရဗိုလ်စွဲကာ ရွှေတံဆိပ်လေးခု ဆွတ်ခူးရရှိသွားသည်။ ဝိတ်တန်းသုံးတန်းဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သော မလေးရှားအသင်းမှာ တစ်ဦးဗိုလ်စွဲပြီး ရွှေတံဆိပ်တစ်ခု ရရှိသည်။ မြန်မာ(က)အသင်းသည် ဝိတ်တန်းလေးတန်းဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီး ၅၅-၆၀ ကီလိုတန်းတွင် ကြည်ကြည်ညွန့်တစ်ဦးသာ ဗိုလ်စွဲပြီး ရွှေတံဆိပ်ရရှိခဲ့သည်။ ၄၅-၅၀ ကီလိုတန်းဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သော ထိုင်းအသင်းမှာ ငွေတံဆိပ်တစ်ခုဖြင့်သာ ကျေနပ်ခဲ့ရသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် အမျိုးသားအတိုက်ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ၉၀-၉၅ ကီလိုတန်းတွင် မလေးရှားမှ အက်ဘ်ဒူလာအဇ်ရူလ်က မြန်မာ(က)အသင်းမှ တင့်ဟန်ကို ဒိုင်ငါးဦးအနိုင် ၅း၀ ဖြင့် အနိုင်ရဗိုလ်စွဲသည်။ ၈၀-၈၅ ကီလိုတန်းတွင် မြန်မာ(က)အသင်းမှ ရဲသီဟက မလေးရှားမှ ဖိုင်ဇယ်လ် အက်ဘ်ဒူလာကို ဒိုင်သုံးဦး နှစ်ဦးအနိုင် ၃း၂ ဖြင့် အနိုင်ရဗိုလ်စွဲသည်။ ၇၅-၈၀ ကီလိုတန်းတွင် မြန်မာ(က) အသင်းမှ ဇေမျိုးဝင်းက အင်ဒိုနီးရှားမှ အယ်လ်မက်ဆီရီဂါးကို ဒိုင်ငါးဦးအနိုင် ၅း၀ ဖြင့် အနိုင်ရဗိုလ်စွဲသည်။ ၇၀-၇၅ ကီလိုတန်းတွင် အင်ဒိုနီးရှားမှ အာဖရိယန်ဆာယာ့က မလေးရှားမှ မိုဟာမက်ဖူဇီကို ဒိုင်လေးဦးအနိုင် တစ်ဦးသရေ ၄း၁ ဖြင့်အနိုင်ရဗိုလ်စွဲသည်။

၆၅-၇၀ ကီလိုတန်းတွင် မလေးရှားမှ အယ်လ်ဂျက်ဖရီ လာရောက်ယှဉ်ပြိုင်ခြင်းမပြုသဖြင့် အင်ဒိုနီးရှားမှ ဆပ်တိုပေါ်နိုမိုက အနိုင်ရဗိုလ်စွဲသည်။ ၅၅-၆၀ ကီလိုတန်းတွင် မြန်မာ(က) အသင်းမှ ရဲကျော်သူက အင်ဒိုနီးရှားမှ ဟာမွတ်ဒင်ကို ဒိုင်သုံးဦးနှစ်ဦး အနိုင် ၃း၂ ဖြင့် အနိုင်ရဗိုလ်စွဲသည်။ ၅၀-၅၅ ကီလိုတန်းတွင် မြန်မာ(ခ)အသင်းမှ စံထူးက မြန်မာ(က)အသင်းမှ နိုင်လင်းကို ဒိုင်သုံးဦးနှစ်ဦးအနိုင် ၃း၂ ဖြင့်အနိုင်ရဗိုလ်စွဲသည်။ ၄၅-၅၀ ကီလိုတန်းတွင် မြန်မာ(ခ)အသင်းမှ ဇေယျာက မြန်မာ(က)အသင်းမှ အေးဝင်းလှိုင်ကို အနိုင်ရဗိုလ်စွဲသည်။ ယခုပွဲတွင် ပထမအချီမပြည့်မီမှာပင် အေးဝင်းလှိုင်ထိခိုက်သွား၍ ဆေးအဖွဲ့က ဆက်လက်ကစားခွင့်မပြုသောကြောင့် ဇေယျာအနိုင်ရသွားခြင်းဖြစ်သည်။

အမျိုးသားအတိုက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ဝိတ်တန်း ရှစ်တန်းသို့ မြန်မာအသင်းက ခြောက်တန်း ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ရာ ရွှေတံဆိပ် ငါးခု ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ပြီး အင်ဒိုနီးရှားနှင့် မလေးရှားအသင်းတို့မှာ ဝိတ်တန်း လေးတန်းဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ရာ အင်ဒိုနီးရှားက ရွှေတံဆိပ် နှစ်ခု၊ မလေးရှားက ရွှေတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သည်။

အတိုက်ပြိုင်ပွဲများ အပြီးတွင် မြန်မာ(က)၊ (ခ)နှစ်သင်းသည် အမျိုးသား အမျိုးသမီးပေါင်း ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် ခြောက်ခုရရှိထားပြီး အင်ဒိုနီးရှားအသင်းသည် ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် နှစ်ခု၊ မလေးရှားအသင်းသည် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် ငါးခုနှင့် ထိုင်းအသင်းက ငွေတံဆိပ် တစ်ခု အသီးသီးရရှိထားသည်။

✻ **ကျောဖုံးမှ**

ဤကဲ့သို့ ဆိုလာစနစ်ဖြင့် နေရောင်ခြည်စွမ်းအင်ကို ရယူကာ ရေစုပ်တင်ပြုလုပ်ရာ လုပ်ငန်းစမ်းသပ်အောင်မြင်သည်ဖြစ်၍ နွေရာသီတွင် ရေခန်းခြောက်နေသော ရန်ပယ်ချောင်းတစ်လျှောက်ရှိ ရေကန်များသို့ ရေပေးခြင်းအားဖြင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်မှုကို အထောက်အကူပြုနိုင်ခြင်း၊ နွေစပါး၊မိုးစပါးစိုက်ပျိုးနိုင်ခြင်း၊ ကျေးလက်ပြည်သူများ သောက်သုံးရေရရှိပြီး ကျွဲ၊ နွား၊ ဆိတ်၊ သိုးများအတွက်ပါ သောက်သုံးရေ ရရှိနိုင်ပြီဖြစ်၍ ရန်ပယ်ချောင်းဘေးရှိ ဒေသခံများမှာ အထူးဝမ်းသာ ပျော်ရွှင်နေကြသည်။ ဤကဲ့သို့ မြန်မာနိုင်ငံတွင် ပထမဆုံးနေစွမ်းအင် ဆိုလာစနစ်ဖြင့် ရေတင်ခြင်းလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် ဝမ်းသာဂုဏ်ယူစွာဖြင့် ရေးသားတင်ပြလိုက်ပါသည်။ ။

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၂၆**

၂၀၁၃ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဒီပူမိုနီ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံဆိုင်ရာ အိုမန်နိုင်ငံ သံအမတ်ကြီးခန့်

**နေပြည်တော် မတ် ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိုမန်နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာဂျာနက် အယ်လ်ဆေယစ် ဖာခရီ ဘင် မိုဟာမက် ဘင်ဆအိဒ် အယ်လ် ဆအိဒ် အားခန့်အပ်ရန် အိုမန်နိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ဂျာနက် အယ်လ်ဆေယစ် ဖာခရီ ဘင် မိုဟာမက် ဘင်ဆအိဒ် အယ်လ် ဆအိဒ်သည် ၁-၁-၁၉၅၂ ရက်တွင် ဇန်ဇီဘာမြို့၌ မွေးဖွားခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် အမေရိကန်တက္ကသိုလ်မှ စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံဘွဲ့ ရရှိခဲ့သည်။

၎င်းသည် ၁၉၈၃ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဥရောပဌာန၌ ဒုတိယအတွင်းဝန်နှင့် ၁၉၈၇ ခုနှစ်တွင် တိုကျိုမြို့ အိုမန်သံရုံး သံရုံးယာယီတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် အာရှရေးရာဦးစီးဌာနရှိ ပစိဖိတ်ဒေသဌာနတွင် ဌာနအကြီးအကဲ၊ ၁၉၉၇ ခုနှစ်တွင် ဘာလင်မြို့ အိုမန်သံရုံး သံရုံးယာယီတာဝန်ခံ၊ ၂၀၀၃ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံ အိုမန်သံရုံး သံရုံးယာယီတာဝန်ခံနှင့် ၂၀၀၇ ခုနှစ်တွင် ဗီယင်နာမြို့ အိုမန်သံရုံး ဒုတိယအကြီးအကဲရာထူးတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၂၀၀၈ ခုနှစ်မှ ယနေ့အထိ ဘရူနိုင်းနိုင်ငံဆိုင်ရာ အိုမန်နိုင်ငံသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကာ အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးလေးဦးရှိသည်။

မစ္စတာ ဂျာနက် အယ်လ်ဆေယစ် ဖာခရီ ဘင် မိုဟာမက် ဘင်ဆအိဒ် အယ်လ် ဆအိဒ် သည် ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့တွင်ရုံးစိုက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိုမန်နိုင်ငံ၏အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သန်လျင်၌ ကျေးလက်ဖွံ့ဖြိုးရေးတံတားဖွင့်

**သန်လျင် မတ် ၂၅**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဝင်းခနီးကျေးရွာနှင့် ဖားကူးကျေးရွာ လမ်းပေါ်ရှိကျေးလက်ဖွံ့ဖြိုးရေး မနောမယဘိုးပိုင်သံမဏိသံပေါင်ယက်မသံကူကွန်ကရစ်တံတားဖွင့်ပွဲကို မတ် ၂၂ ရက်က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးကျော်လင်းသန်း၊ ဝင်းခနီးဆရာတော် ဦးနန္ဒောဘာသနှင့် ရပ်မိ/ရပ်ဖတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ တံတားဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ကျေးရွာများ၏ ဒေသထွက်ကုန်ပစ္စည်းများ သန်လျင်မြို့ပေါ်သို့ အချိန်တိုအတွင်း ဖြန့်ဖြူး၊ သွားလာနိုင်ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

စာပေမြင့်မှ လူမျိုးတင့်မည်

# စည်းကမ်းနဲ့ အဆင့်အတန်း

မနော်ဖြူလေး

ကျွန်မတို့ မြန်မာပြည်သူပြည်သားတွေ စည်းကမ်းနဲ့ ပတ်သက်ပြီး မကြာခဏဆိုသလို တွေ့မြင်မိတော့ စည်းကမ်းဆိုတဲ့ဆောင်းပါးလေး ရေးဖြစ်မိပါတယ်။ ကျွန်မအနေနဲ့ နိစ္စဓူဝတွေ့နေရတဲ့ လိုင်းကားပေါ်က မြင်ကွင်းတွေ၊ လမ်းပေါ်က မြင်ကွင်းတွေ၊ အမှိုက်ပစ်တဲ့ နေရာတွေမှာတွေ့ရတဲ့ မြင်ကွင်းတွေစတဲ့နေရာတွေမှာ ကျွန်မတို့ နိုင်ငံသားတွေရဲ့ စည်းကမ်းပိုင်းနဲ့ပတ်သက်ပြီး အားနည်းတဲ့ အချက်လေးတွေကို ပြုပြင်စေချင်မိပါတယ်။ နိုင်ငံတစ်နိုင်ငံတိုးတက်ဖွံ့ဖြိုးဖို့၊ လူမျိုးစုတစ်စု တိုးတက်ဖွံ့ဖြိုးဖို့အတွက် စည်းကမ်းဆိုတာ အဓိကကျတယ်ဆိုတာကို ကျွန်မအနေနဲ့ လက်ခံထားပါတယ်။

ပထမဆွေးနွေးချင်တဲ့ အကြောင်းအရာကတော့ အမျိုးသားတွေမှာ အများဆုံး နေ့စဉ်ပုံမှန်ဆိုသလို လုပ်မိကြတဲ့ကားပေါ်ကနေ ကွမ်းတံတွေး ထွေးတဲ့ကိစ္စလေးပါပဲ။ ကျွန်မတို့မြန်မာလူမျိုးတွေဟာ ရှေးဘုရင်ခေတ်တွေထဲက ကွမ်းစားတဲ့ အလေ့အထရှိခဲ့ကြရာက ယနေ့ခေတ်အထိ မြန်မာနိုင်ငံမှာ ကွမ်းစားတဲ့အလေ့အကျင့်ရှိနေခဲ့ပါတယ်။ ဒါပေမယ့် အရင်ဘုရင်လက်ထက် ကတည်းက နန်းတော်တိုင်တွေမှာ ထုံးတို့တာမြင်လို့ လက်ဖြတ်ခံရတာတွေလည်း သမိုင်းအထောက်အထား အရ ဖတ်မှတ်ခဲ့ဖူးပါတယ်။ ကွမ်းစားတာဟာ အပြစ်တစ်ခု မဟုတ်ပေမယ့် ကျန်းမာရေးရှုထောင့်က ကြည့်မယ်ဆိုရင်တော့ နောက်ဆက်တွဲ အကျိုးဆက်တွေက မကောင်းပါဘူး။ ကွမ်းစားရာကနေ ပထမဆုံးသွားတွေမှာ ကွမ်းချိုးတွေကပ်ပြီး မည်းလာရာကနေ နောက်ဆုံး သွားဖုံးကင်ဆာတို့၊ လည်ပင်းကင်ဆာအထိ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် လူတစ်ကိုယ် အကြိုက်တစ်မျိုးဆိုသလို ကျွန်မအနေနဲ့ကတော့ ဘာမှ မပြောလိုပါဘူး။ သွားပြောလို့လည်း မဖြစ်ဘူးလေ၊ ကိုယ့်ပါးစပ်နဲ့ကိုယ်စားတာ ဘာဖြစ်လဲဆိုပြီး အပြောခံရမှာပေ့ါ။

မှန်ပါတယ်။ ကိုယ့်ပါးစပ်နဲ့ကိုယ်စားတာ ဘာမှ ပြောလို့မရပါဘူး။ ဒါပေမယ့် ကိုယ့်ပါးစပ်နဲ့ ကိုယ်စားပြီးတော့ ပတ်ဝန်းကျင်ကိုတော့ မထိခိုက်စေချင်တာ အမှန်ပါပဲ။ ပြီးတော့ ကွမ်းတံတွေးတပျစ်ပျစ်နဲ့ လျှောက်ထွေးနေတာဟာ နိုင်ငံခြားသားတွေမြင်ရင် နိုင်ငံနဲ့ လူမျိုးကိုပါ အထင်သေးစေနိုင်ပါတယ်။ အဓိကကတော့ လိုင်းကားပေါ်ကနေ ကွမ်းတံတွေး စည်းမဲ့ကမ်းမဲ့ထွေးတာပါပဲ။ ကျွန်မတစ်နေ့ကြုံရတာလေးကတော့ နံနက်စောစော လူတိုင်းကိုယ်စီ ရေမိုးချိုးပြီး သန့်သန့်ပြန့်ပြန့်နဲ့ နံနက်ခင်းအလုပ်သွားကြတာ လူတိုင်းသိကြမယ် ထင်ပါတယ်နော်။ ကျွန်မစီးလာတဲ့လိုင်းကားက မနက်ပိုင်း ရုံးသွားချိန်ဆိုတော့ လိုင်းကားတွေရဲ့ ထုံးစံအတိုင်း ကျပ်ညပ်နေတာပေ့ါ။ ကျွန်မလည်းထိုင်ခုံမရတော့ မတ်တတ်ရပ်လိုက်လာတာ ကျွန်မရှေ့မှာ ထိုင်နေတဲ့ သုံးယောက်ခုံတန်း နောက်ခုံကလူက ကွမ်းစားနေရင်းနဲ့ သီးသွားလို့ ဟပ်ချိုးဆိုပြီး လုပ်လည်းလုပ်လိုက်ရော ရှေ့သုံးယောက်ခုံကလူတွေကို စဉ်သွားတော့တာပါပဲ။ ကျွန်မလည်း ကြည့်မိတော့ဟိုဘက်အစွန်က ဦးလေးကြီးက အဖြူရောင်အင်္ကျီလက်ရှည်နဲ့၊ ဘေးက လူကလည်း မိုးပြာရောင်အင်္ကျီနောက်ကျောတွေကို ကွမ်းတွေ အကုန်စဉ်သွားပါလေရော။ မတ်တတ်ရပ်တဲ့သူတွေကော၊ နောက်မှာ ထိုင်တဲ့သူတွေကော ဟာခနဲ ဟင်ခနဲ အကုန်ဖြစ်ကုန်ကြတယ်။ အင်္ကျီနောက်ကျောဘက်တွေ အကုန်ပေသွားတာ၊ မိန်းကလေးသာဆိုရင် အလုပ်ဆက်သွားလို့ ရမှာမဟုတ်ဘဲ လမ်းမှာတင် အရှက်ကွဲသွားမှာ အမှန်ပဲဖြစ်ပါတယ်။ ကွမ်းစားတဲ့လူကတော့ သူ့လက်နဲ့ ကျောတွေကို လိုက်သပ်ပေးနေပါတယ်။ သုတ်စရာလည်းမပါဘဲ လက်နဲ့ လိုက်ပွတ်နေတော့ ပေပြီးရင်းပေကုန်တာ အတော်မြင်မကောင်းလှပါဘူး။ ကွမ်းစားတဲ့သူက တောင်းပန်တော့ ပေနေတဲ့ သူတွေက ဘာမှမပြောရှာပါဘူး။ နည်းနည်းလေးပဲ ပေတယ်လို့ ထင်မြင်လို့လည်း ဖြစ်မယ်ထင်ပါတယ်။ ကျွန်မတောင် ငါ ထိုင်ခုံမရတာ အတော်ကံကောင်း ပါလားလို့ တွေးမိလိုက်ပါတယ်။ နောက်အချို့ တိုက်ခန်းတွေရဲ့ လှေကားအတက်အဆင်းထောင့်တွေမှာ ကွမ်းတံတွေးတွေနဲ့ပေနေပြီး အရုပ်ဆိုးအကျည်းတန်စေတာပါပဲ။ ကျွန်မဆိုလိုတာက ကွမ်းစားတာက လူတစ်ယောက်ရဲ့ နိစ္စဓူဝအကျင့်ဆိုတော့ ရုတ်တရက်ကြီး ပြုပြင်ပြောင်းလဲဖို့ဆိုတာ မလွယ်ပါဘူး။ ဒါပေမယ့် ကွမ်းတံတွေး ထွေးတဲ့နေရာမှာတော့ စည်းကမ်းလေး ရှိစေချင်တာပါ။ ကိုယ်ကိုယ်တိုင်က ကွမ်းစားတတ်တယ်ဆိုရင် ကားပေါ်ရောက်တဲ့အချိန်ခဏလေးမှာတောင် ကွမ်း မစားရရင် မနေနိုင်ဘူးဆိုရင်လည်း ပလတ်စတစ်အိတ်လေးတော့ ဆောင်ထားသင့်ပါတယ်။ ကားပေါ်ကနေ စည်းမဲ့ကမ်းမဲ့ထွေးတာမျိုးတော့ မလုပ်သင့်ပါဘူး။ နောက်တစ်ခါ ကိုယ်ထွေးထားတဲ့ ကွမ်းတံတွေးထုပ်ကိုလည်း ကားပေါ်ကနေ ပစ်ချတာမျိုးမလုပ်သင့်ပါဘူး။ ကိုယ်ထွေးထားတဲ့ အထုပ်ကို ကားပေါ်ကဆင်းမှ သေသေချာချာချည် နှောင်ပြီး နီးစပ်ရာအမှိုက်ပုံးမှာ စွန့်ပစ်သင့်ပါတယ်။ နောက်ရှိ သေးတယ်။ ကားကထွက်နေပြီ၊ ဘေးလူကို ဘာမပြော ညာမပြောနဲ့ ပြတင်းပေါက်နားက လူရှေ့မှာ ကုန်းပြီး ကွမ်းတံတွေး လှမ်းထွေးတဲ့သူတွေလည်း တွေ့ဖူးပါရဲ့၊ ပိုဆိုးတာက ကားမောင်းချိန်ဆိုတော့ ရှေ့ပြတင်းပေါက်က ထွေးလိုက်တဲ့ ကွမ်းတံတွေးက နောက်ပြတင်းပေါက်နားမှာ ထိုင်တဲ့သူကို အကုန်စဉ်သွားတာလည်းကြုံဖူးပါတယ်။ ဒီလိုတွေကို ဆင်ခြင်သင့်တယ်လို့ ကျွန်မမြင်မိပါတယ်။ ဒါမှလည်း ကျွန်မတို့နိုင်ငံကလမ်းတွေ သန့်ရှင်းအောင် လုပ်တဲ့နေရာမှာ တစ်ထောင့်တစ်နေရာက ပါဝင်ကူညီနိုင်မှာပေ့ါ။

နောက်တစ်ချက်က လူထူထပ်တဲ့နေရာမှာ ဆေးလိပ်သောက်တဲ့ကိစ္စပါပဲ။ ဆေးလိပ်ကိုလည်း ကွမ်းစားသလိုမျိုး အပြစ်မပြောချင်ပါဘူး။ ဒါပေမယ့် လူထူထပ်တဲ့ နေရာမျိုးမှာတော့ မသောက်သင့်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဆေးလိပ်ရဲ့အငွေ့ဟာ ဘေးလူကိုလည်း ကျန်းမာရေး အနည်းနဲ့အများ ထိခိုက်စေနိုင်လို့ပါ။ ကိုယ့်ရဲ့ဆေးလိပ်ငွေ့ကြောင့် ဘေးလူကို ဘယ်သူမှ ရောဂါရစေချင်မှာ မဟုတ်ပါဘူး။ လူထူထပ်တဲ့နေရာမျိုး ရောက်လို့ ဆေးလိပ်သောက်ချင်တယ်ဆိုလည်း လူရှင်းတဲ့ နေရာမျိုးကို သွားပြီး သောက်သင့်ပါတယ်။ နောက်တစ်ခါ ကိုယ်သောက်တဲ့ ဆေးလိပ်တိုကိုလည်း လွှင့်ပစ်မယ်ဆိုရင် အသေအချာ မီးငြိမ်းသတ်ပြီးမှ လွှင့်ပစ်သင့်ပါတယ်။ မဟုတ်ရင် ကိုယ့်ပတ်ဝန်းကျင်ကလူတွေ တက်နင်းမိပြီး အပူလောင်နိုင်ပါတယ်။ နောက်ဆုံးမီးဘေးအန္တရာယ်ကိုပါ ကြိုတင်ကာကွယ်နိုင်ပါတယ်။ စင်ကာပူနိုင်ငံမှာဆိုရင် ဆေးလိပ်တိုကို လမ်းပေါ်မှာတောင် ပစ်ချလို့မရပါဘူး။ ဒဏ်ရိုက်ခံရပါတယ်။ အဲဒီမှာတင် သူများနိုင်ငံတွေ ဘာကြောင့်တိုးတက်နေသလဲ။ ကျွန်မတို့နိုင်ငံ ဘာကြောင့်ကျန်ရစ်ခဲ့သလဲဆိုတာ ကျွန်မအမြင်နဲ့ ပြောရရင် စည်းကမ်းပိုင်းနဲ့လည်း တစ်စိတ်တစ်ဒေသတော့ ပတ်သက်နေမှာပါ။

နောက်တစ်ခုကတော့ ကားပေါ်ကနေစည်းကမ်းမဲ့ အမှိုက်ပစ်ချခြင်းကို အနည်းနဲ့အများ တွေ့ရှိနေရခြင်းပါပဲ။ အာရှနိုင်ငံတစ်ခုဖြစ်တဲ့ မလေးရှားနိုင်ငံမှာ ငါးနှစ်လောက် နေထိုင်ခဲ့ဖူးတဲ့သူတစ်ဦး ပြောတာကတော့ သူတို့နိုင်ငံမှာ ကားပေါ်ကနေစည်းကမ်းမဲ့ အမှိုက်ပစ်ချတာဟာ ရှက်စရာ လုပ်ရပ်လို့ မှတ်ယူထားကြပါတယ်တဲ့။ စည်းကမ်းမရှိတဲ့ လူတစ်ယောက်ဟာ ကားပေါ်ကနေ စည်းကမ်းမဲ့ အမှိုက် ပစ်ချမိရင် အဲဒီလူကို အထင်သေးတဲ့ မျက်လုံးတွေနဲ့ ဝိုင်းပြီး ကြည့်ကြပါတယ်။ သူတို့ဆီက ဘတ်စ်ကားတွေပေါ်မှာ အစားအသောက်ယူဆောင်ခွင့် မပြုပါဘူးတဲ့။ နောက်ပစ္စည်း ဝယ်တဲ့နေရာ၊ လက်မှတ်ဝယ်တဲ့နေရာ၊ အစားအသောက် ဝယ်တဲ့နေရာတွေမှာလည်း လူတွေများလာပြီဆိုရင် ဘယ်သူ တစ်ဦးတစ်ယောက်မှ ပြောစရာမလိုဘဲ ကိုယ့်အသိ စိတ်ဓာတ်နဲ့ တန်းစီကြပါတယ်။ တန်းစီတဲ့နေရာမှာလည်း အရင်ရောက်တဲ့လူက ရှေ့ကနေ တန်းစီကြပါတယ်။ ကြားဖြတ်ဝင်တာတို့၊ အလုအယက်တိုးတာတို့ဆိုတာဟာ သူတို့နိုင်ငံသားတွေအနေနဲ့ နိုင်ငံကြီးသားမပီသတဲ့ လုပ်ရပ်၊ ရှက်စရာလုပ်ရပ်အဖြစ် မှတ်ယူထားကြကြောင်း ပြောပြပါတယ်။

နောက်တစ်ခုကတော့ ကျွန်မဘတ်စ်ကားပေါ်မှာ ကြုံတွေ့ရတဲ့ ကိုယ်တွေ့အဖြစ်အပျက်လေးတစ်ခုပါ။ အဲဒီနေ့က ဘတ်စ်ကားပေါ်က သုံးယောက်ထိုင်တဲ့ခုံမှာ လိုက်ပါလာပါတယ်။ အဲဒီအချိန်မှာ ကျွန်မရဲ့ဘေးမှာထိုင်နေတဲ့ အမျိုးသားတစ်ယောက်ရဲ့ဘေးကို လူတစ်ယောက် ဝင်ထိုင်ပါတယ်။ သူထိုင်တဲ့ပုံက ဘေးမှာ လူတွေရှိတယ်၊ မရှိတယ် ဆိုတာလည်း ဂရုမစိုက်ပါဘူး။ သူတစ်ယောက်တည်း ကိုယ်ပိုင်ကားပေါ်မှာ ဇိမ်ခံပြီးလိုက်ပါလာသလို ခြေထောက် တစ်ချောင်းပေါ်တစ်ချောင်းချိတ်ပြီး ဒူးနှန့်ပြီး ပါလာပါတယ်။ သူ့အနေနဲ့ကတော့ ဘယ်လိုခံစားရမှန်းမသိပေမယ့် ဘေးလူဖြစ်တဲ့ ကျွန်မဘေးက လူကတော့ တော်တော်လေးကို စိတ်ကသိကအောက်ဖြစ်နေတာကို တွေ့နေရပါတယ်။ သူ့ခြေထောက်တွေက ဘေးကလူရဲ့ ပေါင်ပေါ်အထိ ရောက်လာပြီး ဒူးနှန့်နေတော့ စာဖတ် သူတို့အနေနဲ့ ဘယ်လိုပုံစံဖြစ်နေမယ်ဆိုတာ ခံစား ကြည့်လို့ ရပါတယ်နော်။

သူ့ဘေးနေရာမှာ မိန်းကလေးတစ်ယောက်သာ ဆိုရင် အဲဒီမိန်းကလေးဘယ်လိုခံစားရမလဲ။ နှမချင်း မစာနာတဲ့သူတွေကတော့ မိန်းကလေးဖြစ်နေလည်း အဲဒီလို အပြုအမူမျိုးလုပ်မှာပါပဲ။ ဒီလိုအဖြစ်မျိုးကျတော့ စည်းကမ်းပိုင်းဆိုတာထက် လူတစ်ယောက်ရဲ့အဆင့် အတန်းဆိုတာနဲ့ သက်ဆိုင်ပါတယ်။ အဆင့်အတန်း ဆိုတာက ငွေကြေးပြည့်စုံတာ မပြည့်စုံတာနဲ့ မဆိုင်ပါဘူး။ လူတစ်ယောက်ရဲ့ အသိပညာ ပြည့်စုံမှု၊ စာရိတ္တပိုင်းဆိုင်ရာ ပြည့်စုံမှုတို့အပြင် ကိုယ်ချင်းစာတရားထားရှိမှုဆိုတာ တွေနဲ့ အကျုံးဝင်ပါတယ်။

နောက်တစ်ခုက လမ်းဘေးမှာ တချို့အမျိုးသားတွေ အပေ့ါသွားတဲ့ ကိစ္စပါပဲ။ ယခင်လို နိုင်ငံတော်က လမ်းဘေးသန့်စင်ခန်းတွေ မထားပေးဘူးဆိုရင်တော့ တစ်မျိုးပေ့ါလေ။ အခုခေတ်မှာ လမ်းဘေးသန့်စင်ခန်းတွေ နေရာတိုင်းမှာရှိပါတယ်။ အခကြေးငွေအနေနဲ့လည်း ကျပ် ၁၀၀ ဆိုတာဟာ လူတိုင်းပေးနိုင်တဲ့ ငွေကြေးပါ။ အဲဒီလို လုပ်ပေးထားတဲ့ကြားကနေ လမ်းဘေးထိုင်ပြီး အပေ့ါသွားနေတာတွေက မြင်ရသူ အမျိုးသမီးတွေအနေနဲ့လည်း မသင့်တော်ပါဘူး။ သဘောကတော့ ယိုသူမရှက် မြင်သူရှက်ဆိုသလို ဖြစ်နေတာကို တွေ့နေရပါတယ်။ နောက်နိုင်ငံကြီးသားပီသတဲ့သူတစ်ယောက်အနေနဲ့လည်း မလုပ်သင့်တဲ့ အလုပ်တစ်ခုပါ။ ဒီလိုသေးသေးမွှားမွှား တွေကအစ စည်းကမ်းမရှိဘူးဆိုရင်တော့ ဒီလူတွေရဲ့ အဆင့်အတန်းဆိုတာတွေက ဘယ်လိုထည့်တွက် ပြောကြမလဲဆိုတာ စဉ်းစားစရာဖြစ်လို့နေပါတယ်။

အချုပ်အားဖြင့် ပြောရရင် ကျွန်မတို့မြန်မာ နိုင်ငံသားတွေ စည်းကမ်းဆိုတာနဲ့ပတ်သက်ပြီး ပြုပြင်ရမှာတွေ အများကြီးပါ။ ပြောတော့သာ ဒီမိုကရေစီ လိုချင်နေကြတယ်။ ဒါလေးတွေကအစ မပြုပြင်ရင်တော့ ဘာမှဖြစ်လာမှာ မဟုတ်ပါဘူး။ ဒီမိုကရေစီစနစ်ကျင့်သုံး နေကြတဲ့ နိုင်ငံသူနိုင်ငံသားတိုင်း စည်းကမ်းဆိုတာကို လေးစားလိုက်နာမှ နောင်အနာဂတ်မြန်မာနိုင်ငံ ဖွံ့ဖြိုး တိုးတက်လာမှာပါ။ သူကျတော့ စည်းကမ်းမဲ့လုပ်တယ်။ ငါလည်း လိုက်လုပ်မယ်ဆိုတဲ့ စိတ်မျိုးမွေးမြူမယ့်အစား စည်းကမ်းမဲ့သူရဲ့ရှေ့မှာ စည်းကမ်းတကျ လိုက်နာ ကျင့်သုံးပြရင် နောက်ပိုင်းစည်းကမ်းမဲ့သူတွေလည်း တဖြည်းဖြည်းပပျောက်သွားမှာပါ။ ငါတို့နိုင်ငံဟာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေတယ်ဆိုပြီး ပါးစပ်ကပဲ ကျင့်သုံးနေရုံနဲ့တော့ ဘာမှမဖြစ်လာပါဘူး။ လက်တွေ့ စည်းကမ်းတကျ လိုက်နာကျင့်သုံးမှ အနာဂတ်မြန်မာ နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်လာမှာပါ။ ဒါကြောင့် လူတိုင်း ကိုယ်စီ စည်းကမ်းရှိဖို့လိုပြီဆိုတဲ့ အတွေးလေးတွေ ရှိသင့်နေပါပြီ။ အိမ်မှာလည်း အိမ်စည်းကမ်း၊ လမ်းမှာ လည်း လမ်းစည်းကမ်း၊ အလုပ်မှာလည်း အလုပ်စည်းကမ်း လိုက်နာကျင့်သုံးကြမယ်ဆိုရင် မြန်မာနိုင်ငံတော်ကြီး အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမှာ အမှန်ပဲဖြစ်ပါတော့ တယ်ရှင်။ ။

## ရထားစီးပြည်သူများနှင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များအတွက် အဆင်ပြေ

**ရန်ကုန် မတ် ၂၅**

မြန်မာ့မီးရထားအနေဖြင့် နေ့စဉ် ရထားစီးခရီးသွားများ အဆင်ပြေစေရေးအတွက် ကာလကြာမြင့်ပြီ ဖြစ်သော သစ်သားဇလီဖားတုံး များအား ဖယ်ရှား၍ ခိုင်ခံ့သော ကွန်ကရစ်တုံးများဖြင့် အစားထိုး လဲလှယ်ပြုပြင်လျက်ရှိသည်။

အဆိုပါ အစားထိုးလဲလှယ်ပြုပြင်မှုများကို ရထားသံလမ်းများ တစ်လျှောက်နေရာအသီးသီးတွင် လုပ်ဆောင်နေကာ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းအနီးရှိ ဘုရားလမ်း ဘူတာအနီးတွင် မြေကြီးများတူးဖော်၍ သစ်သားဇလီဖားတုံးများအား ဖယ်ရှားရန် လုပ်သားအင်အားများဖြင့် စုပေါင်း ဆောင်ရွက်နေကြသည်ကို မတ် ၂၃ ရက်ကတွေ့ရသည်။

ယခုအခါ နိုင်ငံခြားသားခရီးသွား ဧည့်သည်များမှာ မြို့တွင်း မြို့ပြင် ရထားများအသုံးပြုလာကြပြီဖြစ်ရာ ယင်းကဲ့သို့သော လုပ်ဆောင်မှုများကြောင့် ခရီးသွားပြည်သူများနှင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ အတွက် စိတ်ချရပြီးကျေနပ်ဝမ်းသာ စရာပင်ဖြစ်သည်။ **(စိုးဝင်း-MLA)**

**သစ်သားဇလီဖားတုံးများအား ဖယ်ရှားရန် လုပ်သားအင်အားများဖြင့် စုပေါင်းဆောင်ရွက်နေကြစဉ်။**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၆-၃-၂၀၁၃ (အင်္ဂါနေ့)**

၇း၀၃ တရားတော်
၇း၁၅ ဓမ္မပူဇာတေး
၇း၂၉ မြန်မာ့ရှုခင်း
၇း၄၃ မြန်မာသံစဉ်ချိုနားဝင်
၇း၅၃ သာယာသီကြွေး ခေတ်ဆန်းတေး
၈း၁၀ ဇာတ်လမ်းတို
၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် ဒုတိယတွဲ (အပိုင်း-၈၉)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၀၅ အမျိုးသားရေးတေးကဗျာ
၆း၁၅ သီချင်းဝိုင်း
၆း၃၀ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်လွှမ်းမယ့်

တို့မနက်ဖြန် (အပိုင်း-၁၇)
-အမျိုးသားရေးတေးကဗျာ
-ဒို့တာဝန်အရေး(၃)ပါး
-နိုင်ငံတကာသတင်း
-မိုးလေဝသသတင်း
-ဟာသရုပ်စုံ
-မှတ်တမ်း
-ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
-(၆၈)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်း "ကြယ်စင်မော်ကွန်း" (ပထမပိုင်း)
-မြဝတီရုပ်မြင်သံကြားသတင်း
-Mini Series

# မိသားစုအလိုက် ထောက်ပံ့သည့်စနစ်ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိ

**အမေးအရေးနှင့်ဓာတ်ပုံ - ဌေးခိုင်**

မိတ္ထီလာမြို့နယ်အတွင်း ဆူပူလှုပ်ရှားမှုများဖြစ်ပေါ်ခဲ့ပြီး အရေးပေါ်ကာလသတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် ယနေ့အချိန်ကာလ၌ တည်ငြိမ်အေးချမ်းမှုများရရှိလာပြီဖြစ်သည်။ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာအောင် ကြိုးပမ်းဆောင်ရွက်မှု အခြေအနေများကို ပြည်သူများသိရှိနိုင်ရန်အတွက် တွေ့ဆုံမေးမြန်းတင်ပြလိုက်ပါသည်။

ဦးစွာလုံခြုံရေးကော်မတီဝင်၊ ပြန်ကြားရေးကော်မတီဥက္ကဋ္ဌဗိုလ်မှူးကြီး

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းဆွေ။**

အောင်ကျော်မိုး(မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး)အား တွေ့ဆုံ၍ မေးမြန်းခဲ့ရာ-

**မေး။ ။မိတ္ထီလာမြို့အတွင်း ဆူပူမှုဖြစ်ပေါ်ခဲ့ရာမှ ယခု တည်ငြိမ်မှုရရှိလာသည်ကို တွေ့ရှိရပါတယ်။ ဘယ်လို ပူးပေါင်းဆောင်ရွက်ခဲ့တယ်ဆိုတာ ရှင်းပြပေးပါခင်ဗျာ။**

ဖြေ။ ။မိတ္ထီလာမြို့အတွင်း မတ် ၂၀ ရက်က စတင်ပြီး ဖြစ်ပေါ်ခဲ့တဲ့ ဆူပူအကြမ်းဖက်မှု ဖြစ်ပေါ်လာရခြင်းကတော့ အရောင်းအဝယ်ကိစ္စတစ်ခုကနေ အုံကြွမှု ပြင်းထန်လာတဲ့အတွက် ပြည်သူ့အသက်အိုးအိမ် ကာကွယ်စောင့်ရှောက်ပေးဖို့အရေးပေါ်ကာလသတ်မှတ်ပြီး ဆောင်ရွက်ခဲ့ရာမှာ ယခုအခြေအနေအရပ်ရပ်ကို ထိန်းသိမ်းလာနိုင်ခဲ့ပါတယ်။

ဖြစ်စဉ်များတွင် ဒဏ်ရာရရှိသူများအား ကျန်းမာရေးစောင့်ရှောက်ပေးမှုများနှင့် ပတ်သက်၍ ဒေါက်တာအောင်ထွဏ်း(ညွှန်ကြားရေးမှူး ပြည်သူ့ကျန်းမာရေး၊ ကျန်းမာရေးဝန်ကြီးဌာန)နှင့် ဒေါက်တာမြင့်အေး (ဆေးရုံအုပ်ကြီး မိတ္ထီလာအထွေထွေရောဂါကုဆေးရုံကြီး)တို့အား မေးမြန်းခဲ့ရာ-

**မေး။ ။မိတ္ထီလာမြို့ဖြစ်စဉ်ကာလတစ်လျှောက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ရှင်းပြပေးပါခင်ဗျာ။**

ဖြေ။ ။အကြမ်းဖက်မှုဖြစ်စဉ်ကာလတစ်လျှောက်မှာ ဆေးရုံကို လူနာ ၃၀ ရောက်ရှိခဲ့ပါတယ်။ ဒီနေ့မှာတော့ လူနာ ၂၃ ဦးပဲ ကျန်ပါတော့တယ်။ ကျန်ရှိတဲ့ လူနာတွေဟာလည်း ဘာရောဂါမျိုးကြီးကြီးမားမားမရှိပါဘူး။ ဆေးရုံက ဆင်းချင်တယ်ဆိုရင် ခွင့်ပြုလို့ရပါပြီ။ အခုဆေးရုံမှာရှိတဲ့ လူနာတွေကို ကျန်းမာရေးဝန်ကြီးဌာနက ဆေးဝါးနဲ့ စားသောက်ရေးကို ပြည့်စုံအောင် ထောက်ပံ့ပေးထားပါတယ်။ နယ်လှည့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့တွေဖွဲ့ပြီး ဒုက္ခသည်စခန်းတွေမှာရှိတဲ့ လူနာတွေကို ဆေးကုသမှုများ ပြုလုပ်ပေးလျက်ရှိပါတယ်။ ကျန်းမာရေးအဖွဲ့က လူပေါင်း ၁၀၀၅ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ နောက်ကယ်ဆယ်ရေးစခန်းတွေမှာ ဝမ်းလျှော၊ ဝမ်းပျက်ဖြစ်တယ်ဆိုတာ လုံးဝမဟုတ်ပါဘူး။ သာမန်ကုသမှုတွေပဲ အခုချိန်ထိ ကုသပေးရပါတယ်။ နောက်တစ်ခုရှိသေးတယ်၊ အစားအသောက်တွေ ဝေငှကျွေးမွေးရာမှာ ပြည်သူတွေ၊ ဒုက္ခသည်တွေအစာမမှားစေဖို့ စနစ်တကျ ချက်ပြုတ်ကျွေးနေပါတယ်။ ပြင်ပမှလာရောက်ဝေငှတဲ့ပစ္စည်းတွေကိုလည်း စစ်ဆေးပြီးမှ ဖြန့်ဝေပေးခဲ့တဲ့အတွက် ဒီနေ့အထိ ဘာရောဂါမှမဖြစ်သေးပါဘူး။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကလည်း အင်အား ၄၀ နဲ့ လှည့်လည်ကျန်းမာရေးစောင့်ရှောက်မှုပေးနေပါတယ်။ ဆေးဝါးပစ္စည်းအပြည့်အစုံကိုတော့ ကျန်းမာရေးဝန်ကြီးဌာနက ပံ့ပိုးကူညီပေးထားပါတယ်။ ကယ်ဆယ်ရေးစခန်းတွေမှာ သန့်စင်ခန်းတွေကိုလည်း အမြဲစစ်ဆေးပြီး လိုအပ်တဲ့သန့်စင်ခန်းနဲ့ရေကိုလည်း စည်ပင်နဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးသွားမှာပါ။ ကျန်းမာရေးအတွက် ပါရဂူများ၊ ဒေါက်တာများနဲ့ ကျန်းမာရေးဝန်ထမ်းများ စုပေါင်းပြီး ကျန်းမာရေးယိုယွင်းမှုမဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်နေပါတယ်။

ယင်းနောက်ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းဆွေအား တွေ့ဆုံမေးမြန်းခဲ့ရာ-

**မေး။ ။မိတ္ထီလာမြို့မှာ ဖြစ်ပွားခဲ့တဲ့ အခြေအနေတွေအားလုံးဟာ တည်ငြိမ်နေပြီလို့ သိရပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဘယ်လိုဆောင်ရွက်ထားတယ်ဆိုတာ သိလိုပါတယ်ခင်ဗျာ။**

ဖြေ။ ။မိတ္ထီလာမြို့မှာ ဖြစ်ပွားခဲ့တဲ့ အခြေအနေတွေအားလုံးဟာ တည်ငြိမ်မှုရှိနေပါပြီ။ ကယ်ဆယ်ရေးတွေအနေနဲ့ အရေးပေါ်ကာလမှာ ဘေးဒုက္ခခံစားရသူအပေါင်းအား လုံခြုံတဲ့နေရာကို အရင်ပို့ဆောင်ပေးပါမယ်။ လုံခြုံတဲ့နေရာမှ အမိုးအကာအောက်ရောက်ဖို့ ဆောင်ရွက်ပေးခဲ့ရပါတယ်။ တစ်ဆက်တည်းမှာပဲ ဘေးသင့်ပြည်သူတွေအတွက် စားဖို့နဲ့ သောက်သုံးရေကို အဓိကဖြည့်ဆည်းပေးရပါတယ်။ အများစုက အဝတ်အစားတွေ တစ်ပါတည်းပါလာကြတဲ့အတွက် ဝတ်ရေးကိုခေတ္တဆိုင်းငံ့ထားလို့ ရနေသေးပါတယ်။ မွတ်စလင်လူမျိုးများအတွက် စခန်း ငါးခု ဖွင့်လှစ်ထားရှိပြီး ကောင်းမွန်တဲ့အဆောက်အအုံအောက်မှာ ဆန်၊ ဆီ၊ ဆား၊ ပဲနဲ့ ခေါက်ဆွဲခြောက်၊ သောက်ရေသန့်တို့ကို လိုအပ်ချက်နဲ့အညီ လူမှုကယ်ဆယ်ရေးဝန်ကြီးဌာနက စီမံဆောင်ရွက်ပေးနေပါတယ်။

ကယ်ဆယ်ရေးစခန်းများကို ကိုယ်တိုင်သွားရောက်လှူဒါန်းလိုတဲ့ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအနေနဲ့လည်း အလှူလက်ခံဖို့ ယာယီဖွင့်လှစ်ထားတဲ့ ဆက်သွယ်ရေးရုံးသာကို လာရောက်စာရင်းပေးသွင်းပြီးနောက် စခန်းများရဲ့အင်အားပေါ် မူတည်ပြီး စီမံခန့်ခွဲကာ သွားရောက်လှူဒါန်းနိုင်အောင် စီစဉ်ဆောင်ရွက်ပေးနေပါတယ်။

ဘေးဒုက္ခရောက်သူများအတွက်လည်း ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများမှာ ရောက်ရှိပြီး စားရေရိက္ခာ ခုနစ်ရက်စာကို လုံ လောက်စွာစီစဉ်ပေးထားပြီး ကောင်း မွန်တဲ့အဆောက်အအုံတွေမှာ ထားရှိပါတယ်။

နေအိမ် မီးမလောင်သူတွေကိုတော့ မိမိတို့နေရပ်ကို လုံခြုံစိတ်ချစွာ ပြန်လည်နေထိုင်နိုင်အောင် စီစဉ်လျက်ရှိနေပါတယ်။ လူအင်အားအရေအတွက်အတိုင်း ထောက်ပံ့နေသည့်စနစ်မှ မိသားစုအလိုက် ထောက်ပံ့တဲ့စနစ်ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းစဉ်များကို အကောင်းဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်လျက်ရှိနေပါတယ်။

**မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကျော်မိုး။**

**မေး။ ။ယနေ့အထိ ထောက်ပံ့ရေးပစ္စည်းတွေ စဉ်ဆက်မပြတ် လာရောက်လှူဒါန်းနေတာတွေ့ရပါတယ်။ စေတနာရှင်အဖွဲ့အစည်းများနဲ့ NGO တွေက ယနေ့အထိ ဘယ်လောက်အတိုင်းအတာအထိ လှူဒါန်းခဲ့ကြပါသလဲ။ နောက်လာရောက်လှူဒါန်းမယ့် အဖွဲ့အစည်းတွေ ကမ်းလှမ်းမှုတွေ ရှိပါသလား။ ကမ်းလှမ်းလာခဲ့ရင် ဘယ်လိုအကူအညီမျိုးပေးနိုင်ပါသလဲ ဆိုတာကို ရှင်းပြပါဦးခင်ဗျာ။**

ဖြေ။ ။၂၃-၃-၂၀၁၃ မှ ၂၅-၃-၂၀၁၃ အထိ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနဲ့ ဆေးဝါးပစ္စည်း စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၅၉၈၈၅၅၀ အား စေတနာရှင်လူပုဂ္ဂိုလ် အလှူရှင်အဖွဲ့အစည်းများက လာရောက်လှူဒါန်းနေပြီး ဆက်လက်၍လည်း စားသောက်ကုန်ပစ္စည်းများနဲ့ တန်ဖိုးနည်း နေအိမ်များ ပြန်လည်တည်ဆောက်ပြီးစီးသည်အထိလှူဒါန်းထောက်ပံ့နိုင်ရေး ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ။

**ကျန်းမာရေးစောင့်ရှောက်ပေးမှုများနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများရှင်းပြစဉ်။**

## ရန်တောင်ကျေးရွာ ၂၄ နာရီ လျှပ်စစ်မီးလင်းပြီ

**သရက်ချောင်း မတ် ၂၅**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကို၏ လမ်းညွှန်မှုအရ သရက်ချောင်းမြို့နယ် သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ သဒ္ဓမ္မဇောတိကဓဇ ဓမ္မာစရိယ ဝိနယဝိဒူဉာဘတောဝိဘင်္ဂရေ (တိပိဋကဂ) ဘဒ္ဒန္တအာစာရနှင့် သရက်ချောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဦးတို့၏ အစီအမံဖြင့် ရန်တောင်ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာမီးလင်းရေးကော်မတီနှင့် မီးသုံးစွဲသူများစုပေါင်းညှိနှိုင်းကာ တစ်ရက်လေးနာရီ အချိန်ပိုင်း လျှပ်စစ်မီးသုံးစွဲရာမှ (PTC) လျှပ်စစ်မီးဝန်ဆောင်မှုလုပ်ငန်း(ထားဝယ်)နှင့် ချိတ်ဆက်၍ ၂၄ နာရီ လျှပ်စစ်မီးပေးခြင်းကို မတ် ၁၂ရက် ညနေ ၄ နာရီခွဲတွင် မြို့နယ်သံဃာ့နာယကဥက္ကဋ္ဌနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က မီးထိန်းခလုတ်နှိပ်၍ လျှပ်စစ်မီးစတင်ပေးခဲ့သည်။

ထိုသို့ ၂၄ နာရီ လျှပ်စစ်မီးရရှိသည့်အတွက် ရန်တောင်ကျေးရွာမှ ရွာသူရွာသားများနှင့် လျှပ်စစ်မီးသုံးစွဲသူလုပ်ငန်းရှင်များ ဝမ်းမြောက်ဝမ်းသာပီတိဖြစ်လျက်ရှိကြကြောင်း သိရှိရသည်။ **(မာဃ-သရက်ချောင်း)**

## ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ပဲခူး မတ် ၂၅**

ပဲခူးမြို့ ပဲခူးရွှေမော်ဓောဘုရား ယာဉ်ရပ်နားစခန်းဝင်းတွင် မတ် ၂၃ ရက်က ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြဝင်း၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များ ပါဝင်လျက် လူကုန်ကူးမှုဆိုင်ရာ လူထုအသိပညာပေးလှုပ်ရှားမှု Mini-Concert အစီအစဉ်ကို ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေး ရန်ပုံငွေပွဲတွင် Lazy Club တီးဝိုင်းအဖွဲ့နှင့်အတူ အဆိုတော် R ဇာနည်က လူကုန်ကူးမှုအသိပညာပေးသီချင်းဖြင့် တင်ဆက်ခြင်း၊ ပဲခူးလူကုန်ကူးမှုအဖွဲ့ တာဝန်ခံရဲမှူး ရဲဝင်းအောင် ဦးစီးတပ်ဖွဲ့ဝင်များက လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ရာ**(အောက်ပုံ)** ပြည်သူလူထုစုစုပေါင်း ၅၀၀၀ ကျော်ခန့်အား လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိ သည်။

**(သတင်းနှင့်ဓာတ်ပုံ-သန့်ဇင်)**

## လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမှုကြောင့် ငှက်လှေခတ်သူများအလုပ်ပြောင်း

**စစ်ကိုင်း မတ် ၂၅**

စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ဘူတာဟောင်းနှင့် ဧရာဝတီမြစ်ကမ်းအနီး အခြေစိုက်နေထိုင်သူအများစုတို့သည် သစ်လုံးကြီးများမှ ထင်းခေါက်များကို ခွာယူရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြကြောင်း သိရသည်။ မိသားစုဝင်အများစုသည် တကောင်းရပ်ကွက် ဘူတာဟောင်းသစ်တင်ဆိပ်တွင် စုပုံထားသည့် သစ်လုံးပုံများ၊ ဧရာဝတီမြစ်ကြောင်းမှ သစ်တင်သင်္ဘောများနှင့် တင်ဆောင်လာသည့် သစ်လုံးများ၊ မီးရထားနှင့် တင်ဆောင်လာသည့် သစ်တင်တွဲသစ်လုံးများမှ သစ်ခေါက်များကို ခွာယူကြကာ ပြန်လည်ရောင်းချခြင်းဖြင့် မိသားစု ဘဝရပ်တည်ရေးကို ရုန်းကန်ကြရကြောင်းသိရသည်။ သစ်ခေါက်ခွာ၍ ဝမ်းစာရှာကြသူများသည် ယခုအခါ ဧရာဝတီမြစ်တစ်ဖက်ကမ်း ရွှေကြက်ယက်ဆိပ်ကမ်းရှိ သစ်လုံးပုံများနှင့် မြစ်အတွင်း ဆိုက်ကပ်ရပ်နားထားသည့် သစ်တင်သင်္ဘောများသို့ပင် ငှက်လှေများဖြင့် သွားရောက်ကာ ထင်းခေါက်ခွာလျက်ရှိနေကြရသည်။

“အခုဆိုရင် ထင်းခေါက်ခွာရတာ ရှားသွားပြီ။ ဒီဘက်ဆိပ်မှာပဲ မှီခိုလုပ်ကိုင်လို့မရတော့ ရွှေကြက်ယက်ဆိပ်ဘက်ကမ်းအထိ ခက်ခက်ခဲခဲ သွားခွာကြရတယ်။ ထင်းဖတ်တွေကို ငှက်နဲ့သယ်ရတယ်။ ထင်းဖတ်တွေကို အပုံလိုက်ပုံပြီး ရောင်းကြရတယ်။ လှည်းတစ်စီးတိုက် တစ်ပုံဆိုရင် တစ်သောင်းခွဲဝန်းကျင်ရတယ်။ ထော်လာဂျီအလတ်တစ်စီးစာဆိုရင် အိမ်အရောက် လေးသောင်းခွဲရောင်းတယ်။ ထင်းဖတ်တွေကို ခေါက်ဆွဲစက်တွေ၊ မုန့်တီဖိုတွေက အများဆုံးသုံးကြတယ်။ စားဝတ်နေရေးအတွက် ကလေးရော လူကြီးပါမကျန် ထင်းခေါက်ကို လုပြီးခွာကြရတာပဲ။ အရင်တုန်းက ငှက်လှေတွေကို ကူးတို့ပို့ရာမှာသုံးကြတယ်။ ဒီစစ်ကိုင်းဘက်ကမ်းနဲ့ ရွှေကြက်ယက်ဘက်ကမ်းကို ကူးတို့ပို့ကြတယ်။ ရှင်ဖြူရှင်လှ၊ ဝါးချက်တို့ကို အရင်က ငှက်လှေတွေနဲ့သွားလာကြရတယ်။ အခု လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းလာတော့ ငှက်လှေစီးသွားတဲ့သူ မရှိတော့ဘူး။ အခု ငှက်လှေခတ်သူတွေက ထင်းခေါက်ခွာသူတွေ ဖြစ်ကုန်ကြတယ်။ ငှက်လှေတွေကို ထင်းခေါက်သယ်ရာမှာ သုံးကြတော့တယ်။ စစ်ကိုင်းမှာ ငှက်လှေတွေ တဖြည်းဖြည်း ပျောက်ကွယ်ရှားပါးစပြုလာနေပြီ။ ငှက်အစင်းရေ ၃၀ ကျော်ဝန်းကျင်ပဲ ရှိတော့တယ်” ဟု သစ်လုံးထင်းခေါက်ခွာ၍ ရောင်းချနေသူတစ်ဦးက ပြောပြသည်။

**(နန္ဒာမင်းလွင်)**

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင် ခံခွက်မမေ့နှင့်**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး မိတ္ထီလာမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၂၅**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုးတို့သည် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**(ယာပုံ)**

နံနက် ၈ နာရီ ၄၅ မိနစ်တွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက်ရှိ ကိုးနဝင်းပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိကြပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကျောင်းတိုက်ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုမနအား ဖူးမြော်ကြည်ညိုကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆရာတော်ထံ ဆွမ်းဆန်တော်၊ ဆီနှင့် ဆေးဝါးပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်မျိုးအောင်ရပ်ကွက်ရှိ သာသနဝေပုလ္လကျောင်းတိုက်သို့ ရောက်ရှိကြပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ကျောင်းတိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကောဝိဒအား ဖူးမြော်ကြည်ညိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာတော်ထံ ဆွမ်းဆန်တော်၊ ဆီနှင့် ဆေးဝါးပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးနှင့် အဖွဲ့ဝင်များသည် ကျီတော်ကုန်းရပ်ကွက်ရှိ ဝမ်းတော်ပြည့်ကျောင်းတိုက်သို့ရောက်ရှိကြပြီး ကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဝဏ္ဏသအား ဖူးမြော်ကြည်ညိုကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆရာတော်ထံ ဆွမ်းဆန်တော်၊ ဆီနှင့် ဆေးဝါးပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးနှင့် အဖွဲ့ဝင်များသည် ကျောင်းတိုက်အတွင်းတည်ထားကိုးကွယ်သည့် ဓာတ်တော်တိုက်အတွင်း ဓာတ်တော်များကို ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နန်းတော်ကုန်းရပ်ကွက်ရှိ သဒ္ဓမ္မဝံသာရုံပါဠိတက္ကသိုလ်စာသင်တိုက်သို့ရောက်ရှိကြပြီး ကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏိကအား ဖူးမြော်ကြည်ညိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာတော်ထံ ဆွမ်းဆန်တော်၊ ဆီနှင့် ဆေးဝါးပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်သည် မိတ္ထီလာမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုစဉ်အတွင်း ဆရာတော်ကြီးများအား ဆူပူအကြမ်းဖက်မှုဖြစ်ပွားစဉ်က ဆရာတော်၊ သံဃာတော်များ၏ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးခဲ့မှုအပေါ် ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုကဲ့သို့ဖြစ်စဉ်များထပ်မံဖြစ်ပွားခြင်းမရှိစေရေးအတွက် ဆက်လက်ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုပါကြောင်းဖြင့် လျှောက်ထားခဲ့သည်။

မကြာမီရက်ပိုင်းအတွင်းက မိတ္ထီလာမြို့ပေါ်၌ ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်ကြောင့် မိတ္ထီလာမြို့ပေါ်ရှိ ကျောင်းတိုက်၊ စာသင်တိုက် ၁၆ တိုက်၌ ဒုက္ခသည် စုစုပေါင်း ၃၂၉၃ ဦး ယာယီခိုလှုံလျက်ရှိပြီး အဆိုပါဒုက္ခသည်များနှင့် ကျောင်းနေသံဃာတော်များအတွက် စုစုပေါင်းဆန်အိတ် ၅၅၀ နှင့် ဆီပိဿာ ၅၃၀ ကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မိတ္ထီလာမြို့အတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေး တပ်မတော်မှ လှည့်ကင်းများဆောင်ရွက်ပေး

**နေပြည်တော် မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ မတ် ၂၀ ရက်မှ စတင်ဖြစ်ပွားခဲ့သော ဆူပူအကြမ်းဖက်မှုများသည် မတ် ၂၂ ရက် ညနေပိုင်းတွင် အရေးပေါ် အခြေအနေကြေညာခဲ့ပြီး တပ်မတော်နှင့် တာဝန်ရှိသူများ၏ လုံခြုံရေးအပြည့်အဝ ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ယခုအခါတွင် မိတ္ထီလာမြို့အတွင်း၌ တည်ငြိမ်အေးချမ်းလျက်ရှိသည်။

ထိုသို့ တည်ငြိမ်အေးချမ်းလျက်ရှိခြင်းအပေါ် မလိုလားအပ်သော ဆူပူအကြမ်းဖက်မှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် တပ်မတော်သားများမှ နေ့ညမပျက် လုံခြုံရေးများ ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၂၃ ရက်နှင့် ၂၄ ရက် ညပိုင်းများတွင် သဲတော၊ ဝမ်းတွင်း၊ မလှိုင်မြို့၊ မိတ္ထီလာမြို့အတွင်းနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ လမ်းလျှောက်၍ လည်းကောင်း လှည့်ကင်းများ ဆောင်ရွက်ပေးခြင်း၊ နေရပ်သို့ ပြန်လည် ရွှေ့ပြောင်းလိုသော ကျေးရွာသူ ကျေးရွာသားများအား ကူညီရွှေ့ပြောင်းပေးခြင်း၊ ကားလမ်းတစ်လျှောက် ယာဉ်သွားလာမှုများအား အနှောင့်အယှက်ဖြစ်စေမည့် မော်တော်ယာဉ်အပျက်အစီးများနှင့် အဆောက်အအုံ အပျက်အစီးများအား ရှင်းလင်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မိတ္ထီလာမြို့အတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေး တပ်မတော်မှ လှည့်ကင်းများ ဆောင်ရွက်ပေးစဉ်။**

(သတင်းစဉ်)

# မိတ္ထီလာမြို့ပေါ်တွင် အခြေအနေများ တည်ငြိမ်အေးချမ်း နယ်မြေခံတပ်မတော်သားများနှင့် ဝန်ထမ်းများ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ မတ် ၂၀ ရက်မှ စတင်ဖြစ်ပွားခဲ့သော ဆူပူအကြမ်းဖက်မှုများအား တာဝန်ရှိသူများ၏ ဆောင်ရွက်မှုကြောင့် မိတ္ထီလာမြို့ပေါ်တွင် အခြေအနေများ တည်ငြိမ်အေးချမ်းလျက်ရှိပြီး အသွားအလာမပျက် ရောင်းဝယ် ဖောက်ကားလျက်ရှိကြောင်း သိရသည်။

ဆူပူအကြမ်းဖက်မှု ဖြစ်ပွားစဉ် ပျက်စီးခဲ့သော အပျက်အစီးများအား နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများနှင့် စည်ပင်သာယာဝန်ထမ်းများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းကာ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အပျက်အစီးများကြားမှ အမည်မဖော်ပြနိုင်သော သေဆုံးသူရှစ်ဦး၏ ရုပ်အလောင်းများအား ထပ်မံတွေ့ရှိခဲ့သဖြင့် မတ် ၂၄ ရက် ညနေပိုင်းအထိ မိတ္ထီလာဖြစ်စဉ်၌ သေဆုံးသူ စုစုပေါင်းမှာ ၄၀ ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**သွေးသည် အသက်**

**မိတ္ထီလာမြို့၌ ဆူပူအကြမ်းဖက်မှု ဖြစ်ပွားစဉ် ပျက်စီးခဲ့သော အပျက်အစီးများအား နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများက ဖယ်ရှားရှင်းလင်းကာ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။**

(သတင်းစဉ်)

## ကျန်းမာရေးစောင့်ရှောက်

**မိတ္ထီလာမြို့ရှိ ဒုက္ခသည်များအား နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေသည်ကို တွေ့ရစဉ်။**

(သတင်းစဉ်)

**MRTV-4**
**ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း**
၂၆-၃-၂၀၁၃ (အင်္ဂါနေ့)

| | |
|---|---|
| ၅:၄၀ | "နိဗ္ဗာန်နဲ့နီးရအောင်" တရားတော် (ဆရာတော် အရှင်ပညာသီဟာဘိဝံသ) |
| ၈:၄၅ | ဂီတနက်သံတေးသီချင်းများ ဖျော်ဖြေတင်ဆက်မှု(အပိုင်း-၁) |
| ၅:၀၅ | Minute to Win It |
| ၆:၁၅ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်" (အပိုင်း-၁၆) |
| ၇:၀၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sign Of Love (Season-3) (အချစ်သင်္ကေတ) (အပိုင်း-၇) |
| ၈:၄၀ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း-၆၀) |

# ရန်ကု…

မန္တလေး…
ရက်တွင် စ…
အခြေခံ၍ တ…
တစ်စုက ရန်ကု…
စေရန် ဆောင်…
ယနေ့နံန…
မင်္ဂလာဈေးနှင့်…
ကြောင့် ဈေး…
သည်။
ယင်းဖြစ်စ…
ပျက်ပြားစေလို…
ယုံကြည်မိရာမှ…
ဖြစ်ပွားခဲ့ခြင်းဖြ…
မှု၊ ဆူပူမှုမျှဖြစ်…

# မိတ္ထီလာမြို့၌ ယာယီဖွင့်လ… စေတနာရှင်ပြည်သူများ…

**မကြာမီရက်ပိုင်းအတွင်းက ဆူပူအကြမ်း… ဒေသခံပြည်သူများသည် ၎င်းတို့၏ နေ့စဉ်လုပ်… ဈေးဝယ်သူများဖြင့်လည်းကောင်း၊ မြန်မာ့စီးပွားရေးအ…**

ထို့ပြင် မိတ္ထီလာမြို့ပေါ်၌ ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံလျက်ရှိကြသော ဒုက္ခသည်များအတွက် အနယ်နယ် အရပ်ရပ်မှ စေ… ကုမ္ပဏီများနှင့်… မော်တော်ယာ… ၍ စားသောက်…

**မိတ္ထီလာမြို့၌ အခြေအနေ ပြန်လည်တည်… ပြီဖြစ်ရာ ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားလျ… ရပ်ကွက်ဈေးအား တွေ့ရစဉ်။**

**မိတ္ထီလာ မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အောင်ဆန်းရပ်ကွက် သမုန်းကုန်း ဘုန်းတော်ကြီးကျောင်းတိုက်တွင် ဖွင့်လှစ်ထားရှိသည့် ဒုက္ခသည် ၅၁၃ ဦး၊ အိမ်ထောင်စု ၁၂၅ စုအတွက် ဆီ ပိဿာ ၄၀၊ ဆန်အိတ် ၇၀၊ ခေါက်ဆွဲခြောက်ထုပ် ၃၃၆၀၊ ရေသန့်ဘူး ၃၀၀၀ တို့ကို ခရိုင်ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနမှ လာရောက်လှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးနှင့် မြို့မိမြို့ဖများက သမုန်းကုန်းကျောင်းတိုက် ဒုက္ခသည် ကူညီကယ်ဆယ်ရေး

# မိတ္ထီလာဒုက္ခ…

တာဝန်ခံ ဆရာ…
လှူဒါန်းသည်။
အလားတူ…
ဘုန်းတော်ကြီး…
ဒုက္ခသည်များ…
အလှူရှင်များ…
ရေသန့်နှင့် …
လာရောက်လှူ…
နှင့် ဒုက္ခသည်…
သည့် အိပ်ရာ…

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၆-၃-၂၀၁၃ (အင်္ဂါနေ့)

၅း၄၀ "နိဗ္ဗာန်နှံ့နီးရအောင်" တရားတော် (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)

၈း၄၅ ဂီတနက်သံတေးသီချင်းများ ဖျော်ဖြေတင်ဆက်မှု(အပိုင်း-၁)

၅း၀၅ Minute to Win It

၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်" (အပိုင်း-၁၆)

၇း၀၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sign Of Love (Season-3) (အချစ်သင်္ကေတ) (အပိုင်း-၇)

၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း-၆၀)

# ရန်ကုန်မြို့ အခြေအနေတည်ငြိမ်အေးချမ်းလျက်ရှိ

**ရန်ကုန် မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ မတ် ၂၀ ရက်တွင် စတင်ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုကို အခြေခံ၍ တည်ငြိမ်အေးချမ်းမှုကို မလိုလားမရှုဆိတ်သူတစ်စုက ရန်ကုန်မြို့၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေးနှင့် ယုဇနပလာဇာတို့၌ ကောလာဟလများကြောင့် ဈေးဆိုင်ခန်းပိတ်သိမ်းမှုများ ဖြစ်ပွားခဲ့သည်။

ယင်းဖြစ်စဉ်ဖြစ်ရပ်မှာ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေလိုသူအချို့၏ ကောလာဟလစကားများကို ယုံကြည်မိရာမှ ယခုကဲ့သို့ ဈေးဆိုင်ပိတ်သိမ်းမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းနှင့် မည်သို့သော အကြမ်းဖက်မှု၊ ဆူပူမှုမျှဖြစ်ပွားခဲ့ခြင်းမရှိကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်အသီးသီး၌ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက မြို့နယ်/ရပ်ကွက်အလိုက် တည်ငြိမ်အေးချမ်းမှုရှိအောင် အလေးထားနိုးဆော်ဆောင်ရွက်လျက်ရှိသည်။

"ပြည်သူများအနေဖြင့် မည်သည့်ကောလာဟလကိုမျှ မယုံကြည်ကြရန်လိုကြောင်း၊ ရန်ကုန်မြို့၏လက်ရှိအခြေအနေမှာ တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း၊ လုံခြုံရေးဆိုင်ရာများကိုလည်း စနစ်တကျ စီမံထားရှိကြောင်း"ဖြင့် ရန်ကုန်တိုင်းဒေသကြီး သက်ဆိုင်ရာတာဝန်ရှိသူမှ သတင်းအဖွဲ့သို့ ရှင်းပြခဲ့သည်။ **(သတင်းစဉ်)**

**မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာဈေးအနီး မော်တော်ယာဉ်များ အေးချမ်းတည်ငြိမ်စွာဖြင့် သွားလာလျက်ရှိစဉ်။** (သတင်းစဉ်)

# မိတ္ထီလာမြို့၌ ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအတွက် စေတနာရှင်ပြည်သူများကအလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိ

နေပြည်တော် မတ် ၂၅

**မကြာမီရက်ပိုင်းအတွင်းက ဆူပူအကြမ်းဖက်မှုဖြစ်ပွားခဲ့သော မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့သည် ယခုအခါ အခြေအနေများ ပြန်လည်တည်ငြိမ်အေးချမ်းသွားပြီဖြစ်ရာ ဒေသခံပြည်သူများသည် ၎င်းတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို ပုံမှန်ဆောင်ရွက်နေကြပြီဖြစ်သည်။ မိတ္ထီလာမြို့ပေါ်၌ နံနက်ပိုင်းမှစတင်၍ ဈေးများတွင် ဈေးရောင်း၊ ဈေးဝယ်သူများဖြင့်လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ကမ္ဘောဇဘဏ်တို့တွင် ငွေသွင်း၊ ငွေထုတ်သူများဖြင့်လည်းကောင်း စည်ကားလျက်ရှိသည်။**

ထို့ပြင် မိတ္ထီလာမြို့ပေါ်၌ ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံလျက်ရှိကြသော ဒုက္ခသည်များအတွက် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများ၊ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများက မော်တော်ယာဉ်များဖြင့် လာရောက်၍ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို လှူဒါန်းလျက်ရှိကြသည်။

မိတ္ထီလာမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအတွက် မတ် ၂၃ ရက် နံနက်ပိုင်းမှစတင်၍ စေတနာရှင်ပြည်သူများ၊ ကုမ္ပဏီများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အဖွဲ့အစည်းများက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိရာတွင် ယနေ့မွန်းလွဲပိုင်းအထိ ခေါက်ဆွဲခြောက် ၁၇၈၀၆၆ ထုပ်၊ ရေသန့် ၁၁၄၄၉၆ ဘူး၊ မုန့်မျိုးစုံ ၄၄၆၃၉ ထုပ်၊ အချိုရည် ၁၇၉၆ ဘူး၊ ဓာတ်ဆားထုပ် ၃၀၀၀၊ ကော်ဖီမစ်ထုပ် ၁၀၀၀၀၊ ဆန် ၂၂၇၁ အိတ်၊ ဆီ ၁၁၂၂ပိဿာ၊ ကြက်ဥအလုံး ၃၃၉၀၀၊ ပိတ်စ သုံးထုပ်၊ အဝတ်အထည် ၁၉ ထုပ်၊ ဆေးဝါးမျိုးစုံ တစ်သေတ္တာ၊ မိုးကာ ၁၀ ထည်၊ ဖိနပ်အရန် ၄၀၀၀၊ ပလတ်စတစ်ဖျာ အချပ် ၂၀၀၀၊ ကုလားပဲပိဿာ ၃၀၀၀၊ ငါးသေတ္တာဘူး ၃၀၀၀ တို့ဖြစ်ပြီး အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၅၃၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းမှ မွန်းလွဲပိုင်းအထိ မိတ္ထီလာမြို့ ဆက်သွယ်ရေးဝန်ထမ်းရိပ်သာ၌ ဖွင့်လှစ်ထားသော အလှူငွေနှင့် ပစ္စည်းလက်ခံရာဌာနသို့ စေတနာရှင်ပြည်သူများ လာရောက်လှူဒါန်းလျက်ရှိကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်(ဗဟို)က ငွေကျပ်သိန်း ၃၀၊ မိတ္ထီလာခရိုင်အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်ငါးသောင်း၊ မိတ္ထီလာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ငွေကျပ်ငါးသောင်း၊ မိတ္ထီလာမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ငွေကျပ်နှစ်သောင်း၊ မိတ္ထီလာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် တစ်သောင်း၊ မန္တလေး ကျောက်စိမ်းရောင်းဝယ်ရေးက ခေါက်ဆွဲခြောက်ထုပ် ၂၈၀၀၊ ရေသန့်ဘူး ၁၅၀၀ နှင့် မုန့်မျိုးစုံ အထုပ် ၃၁၂၀၊ ကျောက်ဆည်မိသားစုက ရေသန့် ၃၈၄ ဘူး၊ မုန့်မျိုးစုံ ၅၂၈ ထုပ်၊ အဝတ်အထည် တစ်ထုပ်၊ ဆေးဝါး တစ်သေတ္တာနှင့် တစ်အိတ်၊ အောင်မြင်သူကုမ္ပဏီများ အုပ်စုက ရေသန့်ဘူး ၂၃၄၀ နှင့် ဆန်အိတ် ၉၀၊ ရောမေတ္တာလူမှုကူညီရေးအသင်းက ခေါက်ဆွဲခြောက်ထုပ် ၃၀၀၊ ရေသန့်ဘူး ၁၈၀ နှင့် ဆန်အိတ် ၈၀၊ ကျင်းလုံမြန်မာက ခေါက်ဆွဲခြောက်ထုပ် ၉၀၀၀၊ ရေသန့် ၁၅၂၇၆ ဘူးနှင့် ဆန်အိတ် ၃၀၀၊ ဇေင်အုပ်စုကုမ္ပဏီက ဆန်အိတ် ၈၀၊ KTM သောက်ရေသန့်က ရေသန့်ဘူး ၃၀၀၀၀၊ နိုင်ငံရေးအကျဉ်းသားများ ကူညီရေးအဖွဲ့က ခေါက်ဆွဲခြောက်ထုပ် ၁၆၅၀၊ မုန့်မျိုးစုံ အထုပ် ၂၀၀၊ အချိုရည် ၅၇၆ ဘူးနှင့် အဝတ်အထည် ၈၈ ထည်၊ တော်ဝင်ဖောင်ဒေးရှင်းက ဆန်အိတ် ၁၅၀၊ မြို့တော်ဘီစကစ်က မုန့်မျိုးစုံ ၅၁၄၈ ထုပ်၊ ဆန်အိတ် ၁၀၀၊ ပဲဆီပိဿာ ၃၀၀၀ နှင့် ငါးသေတ္တာဘူး ၃၀၀၀ တို့ကို လာရောက်လှူဒါန်းခဲ့ကြသည်။

စေတနာရှင်ပြည်သူများအနေဖြင့် မိတ္ထီလာမြို့ရှိ ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များထံ တစ်ဦးချင်းကိုယ်တိုင်ကိုယ်ကျလှူဒါန်းလိုပါက မိတ္ထီလာမြို့ ဆက်သွယ်ရေးဝန်ထမ်းရိပ်သာ၌ ဖွင့်လှစ်ထားသည့် အလှူငွေနှင့် ပစ္စည်းလက်ခံရာဌာနသို့ လာရောက်သတင်းပို့၍ ကယ်ဆယ်ရေးစခန်းများသို့ ကိုယ်တိုင်သွားရောက်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**မိတ္ထီလာမြို့၌ အခြေအနေ ပြန်လည်တည်ငြိမ်အေးချမ်းသွားပြီဖြစ်ရာ ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားလျက်ရှိသော မိတ္ထီလာရပ်ကွက်ဈေးအား တွေ့ရစဉ်။** (သတင်းစဉ်)

## ကသာမြို့နယ်၌ အီး-ပင်စင်ကတ်ဖြင့် ပင်စင်လစာများ ထုတ်ယူနိုင်ပြီ

**ကသာ မတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား မြို့နယ်စီးပွားရေးဘဏ်ခွဲ၌ မတ်လမှ စတင်၍ အီး-ပင်စင်ကတ်ဖြင့် ပင်စင်လစာငွေများ ထုတ်ပေးနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ အီးပင်စင်ကတ်ဖြင့် ပင်စင်ထုတ်ပေးနေသည့်အတွက် ကသာမြို့ အမှတ်(၄)ရပ်ကွက်နေ ပညာရေးအငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်သူ ဦးခင်မောင်ဝင်းက အားရဝမ်းသာဖြင့် "အခုလို အီး- ပင်စင်ကတ်နဲ့ ထုတ်ပေးတာ အရင်ပုံစံထက်ပိုပြီး အဆင်ပြေတယ်ဗျာ၊ အငြိမ်းစားဝန်ထမ်းတွေ အဆင်ပြေချောမွေ့အောင် စီစဉ်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အစိုးရကို အထူးကျေးဇူးတင်ရှိပါတယ်ဆိုတဲ့အကြောင်း ပြည်သူတစ်ယောက်ရဲ့အသံကို ခင်ဗျားတို့ မီဒီယာတွေကတစ်ဆင့် ပြည်သူသိအောင် ဆက်လက်တင်ပြပေးစေချင်ပါတယ်"ဟု ပြောပြပါသည်။ **ကိုကိုခန့်ချော(ကသာမြေ)**

## လျှပ်စစ်ဓာတ်အားသုံးလျှင် သတိယှဉ်

မိမိအသုံးပြုနေသည့် လျှပ်စစ်ပစ္စည်းကိရိယာများဖြစ်သော မီးဖို၊ မီးပူ၊ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများကို မပိတ်မိသည့်အတွက် အပူလွန်ကဲကာ မီးလောင်မှုဖြစ်ပွားလျက်ရှိနေပါသည်။ လျှပ်စစ်ပစ္စည်းများအား အသုံးပြုပြီးပါက သေချာစွာ ပိတ်ထားကြရန်နှင့် မီးဘေးလုံခြုံရေးအတွက် သတိရှိကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။ **မီးသတ်ဦးစီးဌာန**

# မိတ္ထီလာဒုက္ခသည်စခန်းများရှိ ဒုက္ခသည်များအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဆန်၊ ဆီ၊ အဝတ်အထည်၊ သောက်ရေသန့်များ ပေးအပ်လှူဒါန်းလျက်ရှိ

**မိတ္ထီလာ မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အောင်ဆန်းရပ်ကွက် သမုန်းကုန်း ဘုန်းတော်ကြီးကျောင်းတိုက်တွင် ဖွင့်လှစ်ထားရှိသည့် ဒုက္ခသည် ၅၁၃ ဦး၊ အိမ်ထောင်စု ၁၂၅ စုအတွက် ဆီ ပိဿာ ၄၀ ၊ ဆန်အိတ် ၇၀၊ ခေါက်ဆွဲခြောက်ထုပ် ၃၃၆၀၊ ရေသန့်ဘူး ၃၀၀၀ တို့ကို ခရိုင်ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနမှ လာရောက်လှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးနှင့် မြို့မိမြို့ဖများက သမုန်းကုန်းကျောင်းတိုက် ဒုက္ခသည် ကူညီကယ်ဆယ်ရေးတာဝန်ခံ ဆရာတော်များထံ ပေးအပ်လှူဒါန်းသည်။

အလားတူ သမုန်းကုန်း ဘုန်းတော်ကြီး ကျောင်းတိုက်ရှိ ဒုက္ခသည်များအတွက် စေတနာရှင်အလှူရှင်များက ဆန်၊ ဆီ၊ ဆား၊ ရေသန့်နှင့် အဝတ်အထည်များကို လာရောက်လှူဒါန်းလျက်ရှိကြောင်းနှင့် ဒုက္ခသည်များအတွက် လိုအပ်သည့် အိပ်ရာခင်း၊ ခြင်ထောင်၊ စောင်စသည်တို့ လှူဒါန်းမည့် အလှူရှင်များ လိုအပ်လျက်ရှိကြောင်း သမုန်းကုန်းဘုန်းတော်ကြီးကျောင်းတိုက် ဒုက္ခသည်စခန်း၌ နေထိုင်သူများက ပြောကြားသည်။

၎င်းနောက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ယာယီဒုက္ခသည် ကယ်ဆယ်ရေးစခန်းတွင် နေထိုင်ကြသည့် ဒုက္ခသည်များအတွက် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်နှင့် ပျော်ဘွယ်မြို့နယ်များရှိ ပြည်ခိုင်ဖြိုးပါတီဝင်များက ကြက်ဥသေတ္တာ လေးလုံးစီပေးအပ်လှူဒါန်းပြီး **(ယာပုံ)**မိတ္ထီလာတွင် ဖွင့်လှစ်ထားရှိသည့် ဒုက္ခသည်ကယ်ဆယ်ရေးစခန်းများအားလုံးသို့ ဆက်လက်သွားရောက် လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**ဦးချမ်းသာ (မိတ္ထီလာ)**

# ရန်ကုန်တိုင်းဒေသကြီး ၂၀၁၃ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၂၅**

တီဘီရောဂါသည် မြန်မာနိုင်ငံတွင် ပြည်သူ့ကျန်းမာရေး ပြဿနာများအနက် အဓိက ဦးစားပေးဆောင်ရွက်နေရသည့် ပြဿနာတစ်ရပ်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၏ လူဦးရေအနေအထားအရ တစ်နိုင်ငံလုံးလူဦးရေ၏ ၁၀ ရာခိုင်နှုန်းရှိပြီး တစ်နိုင်ငံလုံး၏ ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ တီဘီလူနာရှာဖွေကုသမှုများဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းသည် အရေးကြီးသည့် ကျန်းမာရေးလုပ်ငန်းဖြစ်သည်ကို သိရှိရသည့်အတွက် တွေ့ရှိဖော်ထုတ်ထားသော တီဘီလူနာများအား မြို့နယ်အသီးသီးတွင် မှတ်ပုံတင်၍ စနစ်တကျဆေးကုသနိုင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းရည်မှန်းချက်များအနေဖြင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်များ (Millennium Development Goals) ကို ပြည့်မီရန် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှု၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၏ပံ့ပိုးကူညီမှု၊ ပြည်သူလူထု၏ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို ရယူ၍ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အားလုံးတက်ညီလက်ညီဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန် ယမန်နေ့နံနက် ၉ နာရီတွင် လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ်၌ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး ၂၀၁၃ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက တိုက်တွန်းမှာကြားသည်။

ထို့နောက် ၂၀၁၂ ခုနှစ်အတွင်း မြို့နယ်တီဘီတိုက်ဖျက်ရေးလုပ်ငန်း ထူးချွန်စွာဆောင်ရွက်ခဲ့သော မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် ကြက်ခြေနီအဖွဲ့များအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါ်ခင်သက်ဌေးနှင့် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ၂၀၁၃ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးကိုကိုက ဖတ်ကြားပြီး တိုင်းဒေသကြီးတီဘီရောဂါဆရာဝန်ကြီး ဒေါက်တာဒေါ်တင်မိမိခိုင်က ၂၀၁၃ ခုနှစ်တွင် တီဘီရောဂါတိုက်ဖျက်ရေးဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ခန်းမအတွင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

**မီးသတ်ဦးစီးဌာန**

# ပညာ့ဥယျာဉ်မှူးမှသည် လူ့စွမ်းအားအရင်းအမြစ်များဆီသို့

**နေဇာဇာထွန်း**

ယနေ့ မိမိတို့မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်စက်မှုနိုင်ငံဖြစ်စေရန် အဘက်ဘက်မှ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ နိုင်ငံအတွင်း စီးဝင်လာလျက်ရှိသည်။ ထိုသို့ စီးဝင်လာချိန်တွင် နိုင်ငံအတွင်း လူဦးရေနှင့် သဘာဝသယံဇာတများ အများအပြားရှိသော်လည်း အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များ များစွာလိုအပ်လျက်ရှိသည်။

၂၁ ရာစုတွင် နိုင်ငံများ၏ စီးပွားရေးနှင့်လူမှုရေး သာယာဝပြောမှုများ ကောင်းစွာရရှိနိုင်ရေးအတွက် နိုင်ငံသားများ၏ လက်ရှိပညာရေးစွမ်းရည်အပေါ် များစွာမူတည်လျက်ရှိသည်။ ထို့ပြင် သဘာဝသယံဇာတများကိုသာ အခြေခံသည့်စီးပွားရေးစနစ်မှ လူသားအရင်းအမြစ်ကို အခြေခံသည့်စီးပွားရေးဆီသို့ ဦးတည်လျှောက်လှမ်းရာတွင် ပညာရေးကဏ္ဍသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာမှသာ စက်မှု နိုင်ငံသစ်ကြီးဆီသို့ ဦးတည်လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရန်အတွက် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်အဖြစ် ခံယူထိုက်သော ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးလှပေသည်။ 'ပညာရည်မြင့်မားရေး၊ ဆရာ့အရည်အသွေးမြှင့်တင်ပေး' ဟူသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်မှလည်း အရည်အသွေးမြှင့်အထူးမွမ်းမံသင်တန်းများကိုလည်း စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်မှ ပညာရေးကဏ္ဍကို နှစ် ၃၀ နှစ်ရှည်စီမံကိန်းများချမှတ်ကာ လက်တွေ့ကျကျ စီမံဆောင်ရွက်ခဲ့ရာတွင် အခြေခံပညာရေးနှင့် အဆင့်မြင့်ပညာရေးအဖြစ် နှစ်ခုခွဲထားပြီး အခြေခံပညာရေးတွင် Grade -11 အထိ သင်ကြားစေပြီး အဆင့်မြင့်ပညာရေးတွင်လည်း ယခင်က တက္ကသိုလ်ပညာသင်နှစ်ကို လေးနှစ်သင်ယူစေရာမှ တစ်နှစ်လျှော့ပြီး သုံးနှစ်သို့ ပြောင်းလဲခဲ့ပြီး ယခုနှစ်မှစ၍ ပညာသင်နှစ်ကို လေးနှစ်သို့ ပြန်လည်ပြောင်းလဲသတ်မှတ်ပေးခဲ့ပြီးဖြစ်သည်။ ထိုသို့ ပြောင်းလဲ ပညာသင်ကြားစေခြင်းဖြင့် ပညာရည်မြင့်မားပြီး အရည်အချင်းပြည့်ဝသည့် ထူးချွန်ထက်မြက်သော လူသားအရင်းအမြစ်များ ပိုမိုပေါ်ထွက်လာမည်ဖြစ်သည်။

ထူးချွန်ထက်မြက်သည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးကြမည့် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ ကျောင်းသား ကျောင်းသူလေးများကို နောင်တစ်ချိန်တွင် နိုင်ငံ့ကိုယ်စားအားထားရမည့် နိုင်ငံ့သားကောင်းရတနာလေးများဖြစ်စေရန် ပဲ့ကိုင်ပေးကြရမည်ဖြစ်သည်။ ယနေ့အချိန်အခါတွင် နိုင်ငံတော်မှ ပညာရေးကဏ္ဍနှင့် ယှဉ်တွဲ၍ စာပေဖွံ့ဖြိုးမှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းအပြင် ပုဂ္ဂလိကကျောင်းများပါ သူ့ထက်ငါ အပြိုင်အဆိုင်ပေါ်ထွက်လာရာ အနာဂတ်လူရွယ်လူငယ်များသည် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများမှ ပညာရေးကို အတုယူလေ့လာဆည်းပူးကြရပေမည်။ သို့မှသာ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ပြီး ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်နိုင်မည်ဖြစ်သည်။

လက်ရှိဖွံ့ဖြိုးဆဲနိုင်ငံများတွင် လိုအပ်နေသော ငွေကြေးအရင်းအနှီး၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အရင်းအနှီးများအပြင် လူသားအရင်းအနှီးများသည်လည်း အဓိကအခန်းကဏ္ဍတွင် ပါဝင်နေသည်။ ယခင်က ကာယအားကို အခြေခံပြီး အသက်မွေးဝမ်းကျောင်းပြုခဲ့ကြသော်လည်း ယခုအချိန်တွင်မူ ဉာဏ(သို့) ပညာရေးကို အဓိကထားအသက်မွေးဝမ်းကျောင်းပြုလာကြသည်။ ဂျပန်၊ ကိုရီးယားနှင့် စင်ကာပူစသည့်နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများတွင် သဘာဝသယံဇာတနည်းပါးသော်လည်း လူသားအရင်းအမြစ်ကို အခြေခံမှုများကြောင့် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများစာရင်းတွင် ရပ်တည်လာနိုင်ခဲ့သည်။ မိမိတို့မြန်မာနိုင်ငံသည်လည်း မကြာတော့သည့်ကာလတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံတော်ကြီးအဖြစ် ဦးတည်လျှောက်လှမ်းလျက်ရှိရာ ဥယျာဉ်မှူးများမှ မွေးထုတ်ပေးလိုက်သည့် နိုင်ငံ့ဂုဏ်ဆောင် လူသားအရင်းအမြစ်များ များစွာလိုအပ်လှပေသည်။

နိုင်ငံသားများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးသည် အဓိကမဏ္ဍိုင်ကြီးဖြစ်ရာ နိုင်ငံတစ်ဝန်းတွင်ရှိကြသည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအနေဖြင့် ပညာရည်ထူးချွန်ထက်မြက်ပြီး လိမ္မာယဉ်ကျေးသည့် နိုင်ငံ့သားကောင်းသမီးမွန်များဖြစ်ထွန်းလာအောင် လေ့ကျင့်မွေးထုတ်ပေးသည့် ဥယျာဉ်မှူးကောင်းများအဖြစ် ပြုစုပျိုးထောင်ရင်း ကျောင်းသားကျောင်းသူ လူငယ်လေးများကလည်း အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် မျိုးဆက်သစ်လူငယ်များအနေဖြင့် "ပညာ"ကို မဏ္ဍိုင်ပြုကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဆီသို့ တက်ကုန်ဖွင့်၊ ရွက်စုံလွှင့်ကာ ကြိုးပမ်းလှော်ခတ်ကြပါစို့။ ။


**NETWORK MARKETING LIMITED**

အမှတ်(၁၆)၊ ဗိုလ်မိုးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ်- ၅၂၆၆၂၈၊ ၅၂၅၅၂၁၊ ၅၂၅၀၄၂၊ ၅၃၇၈၁၂၊ ၅၃၇၈၁၄
ဝန်ထမ်းအလိုရှိသည်။ (ပြည်တွင်း၌သာခန့်ထားရန်)

NETWORK MARKETING LIMITED မှ လူသုံးဆေးဝါးများနှင့် စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးများ တင်သွင်းဖြန့်ဖြူးရောင်းချသောလုပ်ငန်း၌ အောက်ဖော်ပြပါရာထူးနေရာများအတွက် အရည်အသွေးပြည့်မီသော သူများအားခန့်ထားရန် လိုအပ်လျက်ရှိပါသည်။

**Pharmaceutical Division**

1. Marketing Manager — ကျား/မ ( ၂ ) ဦး
- ဘွဲ့ရရှိပြီးသူ၊ အသက် (၂၅) နှစ်မှ (၄၅) နှစ်အတွင်း ဖြစ်ရမည်။
- MBA/ BBM/BBA/ DBA / Diploma in Sales & Marketing ရရှိပြီးသူအား ဦးစားပေးမည်။
- Promotion Plan နှင့် Target achievement Plan များကို ကျွမ်းကျင်စွာရေးဆွဲနိုင်ပြီး ဝန်ထမ်းများအား စီမံခန့်ခွဲ အုပ်ချုပ်နိုင်သူဖြစ်ရမည်။
- Pharmaceutical Marketing Experience (3) နှစ် နှင့် အထက်ရှိရမည်။
- English နှင့် Computer တတ်ကျွမ်းသူဖြစ်ရမည်။
- အခြားမြို့များသို့ ခရီးသွားလာနိုင်သူ ဖြစ်ရမည်။

2. Product Manager — ကျား/မ ( ၂ ) ဦး
- M.B.B.S,B.V.S, B.D.S, B.Pharm ဘွဲ့ရရှိပြီးသူ၊ အသက်(၂၅) နှစ်မှ (၄၅) နှစ်အတွင်း ဖြစ်ရမည်။
- ဆေးကုမ္ပဏီများတွင် A.P.M (သို့) P.E ရာထူးဖြင့် (၂) နှစ်တာဝန်ထမ်းဆောင်ပြီးသူဖြစ်ရမည်။
- English နှင့် Computer တတ်ကျွမ်းသူဖြစ်ရမည်။
- အခြားမြို့များသို့ ခရီးသွားလာနိုင်သူ ဖြစ်ရမည်။

3. Assistant Product Manager — ကျား/မ ( ၂ ) ဦး
- M.B.B.S, B.V.S, B.D.S, B.Pharm ဘွဲ့ရရှိပြီးသူ၊ အသက်(၂၃) နှစ်မှ (၄၀) နှစ်အတွင်း ဖြစ်ရမည်။
- ဆေးကုမ္ပဏီများတွင် P.E (သို့) A.P.E ရာထူးဖြင့် (၁) နှစ်တာဝန်ထမ်းဆောင်ပြီးသူဖြစ်ရမည်။
- English နှင့် Computer တတ်ကျွမ်းသူဖြစ်ရမည်။
- အခြားမြို့များသို့ ခရီးသွားလာနိုင်သူ ဖြစ်ရမည်။

4. Product Executive — ကျား/မ ( ၂ ) ဦး
- M.B.B.S,B.V.S,B.D.S, B.Pharm ဘွဲ့ရရှိပြီးသူ၊ အသက်(၂၀) နှစ်မှ (၃၅) နှစ်အတွင်း ဖြစ်ရမည်။
- ဆေးကုမ္ပဏီများတွင် A.P.E ရာထူးဖြင့် (၆) လ တာဝန်ထမ်းဆောင်ပြီးသူဖြစ်ရမည်။
- English နှင့် Computer တတ်ကျွမ်းသူဖြစ်ရမည်။
- အခြားမြို့များသို့ ခရီးသွားလာနိုင်သူ ဖြစ်ရမည်။

5. Assistant Product Executive — ကျား/မ ( ၂ ) ဦး
- M.B.B.S,B.V.S, B.D.S, B.Pharm ဘွဲ့ရရှိပြီးသူ၊ အသက်(၂၀) နှစ်မှ (၃၀) နှစ်အတွင်း ဖြစ်ရမည်။
- English နှင့် Computer တတ်ကျွမ်းသူဖြစ်ရမည်။
- အခြားမြို့များသို့ ခရီးသွားလာနိုင်သူ ဖြစ်ရမည်။

6. Medical Representative — ကျား/မ ( ၄ ) ဦး
- ဘွဲ့ရရှိပြီးသူ ၊ အသက် ( ၂၀ ) နှစ်မှ ( ၃၀ ) နှစ် အတွင်းဖြစ်ရမည်။
- ဆေးဘက်ဆိုင်ရာဘွဲ့ရရှိပြီးသူ၊ လုပ်ငန်းအတွေ့အကြုံရှိသူအား ဦးစားပေးမည်။
- ရန်ကုန်မြို့နှင့်နီးစပ်ရာမြို့များသို့ ခရီးသွားလာနိုင်ရမည်။

7. Medical Sales Representative — ကျား/မ ( ၄ ) ဦး
- ဘွဲ့ရရှိပြီးသူ ၊ အသက်(၁၈) နှစ်မှ (၃၀)နှစ် အတွင်းဖြစ်ရမည်။
- ရန်ကုန်မြို့နှင့်နီးစပ်ရာမြို့များသို့ခရီးသွားလာနိုင်ရမည်။

**Head Office**

1. Purchase Supervisor — ကျား/မ ( ၂ ) ဦး
- ဘွဲ့ရရှိပြီးသူ၊ အသက်(၂၀) နှစ်မှ (၃၅) နှစ်အတွင်း ဖြစ်ရမည်။
- နိုင်ငံခြား Supplier များနှင့် ဆက်သွယ်ဆောင်ရွက်ရမည်။
- English Speaking, Writing နှင့် Computer တတ်ကျွမ်းရမည်။
- MBA / BBM / BBA / DBA / (Dip: IR) ရရှိထားသူအား ဦးစားပေးမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
- အခြားမြို့များသို့ခရီးသွားလာနိုင်ရမည်။

2. Executive Secretary to MD — မ ( ၂ ) ဦး
- ဘွဲ့ရရှိပြီးသူ ၊ အသက် (၂၀) နှစ်မှ (၃၀) နှစ်အတွင်းဖြစ်ရမည်။
- English Speaking, Writing နှင့် Computer တတ်ကျွမ်းရမည်။
- MBA / BBM / BBA / DBA ရရှိထားသူအား ဦးစားပေးမည်။
- လူမှုဆက်ဆံရေးကောင်းမွန်၍ ရုပ်ရည်ပြေပြစ်သူဖြစ်ရမည်။
- အခြားမြို့များသို့ခရီးသွားလာနိုင်ရမည်။

3. Driver — ကျား ( ၄ ) ဦး
- အသက် (၂၅) နှစ်မှ (၄၅) နှစ်အတွင်း ဖြစ်ရမည်။
- ယာဉ်မောင်းအတွေ့အကြုံအနည်းဆုံး (၂) နှစ်ရှိရမည်။
- ရုံးလုပ်ငန်းသုံးယာဉ်ငယ်များနှင့် ကုန်တင်ယာဉ် (၁) တန် အထက်ယာဉ်များ မောင်းနှင်နိုင်သူဖြစ်ရမည်။

အလုပ်လျှောက်ထားသူများသည် ရုပ်ရည်သန့်ပြန့်သူ၊ အကျင့်စာရိတ္တ ကောင်းမွန်သူ၊ စကားပြောပြေပြစ်သူဖြစ်ရမည်။ အလုပ်လျှောက်ထားရန် စိတ်ပါဝင်စားသူများသည် (၆)လ အတွင်းရိုက်ထားသော လိုင်စင်ဓာတ်ပုံ (၁)ပုံ၊ အလုပ်သမား မှတ်ပုံတင်၊ မှတ်ပုံတင်၊ သန့်ရှင်းခေါင်းစာရင်း၊ ရပ်ကွက်/ရဲစခန်းထောက်ခံ ချက်မိတ္တူ တို့နှင့်အတူ (26. 4. 2013) ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာပုံစံရယူ ဖြည့်စွက်ပြီးလူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး ဥပဒေမူကြမ်းရေးဆွဲရေး အကြိုအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မတ် ၂၅

**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှတားဆီးကာကွယ်ရေး ဥပဒေမူကြမ်းရေးဆွဲရေး အကြိုအလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၃ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ် Grand Ball Room ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်မွန်မွန်အောင်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အမျိုးသား အမျိုးသမီး တန်းတူညီမျှဖြစ်ရေး ကွန်ရက်အဖွဲ့ဝင်များတက်ရောက်ကြသည်။

လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးဆောင်၍ အမျိုးသား အမျိုးသမီး တန်းတူညီမျှဖြစ်ရေး ကွန်ရက်အဖွဲ့ (GEN)နှင့်ပူးပေါင်းကာ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဥပဒေကို ရေးဆွဲလျက်ရှိပါကြောင်း၊ ဥပဒေရေးဆွဲရာတွင် အာဆီယံနိုင်ငံ ၁၀ နိုင်ငံအပါအဝင် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ဘူတန်၊ သီရိလင်္ကာ၊ နီပေါ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်ဝမ်၊ ဩစတြေးလျ နိုင်ငံ ၂၀ မှ ဥပဒေများအား နှိုင်းယှဉ်ဥပဒေများအဖြစ် လေ့လာပြီး မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများတွင် ပါဝင်သော အမျိုးသမီးများအတွက် ပြဋ္ဌာန်းချက်များကိုပါ ထည့်သွင်းစုစည်းရေးဆွဲသွားမည်ဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနသည် အမျိုးသား အမျိုးသမီး တန်းတူညီမျှဖြစ်ရေး ကွန်ရက်အဖွဲ့နှင့်ပူးပေါင်း၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အမျိုးသမီးများအား အကြမ်းဖက်မှုစစ်တမ်းကို ကောက်ယူမည်ဖြစ်ရာ အဆိုပါစစ်တမ်း၏ ရလဒ်များကိုလည်း ဥပဒေရေးဆွဲရာတွင် အခြေခံအချက်အလက်များအဖြစ် ထည့်သွင်းရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် AFXB အဖွဲ့မှ စီမံချက်ညွှန်ကြားရေးမှူး Daw Pansy Tun Thein က အမျိုးသား အမျိုးသမီး တန်းတူညီမျှဖြစ်ရေး ကွန်ရက်အကြောင်း မိတ်ဆက်ကြိုဆို နှုတ်ဆက်စကား ပြောကြားခဲ့သည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို သက်သေအထောက်အထားနှင့် တင်ပြခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ယဉ်ကျေးမှု၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေများအတွက် အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့် မူဘောင်များခေါင်းစဉ်ဖြင့် တာဝန်ရှိသူများက ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းများဖြင့် ဆောင်ရွက်ခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၄ ရက်အထိ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် မောင်းနှင်သွားလာနေသောယာဉ်မောင်းများ သတိပြုလိုက်နာကြစေရန်

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အမြန်လမ်းမကြီးပေါ်တွင် သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်ခြင်း မပြုကြရန် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ ဘေးဝဲ/ယာတစ်လျှောက်၌ သတိပေးဆိုင်းဘုတ်များ၊ ပညာပေးဆိုင်းဘုတ်များ စိုက်ထူ၍ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် လက်ကမ်းပညာပေးစာစောင်များဖြန့်ဝေပေး၍ ယာဉ်မောင်းများအား သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာစေပြီး ယာဉ်တိမ်းမှောက်မှုနည်းပါးရေးနှင့် ထိခိုက်သေဆုံးမှု လျော့နည်းစေရေးအတွက်လည်း ပညာပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသော်လည်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်နေသော ယာဉ်များကြောင့် ယာဉ်များတိမ်းမှောက်၍ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပွားလျက်ရှိနေဆဲဖြစ်သည်။ သို့ဖြစ်၍ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်နေသော ယာဉ်များအား သတ်မှတ်ထားသော အမြန်နှုန်းအတွင်း ထိန်းချုပ်မောင်းနှင်လာစေရေးအတွက် အရှိန်ထိန်းတိုင်းကိရိယာ Redflex Traffic System(Myanmar Mobile Traffic Rader System)အသုံးပြုတပ်ဆင်ထိန်းချုပ်သွားမည်ဖြစ်ကြောင်းနှင့် သတ်မှတ်မိုင်နှုန်းထက်ပိုမောင်းပါက ဥပဒေနှင့်အညီ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှစ၍ စစ်ဆေးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အမြန်လမ်းမကြီးရဲတပ်ဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# ပြည်တွင်း ကုန်စည်ပို့ဆောင်ခများ မြင့်တက်မှုမရှိ

**ရန်ကုန် မတ် ၂၅**

သင်္ကြန်ပိတ်ရက် နီးလာသော်လည်း ရန်ကုန်မှ မန္တလေးသို့ ပို့ကုန်ကားခနှုန်းများမြင့်တက်လာမှုမရှိဘဲ ဈေးနိမ့်တွင်သာရှိနေရာ ယခုနှစ်မတ်လနောက်ဆုံးပတ်ဈေးနှုန်းများသည် ယခင်နှစ်ကာလတူဈေးနှုန်းထက် ကုန်ပစ္စည်းတစ်တန်လျှင် ကျပ် ၂၀၀၀၀ ဝန်းကျင် ကုန်ပို့ခဈေးနည်းလာကြောင်း မန္တလေးသို့ ကုန်ပို့ဂိတ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

သင်္ကြန်နားနီးသော်လည်း ပို့ကုန်များပေါများစွာရရှိမှုနည်းခြင်း၊ ၂၂ ဘီးနောက်တွဲပါ ကုန်တင်ယာဉ်များ ပြေးဆွဲမှုများလာခြင်းကြောင့် ယခုနှစ်မတ်လနောက်ဆုံးပတ်အစပိုင်းတွင် အောက်ခံကုန် တစ်ပိဿာလျှင် ရန်ကုန်-မန္တလေး ၇၅ ကျပ်နှုန်း၊ ကုန်တစ်တန်လျှင် ကျပ် ၄၅၀၀၀ နှုန်းသာရှိရာ ယခင်နှစ်ကာလတွင် အောက်ခံကုန် တစ်ပိဿာလျှင် ကျပ် ၁၁၀နှုန်း၊ ကုန်တစ်တန်လျှင် ကျပ် ၆၆၀၀၀ နှုန်းနှင့် နှိုင်းယှဉ်လျှင် ကုန်ပို့ခနှုန်းများ ကျဆင်းနေကြောင်း သိရသည်။

မန္တလေးမှ ရန်ကုန်အဆင်းခရီးတွင်လည်း ယခင်နှစ်တွင် အောက်ခံကုန် တစ်ပိဿာ ကျပ် ၄၀-၄၅ ကျပ်နှုန်းရှိရာမှ ယခင်နှစ် မတ်လနောက်ဆုံးပတ်တွင် တစ်ပိဿာ ၂၅ ကျပ်နှုန်းသာရှိနေကြောင်း၊ သင်္ကြန်မတိုင်မီ ကုန်ပစ္စည်းများပို့ရန် ဂိတ်ဖွင့်အလုပ်လုပ်ရက်ဆယ်ရက်ဝန်းကျင်သာ ရှိကြောင်း၊ ရန်ကုန်-မူဆယ်ခရီးစဉ်တွင် ယခုနှစ်မတ်လကုန် နောက်ဆုံးပတ်တွင် ဧရာဝတီတိုင်းဒေသကြီး ရေကြည်-ကျောင်းကုန်းမှ ဖရဲသီးတစ်တန်လျှင် ကျပ် ၁၁၅၀၀၀ ဝန်းကျင်သာရှိပြီး ယခင်နှစ်ကာလတွင် ဖရဲကုန်ပို့ခ တစ်တန်လျှင် ကျပ် ၂၀၀၀၀၀ အထိ မြင့်တက်ခဲ့ဖူးသည်ဟု ဂိတ်ပိုင်ရှင်တစ်ဦးက ဆိုသည်။ ယခုနှစ်တွင် ကုန်ပို့ခဈေးနှုန်းအသွားအပြန် နိမ့်ကျမှုကြောင့် ရန်ကုန်-မန္တလေးခရီးစဉ် အသွားအပြန်တစ်ကြောင်းလျှင် နှစ်ဖက်မြို့များတွင် ကုန်ရရေးစောင့်ဆိုင်းရသည့်ရက်ပေါ်မူတည်၍ ယာဉ်၊ ကုန် ၂၇ တန်ရှိသော ၁၂ ဘီးကုန်တင်ယာဉ်တစ်စီးလျှင် ယာဉ်ပိုင်ရှင်အတွက် ကျပ် ၁၀၀၀၀၀ ဝန်းကျင်မှ ၁၅၀၀၀၀ ဝန်းကျင်သာ ကျန်ရှိကြောင်း ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

ရန်ကုန်-မန္တလေးခရီးမိုင်၏ လေးပုံတစ်ပုံဝန်းကျင်ရှိသော ရန်ကုန်-ပုသိမ်ခရီးစဉ်နှင့် ရန်ကုန်-ဟင်္သာတ ခရီးစဉ်တို့တွင် ကုန်ပို့ခနှုန်းများ နယ်မှအလာကုန်ပို့ခနှုန်းများသည် ယခင်နှစ်ကာလထက် နိမ့်ကျနေသေးသော်လည်း ရန်ကုန်-မန္တလေးခရီးစဉ်၏ အဆင်းကုန်ပို့ခနှုန်းနီးပါး ရှိနေကြောင်း၊ ယခင်နှစ် မတ်လ နောက်ဆုံးပတ်တွင် ပုသိမ်-ရန်ကုန်ခရီးစဉ်တွင် ဆန်တစ်အိတ်ကုန်ပို့ခ ကျပ် ၉၅၀ နှုန်း၊ မြေဆီတစ်အိတ်လျှင် ကျပ်၁၀၅၀ နှုန်း၊ ဟင်္သာတ-ရန်ကုန်တွင် ပဲတစ်အိတ် လှိုင်သာယာသို့ကားခ ကျပ် ၁၀၀၀ နှုန်း၊ ရွှေပြည်သာသို့ ပဲတစ်အိတ်ကားခ ကျပ် ၁၀၅၀ နှုန်းရှိသော်လည်း ယခုနှစ်ကာလတွင် ပုသိမ်-ရန်ကုန် ဆန်တစ်အိတ်ကားခ ကျပ် ၇၀၀ နှုန်း၊ ဟင်္သာတ-ရန်ကုန် (ရွှေပြည်သာ) ကျပ် ၇၅၀ နှုန်းရှိကြောင်း မြစ်ဝကျွန်းပေါ်သွားကုန်တင်ယာဉ်ပိုင်ရှင်များထံမှ သိရသည်။

ယခုနှစ် နှစ်ဆန်းပိုင်း သင်္ကြန်မတိုင်မီ အချိန်ကာလအထိ ကုန်ပို့ခနှုန်းထားများသည် ယခင်နှစ်ကာလထက် ခရီးစဉ်များတွင် နိမ့်ကျနေကြောင်း၊ ကုန်တင်ယာဉ်ပိုင်ရှင်များအတွက် ယခင်ကာလများထက် အကျိုးအမြတ် ရရှိမှုနည်းသွားခြင်းသာရှိပြီး ကားခနှုန်းထားများကြောင့် ကုန်ပစ္စည်းဈေးနှုန်းမြင့်တက်ရသည်ဆိုသော ပြောဆိုချက်များ မရှိနိုင်ဟု တာဝန်ရှိသူတစ်ဦးက ဆိုသည်။

**(မောင်စေအောင်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၆-၃-၂၀၁၃ (အင်္ဂါနေ့)**

**[(၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်နေ့(ဥပုသ်နေ့)]**

| | |
|---|---|
| ၇း၀၀ | ပရိတ်တရားတော် |
| ၇း၄၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၈း၀၀ | "ကြည်ညိုမကုန်အံ့ဖွယ်စုံ လေးဆူဓာတ်ပုံရွှေတိဂုံ" |
| ၈း၃၀ | (၆၈)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် |
| ၈း၄၀ | မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်းတရားတော် |
| ၄း၃၀ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ) |
| ၄း၄၅ | ပြန်ကြားရေးဝန်ကြီးဌာနနိုင်ငံတော် ဆိုင်းဝိုင်းကြီးနှင့် နိုင်ငံတော်သံစုံ တီးဝိုင်းတွဲဖက်ဖျော်ဖြေတင်ဆက်မှု အစီအစဉ် |
| ၅း၂၀ | "ခါနွေဆန်းစတပေါင်းလ" |
| ၅း၃၀ | SEA Games (Go For Gold) (ဗိုဗီနမ်) |
| ၆း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုမငြီးတဲ့ချစ်သမီး" (ဒုတိယတွဲ) (အပိုင်း - ၃၂) |
| ၈း၀၀ | ပြည်တွင်းသတင်း -ချိုမြိန်ရသာမုန့်ကမ္ဘာ -"ရဟန်းစားရသောဆွမ်းတစ်နပ်" (ဇော်လင်း၊ အံ့ကျော်၊ မြတ်သစ်) (ဒါရိုက်တာ - မောင်နှင်းမိုး) -အိန္ဒိယရုပ်ရှင် "ဘယ်အခါပျက်မရတဲ့သစ္စာ" ( ဇာတ်သိမ်း ) |

## သာသနာ့ဝေပုလ္လကျောင်း(သံပန်း)ဥယျာဉ်ကျောင်းတိုက်ဓမ္မကထိကဆရာတော် ဘဒ္ဒန္တဝေပုလ္လဇောတိ(ခိုနားရာဆရာတော်)၏မွေးနေ့မင်္ဂလာဖိတ်ကြားလွှာ

သာသနာ့ဝေပုလ္လကျောင်း(သံပန်း)ဥယျာဉ်ကျောင်းတိုက်သာသနာပြုနယ်လှည့် ဓမ္မကထိက ဘဒ္ဒန္တဝေပုလ္လဇောတိ(ခိုနားရာဆရာတော်) (၄၅)နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမတို့အား ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၃၇၄ခုနှစ်၊ တပေါင်းလပြည့်နေ့(အင်္ဂါနေ့) ၂၆-၃-၂၀၁၃ရက်
ဧည့်ခံချိန် - နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ
နေရာ - သာသနာ့ဝေပုလ္လကျောင်း(သံပန်း)ဥယျာဉ်တိုက်၊ စမ်းချောင်း၊ ရန်ကုန်မြို့။

အဖွဲ့ခွဲအမှတ်(၃၆)
မိုးကုတ်ဓမ္မရိပ်သာ(သာယာဝတီ)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(က/၂)၊ မြေကွက်ပေါ်ရှိ အမှတ်(က/၂)၊ မင်းနန္ဒာလမ်းရှိ ၂ထပ်အိမ်တစ်လုံးအပါအဝင် ၎င်းအိမ်နှင့်မြေ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးလှထွန်းထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နန်းရင်ရင်ဝင်း[၁၃/ကမန(နိုင်)၀၂၃၃၇၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဝယ်ယူရန်စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်မည့်သူရှိပါက (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်း ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်ဌေး
LL.B,Dip in Business Law
တရားလွှတ်တော်ရှေ့နေ
အမှတ်၁၅၊ (ပ)ထပ်၊ ကွက်သစ်လမ်း၊ ကျီတော်ရပ်ကွက်(ရေကျော်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၅၀၄၂၉၆၃

**ရွှေနဂါး**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ/ငွေဆောင်
Ph: 209077, 09-731 67000
209388, 09-731 68000

**ရွှေကမ်းခြေ**
Air-con Express
ပေါ်လီ/ချောင်းသာ
09-861 4228, 09-730 67788
09-430 51977, 01-222 676

**ဇေယျာကျော်**
Mar-
Apr-12
09-73177727,09-5194608

## အမည်ပြောင်း

အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့၊ ကျောက်စက်လမ်းနေ အဖ ဦးဝင်းခိုင်၏သား မောင်အံ့မွန်မောင်အား ယနေ့မှစ၍ မောင်အောင်မြင့်မြတ်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်မြင့်မြတ်

**အနုပညာ**

# (၂၆)ကြိမ်မြောက် NCA ဆုပေးပွဲအခမ်းအနား ကျင်းပ ဆီလီနာဂိုမက်ဇ်နှင့် ခရစ္စတင်းစတီးဝပ်တို့ ဆုများ အသီးသီးရရှိ

အမေရိကန်နိုင်ငံ၏ ရုပ်သံလိုင်းတစ်ခုဖြစ်သည့် Nickelodeon ရုပ်သံလိုင်း၏ နှစ်စဉ်ပေးအပ်ချီးမြှင့်လျက်ရှိသော(၂၆)ကြိမ်မြောက် Nickelodeon's Kids' Choice Awards(NCA) ဆုပေးပွဲအခမ်းအနားကို စနေနေ့ညက လော့စ်အိန်ဂျလိစ်မြို့ ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းတက္ကသိုလ်ရှိ Galen စင်တာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကေတီပယ်ရီ၊ ခရစ္စတင်းစတီးဝပ်နှင့် ဆီလီနာဂိုမက်ဇ်တို့အား NCA ဆုပေးပွဲအခမ်းအနား၌ တွေ့ရစဉ်။

အဆိုပါဆုပေးပွဲအခမ်းအနားတွင် ဗြိတိန်မှ One Direction အဖွဲ့က What Makes You Beautiful သီချင်းဖြင့် အကြိုက်ဆုံးဂီတအဖွဲ့ဆုကိုလည်းကောင်း၊ အကြိုက်ဆုံးအမျိုးသားတေးသံရှင်ဆုကို ဂျက်စတင်ဘီဘာက လည်းကောင်း၊ အမျိုးသမီးတေးသံရှင်ဆုကို ကေတီပယ်ရီက လည်းကောင်း၊ အကြိုက်ဆုံး အမျိုးသား ရုပ်ရှင်သရုပ်ဆောင်ဆုကို မင်းသား ဂျွန်နီဒိ(ပ်)ကလည်းကောင်း၊ အမျိုးသမီး ရုပ်ရှင်သရုပ်ဆောင်ဆုကို The Twilight Saga: Breaking Dawn - Part 2 ဇာတ်ကားဖြင့် မင်းသမီး ခရစ္စတင်းစတီးဝပ်ကလည်းကောင်း၊ အကြိုက်ဆုံးတီဗွီမင်းသမီးဆုကို ဆီလီနာဂိုမက်ဇ်ကလည်းကောင်း၊ တီဗွီမင်းသားဆုကို ရော့စ်လန့်ချ်က လည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

ဆက်လက်ပြီး အကြိုက်ဆုံးရုပ်ရှင်ဇာတ်ကားဆုကို The Hunger Games ဇာတ်ကားကလည်းကောင်း၊ အကြိုက်ဆုံးအန်နီမေးရှင်းရုပ်ရှင်ဆုကို Wreck-It Ralph ဇာတ်ကားကလည်းကောင်း အသီးသီးရရှိခဲ့ကြကြောင်း သိရသည်။

# The Croods သရီးဒီရုပ်ရှင် ဝင်ငွေအကောင်းဆုံးဇာတ်ကားအဖြစ် ထိပ်ဆုံးမှရပ်တည်

သရုပ်ဆောင် နီကိုးလပ်စ်ကေ့ချ်နှင့် အမ်မာစတုန်းတို့က အသံသရုပ်ဆောင်များအဖြစ် ပါဝင်သရုပ်ဆောင်ပေးထားသည့် The Croods အမည်ရှိ သရီးဒီရုပ်ရှင်သည် Mojo box office တွင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၇ သန်းနှင့် တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀၈ သန်းဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိကြောင်းသိရသည်။

ထို့ပြင် ဒါရိုက်တာ Antoine Fuqua ရိုက်ကူးထားပြီး သရုပ်ဆောင် ဂျရတ်ဘတ်ထ်လာ၊ အာရွန်အက်ကဟတ်တ်၊ မော်ဂန်ဖရီးမန်းနှင့် မင်းသမီး အန်ဂျလာဘတ်ဆက်တ်တို့ အဓိကပါဝင်သရုပ်ဆောင်ထားသော Olympus Has Fallen အမည်ရှိ သည်းထိတ်ရင်ဖို အက်ရှင်ဇာတ်ကားက ဝင်ငွေအမေရိကန်ဒေါ်လာ ၃၀ ဒသမ ၅ သန်းဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။

ဆက်လက်ပြီး မကြာမီကမှ Hollywood Walk of Fame အဖြစ် ဂုဏ်ပြုခံထားရသော သရုပ်ဆောင် ဂျိမ်းစ်ဖရန်ကိုပါဝင်သရုပ်ဆောင်ထားသည့် Oz The Great and Powerful ဇာတ်ကား၏ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၀၃၁ ဖြင့် တတိယနေရာတွင်လည်းကောင်း၊ The Call အမည်ရှိ အမေရိကန်ရုပ်ရှင်က ဝင်ငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၇ သန်းဖြင့် စတုတ္ထနေရာတွင်လည်းကောင်း၊ Admission ဟာသဇာတ်ကားက ဝင်ငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၄၆ ဖြင့်ပဉ္စမနေရာတွင်လည်းကောင်း၊ သရုပ်ဆောင် ဆီလီနာဂိုမက်ဇ်ပါဝင်သရုပ်ဆောင်ထားသော Spring Breakers ဟာသမှုခင်းဒရာမာဇာတ်ကားက ဝင်ငွေငါးသန်းဖြင့် ဆဋ္ဌမနေရာတွင် လည်းကောင်း အသီးသီးရပ်တည်နေကြကြောင်း သိရသည်။

**ဖြိုးစန္ဒာမြင့် စုစည်းသည်**

# ကမ္ဘာ့ ဒုတိယအကြီးဆုံးရုပ်ရှင်ဈေးကွက်အဖြစ် တရုတ်ရပ်တည်

တရုတ်နိုင်ငံ၏ ရုပ်ရှင်ဈေးကွက်သည် ဂျပန်နိုင်ငံ၏ရုပ်ရှင်ဈေးကွက်ကိုကျော်လွန်ကာ ဟောလိဝုဒ်ရုပ်ရှင် ထုတ်လုပ်သူများ၏ အားထားဖွယ်ရာ ကမ္ဘာ့ရုပ်ရှင်လောကတွင် ဒုတိယအကြီးဆုံးရုပ်ရှင်ဈေးကွက်အဖြစ် အရှိန် အဟုန်ဖြင့် တိုးတက်လျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံ ရုပ်ရှင်ဈေးကွက်၏ ၂၀၁၂ ခုနှစ်အတွင်း ဝင်ငွေသည် ၃၆ ရာခိုင်နှုန်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံ အထိ တရိပ်ရိပ်တိုးတက်လျက်ရှိကြောင်း အမေရိကန်ရုပ်ရှင်အစည်းအရုံးက ပြောကြား ခဲ့သည်။

တရုတ်နိုင်ငံပြည်တွင်း၌ နိုင်ငံခြားရုပ်ရှင်များပြသမှုထိန်းချုပ်ကန့်သတ်ချက်များ အနည်းငယ်လျော့နည်း လာခဲ့ပြီးနောက် ယခုကဲ့သို့ ဝင်ငွေများတိုးတက်လာခဲ့ခြင်းဖြစ်ကြောင်းနှင့် ယမန်နှစ်အတွင်းက နိုင်ငံခြား သရီးဒီရုပ်ရှင်ကား လေးပုံတစ်ပုံကို ပြည်တွင်း၌ ပြသခွင့်ပေးခဲ့ကြောင်း သိရသည်။

ပေကျင်းတွင် နိုင်ငံခြားရုပ်ရှင်ပြသမှုထိန်းချုပ်ချက်များကို အနည်းငယ်လျှော့ချပြီးသည့်နောက်ပိုင်း တရုတ်နိုင်ငံ ရုပ်ရှင်လောက၏ အမြတ်ငွေသည်လည်း တရိပ်ရိပ်တိုးတက်လာခဲ့ကြောင်း၊ အရည်အသွေးကောင်း ဇာတ်ကားများကို ထုတ်လုပ်ရန် စိတ်ဆန္ဒများရှိပါကြောင်းဖြင့် ရုပ်ရှင်ထုတ်လုပ်သူများက ဆိုသည်။

# ကိုရီးယားကြယ်ပွင့် ချွဲမြောင်ဂီကို ထပ်မံတွေ့မြင်ရမည့် Gold, Appear! ကိုရီးယားဒရာမာဇာတ်ကား

တောင်ကိုရီးယားဒါရိုက်တာ ဟာချောင်အို၏ အလယ်လတ်တန်းစားနှင့် လူကုံထံအသိုင်းအဝိုင်း နှစ်ခုကြား ဖြစ်ပျက်လေ့ရှိသော ပဋိပက္ခများကို ပုံဖော်ရိုက်ကူးထားသည့် Gold, Appear အမည်ရှိ ကိုရီးယားဒရာမာဇာတ်ကားကို လာမည့် ဧပြီ ၆ ရက်တွင် ကိုရီးယား နိုင်ငံ ကေဘီ အက်စ်ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် ကိုရီးယားသရုပ်ဆောင် ချွဲမြောင်ဂီနှင့် ဘတ်ဂျင်ဟီး တို့က အဓိကသရုပ်ဆောင်များအဖြစ် ပါဝင်သရုပ်ဆောင်ကြမည် ဖြစ်ပြီး ယင်းဇာတ်ကားသည် သရုပ်ဆောင် ချွဲမြောင်ဂီ၏ တစ်နှစ်နှင့်သုံးလ အကြာတွင် ကေဘီအက်စ်ရုပ်သံ လိုင်းနှင့် ပြန်လည်ရိုက်ကူး သော ပထမဆုံး ဇာတ်ကားလည်း ဖြစ်သည်။

ယင်းဇာတ်ကားတွင် သရုပ်ဆောင် ဘတ်ဂျင်ဟီးကို ဟန်ဂျီဟေး၏ အငယ်ဆုံး ညီမလေးတစ်ယောက်အဖြစ် တွေ့မြင်ရမည်ဖြစ်ပြီး ချွဲမြောင်ဂီကမူ လက်ဝတ်ရတနာအရောင်းဆိုင်တစ်ဆိုင်၏ စီမံခန့်ခွဲမှုတာဝန်ယူရသော ဝန်ထမ်းတစ်ဦးအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားတွင် သရုပ်ဆောင်ချွဲမြောင်ဂီက သမီးဖြစ်သူနှင့် ချမ်းသာ သောအသိုင်းအဝိုင်းမှ ချွေးမဖြစ်သူတို့အတွက် ပူဆွေးသောကများကို ဖုံးကွယ်ကာ သား သမီးများပျော်ရွှင်အောင်သာ လုပ်ပေးလိုစိတ်ပြင်းပြသည့် သက်လတ်ပိုင်း အရွယ် မိခင်တစ်ဦးအနေဖြင့် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။


"သမီးဦးရတနာအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း"
ကိုဇော်မြင့်သန်း + မနန်းဖြူချိုချိုတို့၏ သမီးဦးရတနာလေးကို (၂၈)ရက်၊ မတ်လ၊ ၂၀၁၃ခုနှစ် ... တွင် မွေးဖွား သန့်စင်သည့် အတွက်ဂုဏ်ယူ ဝမ်းသာပျော်ရွှင် ရပါသည်။
Cat's Hair Care & Crystal Shine Co.,Ltd.

နန်းထိုက်တော်ဝင် စားသောက်ကုန် နည်းပညာ သင်တန်း
အရင်း နည်းနည်း အမြတ်များများ ဈေးနှုန်းသက်သာ (ဝန်တည်း)

POST ဝင်ခွင့်သင်တန်း တန်းခွဲသစ်စမည်
မူလတန်းပြဆရာ/မ သင်တန်းစပြီ - စာအုပ်ရပြီ

အာရှနဂါး
ချောင်းသာ/ငွေဆောင်
နံနက်/ည
Ph : 703790,09-861-9008
707062,09-861-7770

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ(နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph:209200,430480,544383

ငွေရှည်ဖွဲ့လွှမ်းမက်ခြေရာ
ထွက်ပြီ

ရွှေစိုးစည်
708342, 0949219404, 373275

Golden Hope
Ph-200276,703220,0973124222

BLT Air-Con Express
ကျိုက်ထီးရိုး 9000
ချောင်းသာ 9000
09-73163534, 09425033245

80,000/-
1,00,000/-
1,30,000/-

ပျောက်ဆုံး
ကျွန်မဒေါ်တင်အေး (ဘ)ဦးကြာလှိုင် ကိုင်ဆောင်သည့် မနလအမှတ်-A-၄၃၂၇၉၃ မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဒေါ်တင်အေး ဖုန်း-၀၉-၄၉၈၂၀၄၃၃

အိမ်ရောင်းမည်
တောင်ဥက္ကလာပ (၁၃)ရပ်ကွက်၊ ကောလိယ(၂၁)လမ်း၊ ပေ(၂၀x၆၀)၊ သိန်း (၃၇၀) ဆက်သွယ်ရန်ဖုန်း- ၀၉၇၃၁၆၅၂၆၆၀၉-၅၁၀၀၄၆၉၄

မီး သတိပြု

အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်းမှန်စေတဲ့
မုံရွာဆရာမိုး
အမှတ်တံဆိပ်
ကျောက်တစ်လုံးဝမ်းမှန်ဆေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0412YR004687

စားဝင်အိပ်ပျော် မူးမောကင်းဝေး
မုံရွာ ဆရာမိုး
အမှတ်တံဆိပ်
အမောလုံ နှလုံးအားဆေး
0114 Y 010736

အားကစား

# မော်ရင်ဟို ချယ်လ်ဆီးနည်းပြ ဖြစ်လာမည်လား

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဟိုဆေးမော်ရင်ဟိုသည် ယခုနှစ်ဘောလုံးရာသီကုန်ပါက ရီးယဲလ်မက်ဒရစ်ကို စွန့်ခွာရန်ရှိနေပြီး လန်ဒန်မြေမှ အသင်းဟောင်းဖြစ်သည့် ချယ်လ်ဆီးအသင်းသို့ ပြန်လည်၍တာဝန်ယူကိုင်တွယ်ရန် ကြီးမားသောဆန္ဒတစ်ခုဖြစ်ပေါ်နေကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းကို ကိုင်တွယ်ခဲ့စဉ်က အောင်မြင်မှုသရဖူများ ဆောင်းနိုင်ခဲ့သော ပေါ်တူဂီနိုင်ငံသားနည်းပြကြီး စပယ်ရှယ်ဝမ်းမော်ရင်ဟိုအား ချယ်လ်ဆီးပရိသတ်များကလည်း စတမ်းဖို့ဒ်ဘရစ်ချ်သို့ ပြန်လာလိုကြောင်း ဖွင့်ဟနေသည့်အပြင် လက်ရှိချယ်လ်ဆီး ယာယီနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်နေရာတွင် စပယ်ရှယ်ဝမ်းမော်ရင်ဟိုကို မြင်တွေ့ရန်မျှော်လင့်ထားကြသည်။

ထို့ကြောင့် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် မော်ရင်ဟို ချယ်လ်ဆီးအသင်းသို့ ပြန်လာမည်လားဆိုတာ စိတ်ဝင်စားဖွယ်ကောင်းနေခဲ့သည်။ သို့ရာတွင် ချယ်လ်ဆီးအသင်းသို့ ပြန်လာမည်ဆိုသော သတင်းများ မထွက်ပေါ်မီ အသင်းဟောင်းအင်တာမီလန်ကို ကိုင်တွယ်လိုသည်ဟူသော သတင်းစကားများလည်း ထွက်ပေါ်ခဲ့ရသည်။

မည်သို့ပင်ဆိုစေ ယခုနှစ်ရာသီကုန်ပါက မော်ရင်ဟိုအနေဖြင့် လက်ရှိကလပ် ရီးယဲလ်မက်ဒရစ်ကိုတော့ စွန့်ခွာတော့မည်မှာသေချာကြောင်းနှင့် ယင်းသို့စွန့်ခွာပါက ချယ်လ်ဆီးအသင်းနှင့် အင်္ဂလန်ဘောလုံးလောကကို ချစ်မြတ်နိုးနေသည့် ၎င်း၏ရည်ရွယ်ရင်းကိုမူ လျှို့ဝှက်မထားဘဲ စတမ်းဖို့ဒ်ဘရစ်ချ်သို့ ပြန်လာရေးမှာ ရာနှုန်းများနေသည်ဟု ဆိုသည်။

ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်သည်လည်း မေလထဲတွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ယာယီနည်းပြဘင်နီတက်ဇ်နေရာတွင် အေစီမီလန်၊ မန်စီးတီးနှင့် ပီအက်စ်ဂျီအသင်းတို့၏ စိတ်ဝင်စားမှုခံထားရသော ဝါရင့်နည်းပြကြီးမော်ရင်ဟိုဖြင့် အစားထိုးရန်မျှော်လင့်နေကြောင်း သိရသည်။

အင်တာမီလန်အသင်းက နည်းပြအန်ဒရီရာစထရာမက်စီယိုနီ၏နေရာတွင် အစားထိုးခေါ်ယူရန် ကြိုးပမ်းနေသည့်အပြင် ပီအက်စ်ဂျီအသင်းကလည်း မော်ရင်ဟိုအား ပြင်သစ်မြေသို့ အရောက်ခေါ်ယူရန် ပြင်ဆင်နေကြသော်လည်း လက်ရှိတွင် ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်နှင့် ဆွေးနွေးမှုများပြုလုပ်ထားကြောင်း ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ စပယ်ရှယ်ဝမ်း မော်ရင်ဟိုက ဆိုသည်။

# ကွန်ပနီနှင့် အဂူရိုအား ဘာစီလိုနာခေါ်ယူလိုကြောင်းဖွင့်ဟ

စပိန်လာလီဂါရပ်ဝန်းကို အလွှမ်းမိုးထားနိုင်ဆုံးဟု ဆိုရလောက်သည့် ဘာစီလိုနာအသင်းသည် မန်စီးတီးအသင်းမှ ကွန်ပနီနှင့်အဂူရိုတို့အား လာမည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူလိုကြောင်း ပြောကြားခဲ့သည်။

ယင်းမှာလည်း ဘာစီလိုနာတိုက်စစ်မှူး ဒေးဗစ်ဗီလာကို စာချုပ်သစ်ချုပ်ရန်နှင့် ဒေါ့မွန်ကစားသမား မက်ဟမ်မဲလ်ကို ခေါ်ယူရန် အကောင်အထည်မပေါ်မှသာလျှင် ကွန်ပနီနှင့်အဂူရိုကို ခေါ်ယူမည်ဟု ဆိုသည်။

သို့ရာတွင် လက်ရှိ၌ ဘာစီလိုနာအသင်း၏ နွေရာသီကာလကစားသမားခေါ်ယူမှုစာရင်း၌ မန်စီးတီးကစားသမားများဖြစ်သည့် ကွန်ပနီနှင့်အဂူရိုတို့မှာ ထိပ်ဆုံးမှ ရှိနေကြောင်း ဘာစီလိုနာအားကစား ဒါရိုက်တာ ဇူဘီဇာရတ်တာက ဆိုသည်။

ယခုနှစ်နွေရာသီတွင် စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာကို ဆက်မထိန်းနိုင်ခဲ့ပါက ဒေါ့မွန်အသင်းမှ မက်ဟမ်မဲလ်ကို ခေါ်ယူမည်ဖြစ်ကြောင်းနှင့် မက်ဟမ်မဲလ်ကို နူးကမ့်သို့ မခေါ်နိုင်မှသာ မန်စီးတီးအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး ဆာဂျီယိုအဂူရိုကို ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် မန်စီးတီးအသင်းက ပြီးခဲ့သည့်နှစ်က ပရီမီယာလိဂ်ဖလားကို ရယူပေးခဲ့ရာတွင် ပါဝင်ခဲ့သော မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီနှင့် တိုက်စစ်မှူး အဂူရိုတို့ကို အသင်း၌ ဆက်ရှိနေရေးကြိုးပမ်းသွားမည်ဟုဆိုသည်။

# နာပိုလီမှ ထွက်ခွာတော့မည့် တိုက်စစ်မှူးကာဗာနီကို မန်စီးတီးနှင့် ချယ်လ်ဆီးခေါ်ယူရန် ပစ်မှတ်ထားနေ

ပရီမီယာလိဂ်၏ ထိပ်တန်းအဆင့်ရှိ အသင်းကြီးနှစ်သင်းဖြစ်သည့် မန်စီးတီးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့သည် အီတလီစီးရီးအေကလပ် နာပိုလီအသင်းမှ ထွက်ခွာဖွယ်ရှိနေသည့် တိုက်စစ်မှူးကာဗာနီကို အင်္ဂလန်မြေသို့ ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

သို့ရာတွင် တိုက်စစ်မှူးကာဗာနီအနေဖြင့် ချယ်လ်ဆီးနှင့် မန်စီးတီးတို့က စိတ်ဝင်စားနေသော်လည်း လာမည့် ဘောလုံးရာသီတွင် ဘယ်အသင်းကို ရောက်ရှိမည်လဲဆိုသည့် မေးခွန်းကို တိကျစွာဖြေကြားရန် မဆုံးဖြတ်ရသေးကြောင်းနှင့် နာပိုလီ၌ပင် ဆက်ရှိနေမည်လားဆိုတာ ဝေဝါးနေဆဲ ဖြစ်ကြောင်း ဆိုသည်။

ကာဗာနီသည် နာပိုလီအသင်းအတွက် ၃၃ ပွဲတွင် ၂၇ ဂိုးအထိသွင်းယူပေးနိုင်ခဲ့သည်။ ထို့ကြောင့် နာပိုလီအသင်းသည် တိုက်စစ်မှူးကာဗာနီ၏ စွမ်းဆောင်ရည်ကောင်းမွန်မှုနှင့်အတူ အီတလီစီးရီးအေ၏ အမှတ်ပေးဇယားတွင်လည်း ဒုတိယနေရာတွင် ရပ်တည်နေခဲ့သည်။

## နိုင်လင်းကြည်

ထို့ကြောင့် မန်စီးတီးအသင်း မန်နေဂျာ မန်စီနီက နာပိုလီအသင်းမှ ဥရုဂွေးတိုက်စစ်မှူး ကာဗာနီအား စာချုပ်ချုပ်ဆိုခေါ်ယူရန် ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့အပြင် မန်စီနီက တိုက်စစ်မှူး ကာဗာနီအား ခေါ်ယူရေးနှင့် ပတ်သက်၍ ၎င်းအားခေါ်ယူရန်လိုသည့် အသင်းများနှင့် အပြိုင်ကြိုးပမ်းသွားရန်ရှိကြောင်းလည်း ဆိုသည်။ မန်စီးတီးအသင်းသည် နာပိုလီတိုက်စစ်မှူး ကာဗာနီကို ပစ်မှတ်ထားနေသည့်အပြင် အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် အကောင်းဆုံးစွမ်းဆောင်ပေးနေသော ကိုလံဘီယာတိုက်စစ်မှူး ဖယ်ကာအိုကိုလည်း စိတ်ဝင်စားနေကြောင်း သိရသည်။

# စာချုပ်ချုပ်ဆိုရေးကမ်းလှမ်းမှုတွင် နယူးကာဆယ်အသင်းလိမ်လည်ခဲ့ကြောင်း မိုက်ကယ်အိုဝင်ပြောကြား

လက်ရှိ စတုတ်စီးတီးတိုက်စစ်မှူး မိုက်ကယ်အိုဝင်အား ၂၀၀၉ ခုနှစ်အတွင်းက စာချုပ်ချုပ်ဆိုခေါ်ယူမည်ဟု ကမ်းလှမ်းလာမှုဖြင့် နယူးကာဆယ်အသင်းလိမ်လည်ပြောကြားခဲ့ကြောင်း အိုဝင်က ဖွင့်ဟပြောကြားခဲ့သည်။

ယင်းမှာလည်း နယူးကာဆယ်အသင်းတွင် လေးနှစ်ကြာကစားခဲ့ပြီးဖြစ်၍ လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ဘောလုံးသမားဘဝမှ အနားယူတော့မည်ဟု အခိုင်အမာပြောကြားခဲ့ပြီးနောက် တိုက်စစ်မှူး မိုက်ကယ်အိုဝင်က ၎င်း၏တွစ်တာ စာမျက်နှာတွင် ရေးသားဖော်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


ကောင်းကင်သစ် 09-73207416, 09-43098308
+ ပုဂံ(ညောင်ဦး) ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ
Mar 29 Apr 5, 11, 12, 13, 17

COHABO
ချောင်းသာ/ငွေဆောင်
စရိတ်ငြိမ်း - 70000
Ph-203519
09 516 1773, 09 731 61773

To Open Mind and Knowledge of Society
MYANMAR NEWSWEEK JOURNAL
နောက်ဆုံးရပြည်တွင်းပြည်ပသတင်းစုံလင်စွာဖြင့် အင်္ဂါနေ့တိုင်းထွက်ပြီ

ရွှေကြေးစည် - သကြၤန်ခရီးစဉ်များ
ဧပြီ ၁၂/၁၃
☎ 240860/372290 ... 09-49282825

ရွှေထိပ်တန်း သင်္ကြန်ကြိုတင်ရောင်းပြီ
ချောင်းသာ
+ ကျိုက်ထီးရိုး
+ ငွေဆောင်
01-710436, 701015, 095403844, 09-5044830

GOLDEN STAR Travels & Tours
☆ ရွှေစက်တော်၊ ပုဂံ(ညောင်ဦး)-ပုပ္ပါး Apr-12
☆ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ Apr-12
☆ ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး-ပင်းတယ Apr-12
☆ မန္တလေး-ပြင်ဦးလွင်-လားရှိုး-မူဆယ်-ရွှေလီ Apr-12
☆ တောင်ကြီး-အင်းလေး-ပင်းတယ Apr-12,13,17
☆ ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480, 703448, 09-5081580

ထက်ဝေယံစာပေ
၂၀၁၂
ခေတ်ပြိုင်ရက်စွဲမှတ်တမ်း
ထွက်ပြီ 09- 8614882 , 09-448016576

စိန်ဘယက်
အပူငြိမ်းဆေး

စာပေလောက
ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း
ဆိုင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်
စာအုပ်အမျိုးအစားစုံလင်စွာ နှင့် စာရေးကိရိယာမျိုးစုံ
၁၀% လျှော့ဈေး
၂၇၊ ၃၊ ၂၀၁၃ မှ ၃၀၊ ၃၊ ၂၀၁၃
ဆိုင်ဖွင့်ချိန်။ ။ နံနက် ၇း၃၀ နာရီမှ ည ၉း၀၀ နာရီထိ
အမှတ် ၃၂၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၂၁၃၃၇၇၂

# စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများ လျော့နည်းလာ

**ရန်ကုန် မတ် ၂၅**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ မြို့နယ်အသီးသီးတွင် အမှိုက်ပုံး၊ အမှိုက်ကန်များဖြန့်ကြက်စီစဉ်ဆောင်ရွက်ပေးထားမှုကြောင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ တဖြည်းဖြည်း လျော့နည်းသွားကြောင်း မြို့တော်နေသူများထံမှ ကြားသိရသည်။

"အရင်တုန်းက အမှိုက်ပုံး၊ အမှိုက်ကန်တွေမရှိတော့ အမှိုက်တွေကို ကြုံသလို စွန့်ပစ်နေရတာ၊ အခုတော့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ သန့်ရှင်းရေးဌာနက အမှိုက်စွန့်ပစ်ဖို့ အမှိုက်ပုံး၊ အမှိုက်ကန်တွေ ဖြန့်ကြက်ပေးထားတော့ အမှိုက်စွန့်ပစ်ဖို့ အဆင်ပြေသွားပြီ" ဟု မရမ်းကုန်းမြို့နယ်နေ အိမ်ရှင်မတစ်ဦးက မီးဖိုချောင်ထွက် စွန့်ပစ်အမှိုက်များအား အမှိုက်ကန်တွင် လာစွန့်ရင်း ပြောသည်။

ယခုအခါ မြို့တော်ရန်ကုန်တွင် ယခင်ကထက် လူဦးရေ ပိုမိုများပြားလာသဖြင့် စွန့်ပစ်အမှိုက်များလည်း တစ်နေ့တခြား များပြားလာသည်။ ထို့ကြောင့် မြို့နယ်အသီးသီးတွင် အမှိုက်ပုံးများ ထပ်မံလိုအပ်မှုရှိနေသေးသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ မရမ်းကုန်းမြို့နယ်သို့ ၆၆၀ လီတာဆံ့ အမှိုက်ပုံး ၅၄ ပုံးနှင့် ၂၄၀ လီတာဆံ့ အမှိုက်ပုံး ခြောက်ပုံး စုစုပေါင်း အမှိုက်ပုံး ၆၀ ထပ်မံပေးပို့ထားသည်ကို မြို့နယ် သန့်ရှင်းရေးတပ်ခွဲရုံး၌ မြင်တွေ့ရသည်။ **(ယာပုံ)**

အဆိုပါ မရမ်းကုန်းမြို့နယ်တွင် ယခင်က ဒေသခံများအမှိုက်စွန့်ပစ်ရန်အတွက် အမှိုက်ပုံး ၈၆ ပုံး၊ အမှိုက်ကန် ၃၃ ကန် စီစဉ်ဆောင်ရွက်ပေးထားကြောင်း မြို့နယ်သန့်ရှင်းရေးတပ်ခွဲရုံးမှ တာဝန်ရှိသူတစ်ဦး ပြောကြားမှုအရ သိရသည်။ **(မောင်သုည)**

# နေပြည်တော် တပ်ကုန်းမြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မတ် ၂၅**

မတ် ၂၄ ရက် ည ၁၁ နာရီ ၅၅ မိနစ်ခန့်က နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေးစုကျေးရွာနေ ဦးမောင်စိုး ကြက်ခြံတွင် ကြက်ပေါက်များအား မီးပူပေးထားရာမှ မီးစတင်လောင်ကျွမ်းရာ မီးသတ်ယာဉ် တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ခုနစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ မတ် ၂၅ ရက် နံနက် ၁ နာရီခန့်တွင် မီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် ၂၄ ရက်သား ကြက်ပေါက်အကောင် ၄၀၀ နှင့် ကြက်ခြံ ပေ ၃၀ × ပေ ၇၀ အဆောက်အအုံတစ်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

**(နေပြည်တော်-အောင်ကျော်)**

# ရွှေပြည်သာ၌ လူသတ်မှုဖြစ်ပွား

**ရန်ကုန် မတ် ၂၅**

မတ် ၂၁ ရက် ည ၇ နာရီတွင် ရွှေပြည်သာမြို့နယ် လှော်ကား၊ စမ်းချောင်းကြီးကွက်သစ်နေ မခင်မာကြည် (၃၈)နှစ်သည် တစ်ရပ်တည်းနေ တူမဖြစ်သူ မနီနီခိုင်၏တဲထဲ၌ စကားပြောနေစဉ် မနီနီခိုင်၏ ခင်ပွန်း မောင်ဇော်(၃၀)နှစ် (အုတ်ဖုတ်လုပ်ငန်း)သည် တဲအတွင်းဝင်ရောက်လာကာ ဓားယူ၍ ပြန်ထွက်သွားသည်။

ထို့နောက်တဲရှေ့ပေ ၃၀ ခန့်အကွာတွင် မခင်မာကြည်၏ ခင်ပွန်း ကိုဇော်ဝမ်း(၃၉)နှစ် (အုတ်ဖုတ်လုပ်ငန်း)နှင့် လုံးထွေးသတ်ပုတ်နေသည်ကို တွေ့ရှိရ၍ မခင်မာကြည်သည် အလုပ်သမားခေါင်းဆောင်ကိုပေါက်စီထံ သွားရောက်ပြောပြပြီး ပြန်လာစဉ် ခင်ပွန်းကိုဇော်ဝမ်းမှာ အခင်းဖြစ်နေရာတွင် ယာရင်အုံနှင့် လည်ပင်းအောက် ထိုးသွင်းဒဏ်ရာ တစ်ချက်စီ၊ မေးစေ့အောက် ပေါက်ပြဲဒဏ်ရာ နှစ်ချက်စီတို့ရရှိကာ သေဆုံးနေသည်ကို တွေ့ရှိရပြီး မောင်ဇော်မှာ ထွက်ပြေးသွားသောကြောင့် အရေးယူပေးရန်တိုင်တန်းမှုအားလှော်ကားရဲစခန်းက (ပ)၁၉/၁၃ ပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ပြီး တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။

**(၃၁)**

# ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်

**ရန်ကုန် မတ် ၂၅**

ဧရာဝတီမြစ်ကူး ဗိုလ်မြတ်ထွန်းတံတား ရေလမ်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၁)နှင့်(၁၂) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၀)နှင့်(၁၁)အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၁၃ ခုနှစ် မတ် ၂၉ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၂)နှင့် (၁၃)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၁)နှင့်(၁၂)အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၆၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၅၅ ပေရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့်အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွဲတွန်းရေယာဉ်များတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# ထော်လာဂျီတိုက်မိ၍ ကလေးငယ်တစ်ဦး သေဆုံး

**ရန်ကုန် မတ် ၂၅**

မတ် ၂၁ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းအတိုင်း မဝတလမ်းဆုံဘက်မှ တောင်/မြောက်လမ်းဆုံဘက်သို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စည်ပင်ဝန်ထမ်းလိုင်းနေ ယာဉ်မောင်း ဇော်လင်းထွန်း (၂၂)နှစ် မောင်းနှင်လာသည့် ယာဉ်အမှတ် ၉၅/--- ထော်လာဂျီယာဉ်သည် ကပရမှတ်တိုင်အနီးအရောက် လမ်းဘေး၌ ကလေးချီ၍ ရပ်နေသူ မယဉ်မိုးအေး(၃၆)နှစ် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေသူအား တိုက်မိပြီး လဲကျနေစဉ် ကားရှေ့ဘီးနှင့် ကြိတ်မိသည်။

မယဉ်မိုးအေးတွင် ယာလက်မောင်း ဒဏ်ရာရကာ မြောက်ဥက္ကလာပ ဆေးရုံ၌ ဆေးကုသရပြီး ၎င်းချီထားသော မောင်သုခပြည့်စုံ သုံးနှစ်မှာ ဦးခေါင်းဝဲဘက် ဒဏ်ရာရရှိကာ သေဆုံးသွား၍ ယာဉ်မောင်းအား ဒဂုံမြောက် ရဲစခန်းမှ ယာဉ်(ပ) ၆/၂၀၁၃ ပုဒ်မ ၃၃၈/၃၀၄ (က) ဖြင့် အရေးယူထားကြောင်း သိရသည်။ **(၃၁)**

# နွားလှည်းနှင့် ဆိုင်ကယ်တိုက်မိ၍ ဆိုင်ကယ်မောင်းသူ သေဆုံး

**စစ်ကိုင်း မတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့အနောက်ဘက် သုံးမိုင်အကွာ ပန်းတင်ကျေးရွာအနီး ကောလင်း-ဥက္ကံလမ်းမကြီးပေါ်တွင် မတ် ၂၀ ရက် ည ၉ နာရီခွဲခန့်က မော်တော်ယာဉ်အားကျော်တက်သော ဆိုင်ကယ်စီးနင်းသူ ကိုကိုလွင် (၄၀) နှစ် လျှပ်စစ်မီးပြုပြင်သူ မြို့မမြို့ကုန်းရပ် ကောလင်းမြို့နေသူမှာ နွားလှည်းဖြင့် ဝင်တိုက်မိ၍ သေဆုံးခဲ့ရသည်။

ဖြစ်စဉ်မှာ မတ် ၂၀ ရက် ည ၉ နာရီခွဲတွင် ကောလင်း-ဥက္ကံလမ်းမပေါ်တွင် ဦးကူး(၅၈)နှစ် တောင်သူ ပန်းတင်ကျေးရွာ နန္ဒင်းတောအုပ်စု ကောလင်းမြို့နေသူသည် ဇနီးဖြစ်သူ ဒေါ်အေးပုနှင့်အတူ မုရင်းစပါးခင်းမှ ပန်းတင်ကျေးရွာနေအိမ်သို့ ကောလင်း-ဥက္ကံလမ်းမပေါ် နွားလှည်းဖြင့် ဘယ်ဘက်ယာဉ်ကြောအတိုင်း အနောက်မှ အရှေ့သို့ မောင်းနှင်လာစဉ် မျက်နှာချင်းဆိုင်မှ ကုန်တင်ယာဉ်တစ်စီး လှည်းညာဘက်မှ ရှောင်၍ မောင်းသွားရာ အဆိုပါ မော်တော်ကားညာဘက်မှ ကျော်တက်လာသော ကိုကိုလွင်စီးနင်း မောင်းနှင်လာသည့် ဂျာလင်းဆိုင်ကယ်နှင့်တိုက်မိရာ ကိုကိုလွင်၏ ရင်ဘတ်ဖူးရောင်ဒဏ်ရာနှင့် နဖူး၊ ဦးခေါင်းနှင့် နှုတ်ခမ်းတို့တွင် ပေါက်ပြဲသွေးထွက်ဒဏ်ရာရရှိပြီး ကိုကိုလွင်မှာ သေဆုံးခဲ့ရသည်။

အဆိုပါ အမှုနှင့်ပတ်သက်၍ ယာဉ်ကြောပြောင်းပြန်မောင်းနှင်လာသူ ဦးကူးအား ကောလင်းမြို့နယ် ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၂၁၄)**

## (ရွှေမင်းကံ) "ဂုဏဝိသိဋ္ဌပူဇာ"

နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနမှ ၄-၁-၂၀၁၃ခုနှစ် (လွတ်လပ်ရေးနေ့)တွင် "သဒ္ဓမ္မဇောတိကဓဇ" (သာသနာပြု) ဘွဲ့တံဆိပ်တော်ကို ကြေညာဆက်ကပ်လှူဒါန်းခြင်းခံရသော ဘဒ္ဒန္တကေသရ (ရွှေမင်းကံဆရာတော်)အား ဂုဏ်ပြုပူဇော်ပွဲ အလှူတော်မင်္ဂလာကို ဖော်ပြပါဌာနများတွင် ပြုလုပ်မည်ဖြစ်ပါ၍ ဆရာတော်၏ ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုနိုင်ကြပါသည်။

၁။ ချောက်မြို့နယ်၊ ပခန်းငယ်အုပ်စု၊ မင်းကန်ရွာကျောင်း
၂၈-၃-၂၀၁၃ ရက် (ကြာသပတေးနေ့)
ဖုန်း-၀၉-၄၀၁၅၇၁၇၈၀၊ ၀၉-၄၉၃၀၈၆၂၃

၂။ မိုးကုတ်ဓမ္မရိပ်သာ၊ ရွှေမင်းကံကျောင်း၊ သြဇာလမ်း၊ (၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)။
၃၁-၃-၂၀၁၃ ရက် (တနင်္လာနေ့)
ဖုန်း-၀၁-၈၀၁၀၀၀၁၊ ၀၉-၄၂၀၀၅၃၆၈၈၊ ၀၉-၄၉၃၀၈၆၂၃




## မွေးနေ့ဆုတောင်း

ပခုက္ကူမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ ပွဲလမ်းနေ ရတနာရွှေကုန်သည် ဦးမြဝင်း၏ မြန်မာသက္ကရာဇ် (၁၃၇၄ခုနှစ်၊ တပေါင်းလပြည့်နေ့)တွင် ကျရောက်သော (၈၃)နှစ်မြောက်မွေးနေ့မှသည် နောင်နှစ်ပေါင်း(၁၂၀)ကျော်တိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သား၊ သမီး၊ မြေးမြစ်များနှင့်အတူ လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းပို့သလျက်-

| | | |
|---|---|---|
| ဇနီး | - | ဒေါ်ညိုမြ |
| သမီးကြီး | - | မခင်သန်းဆွေ-ကိုဝင်းဆွေ ရွှေစင်အိရတနာရွှေဆိုင်၊ ပခုက္ကူမြို့။ |
| သားကြီး | - | ကိုကြည်သိန်း-မတူးတူးရွှေ ရတနာရွှေစင်ရတနာရွှေဆိုင်၊ ပခုက္ကူမြို့။ |
| သမီးလတ် | - | မခင်စန်းဝေ-ကိုသိန်းထွန်း စတားလိုက်ရတနာရွှေဆိုင်၊ ပခုက္ကူမြို့။ |
| သမီးလတ် | - | မခင်လှမြင့်-ဒေါက်တာခင်မောင်သန့် မြင့်ရတနာရွှေဆိုင်၊ ပခုက္ကူမြို့။ |
| သမီးငယ် | - | မခင်လှညွန့်-ဗိုလ်မှူးချုပ်လူအေး |
| သားထွေး | - | ကိုအောင်ဌေး-မမြင့်မြင့်နွယ် သန့်စင်-ရတနာရွှေဆိုင်၊ ပခုက္ကူမြို့။ |
| မြေးများ | - | မောင်ဟိန်းမြင့်သူ-မချောစုသန့် မောင်ဇာနည်ထွန်း-မခင်မြတ်နိုးဦး မခင်ခွာညိုအေး(အေးမြမြင်းမိုရ်ရတနာရွှေဆိုင်၊ ပခုက္ကူမြို့) မခင်ရတနာသိန်း၊ မသဉ္ဇာအောင်၊ မောင်ဇော်မြင့်မြတ်ထက်၊ မောင်ကောင်းထက်လူအေး၊ မောင်ကိန်းလျံမြင့်၊ မတိုးရွှေစင်သိန်း၊ မခင်ဝတ်မှုံအေး |
| မြစ်နှစ်ဦး | - | မောင်သူရိန်ထွန်းနှင့်မောင်ဘေဘီချောစုသန့် |

## အထက်မြန်မာပြည်သတင်း

# မန်းစက်တော်ရာပွဲတော် မြန်မာနှစ်ဆန်း ၁ ရက်အထိ ကျင်းပသွားမည် ကောလာဟလသတင်းများ မယုံကြည်ရန် ဂေါပကအဖွဲ့ ပြောကြား

**မကွေး မတ် ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်အတွင်း ရှေးဟောင်းသမိုင်းဝင် မန်းရွှေစက်တော်ဘုရားပွဲကြီးကို နှစ်စဉ်တပို့တွဲလဆန်း ၅ ရက်မှ တန်ခူးနှစ်ဆန်း ၁ ရက်အထိ အစဉ်အလာမပျက် ကျင်းပခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ခန့် ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

ယခုအခါ မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိနေဆဲဖြစ်သည်။ သို့သော် မန်းစက်တော်ရာပွဲတော်ကြီးနှင့် ပတ်သက်၍ မခိုင်လုံသော၊ မတိကျသော သတင်းတစ်ခု ထွက်ပေါ်လျက်ရှိသည်။ ယင်းသတင်းမှာ ရွှေစက်တော်ပွဲတော်ကြီးတွင် သဲမုန်တိုင်းတစ်ခု ဝင်ရောက်မွှေနှောက်ဖွယ်ရှိကြောင်း၊ ထို့ကြောင့် ပွဲတော်ကြီးအား ယခုနှစ် မတ် ၂၅ ရက်နှင့် ၂၇ ရက်တို့တွင် ပိတ်သိမ်းမည်ဖြစ်ကြောင်း၊ သဲမုန်တိုင်းကျရောက်မည်ဆိုသောသတင်း အရင်းအမြစ်မှာ ဘုန်းကြီးတစ်ပါး၏ အိပ်မက်အရကြားရသော သတင်းဖြစ်လာတဲ့ မိုးလေဝသသတင်းဆိုတာ နိုင်ငံတော်မှာရှိတဲ့ မိုးလေဝသဌာနက ပညာရှင်တွေက တိုင်းထွာပြီးမှ နိုင်ငံတော်တစ်ဝန်းလုံးကို အသိပေးထုတ်ပြန်တာပါ။ ခုတော့ မိုးလေဝသသတင်းဌာနကလည်း တရားဝင်ထုတ်ပြန်ခြင်း မရှိဘဲ အရပ်စကား အခြေအမြစ်မရှိတဲ့ သတင်းကို ဘုရားဖူးတွေ မယုံကြည်ကြပါနဲ့လို့ ပြောချင်ပါတယ်။ ဒီနှစ်ဘုရားပွဲတော်ကို ယခင်နှစ်များလို မြန်မာနှစ်ဆန်း ၁ ရက်အထိ၊ အင်္ဂလိပ်လိုဆိုရင် ဧပြီ ၁၇ ရက်အထိ ကျင်းပမှာဖြစ်ပါတယ်။ ဘုရားပွဲတော်ကို မြန်မာလနဲ့ သတ်မှတ်ကျင်းပပါတယ်။ နှစ်စဉ်တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ ပုံသေကျင်းပတဲ့ရက်ပါ။ ဝါမထပ်တဲ့နှစ်ဆို ရက်ပေါင်း ၉၀ ခန့်ရှိတယ်။ ဝါထပ်တဲ့နှစ်ဆိုရင် ရက်ပေါင်း ၆၀ ကျော်အထိကြာတယ်” ဟု စိတ်ရှည်လက်ရှည် ရှင်းပြသည်။ ထို့နောက် စာရေးသူတို့သတင်းအဖွဲ့အား ပွဲတော်အတွင်း လိုက်လံပြသရင်း “ခုပွဲတော်ဖွင့်တာ တစ်လကျော်သွားပြီ။ တစ်နေ့ကို ဘုရားဖူး



ကြောင်း စသည့် သတင်းများဖြစ်လျက် လူတိုင်းနှုတ်ဖျားတွင် ရေပန်းစားလျက်ရှိသည်။ စာရေးသူထံသို့ ဟိုနယ်၊ ဒီနယ်မှ ဘုရားဖူးများက အဆိုပါသတင်းဟုတ်ပါသလားဟု အတည်ပြုချက်တောင်းခံကြသည်။

ထို့ကြောင့် မတ် ၂၀ ရက်က စာရေးသူတို့သတင်းအဖွဲ့သုံးဦး ရွှေစက်တော်ဘုရားပွဲတော်သို့ ကောလာဟလသတင်းဖြစ်ပေါ်မှုနှင့် ပတ်သက်၍ အတည်ပြုချက်ရယူရန် ထွက်ခဲ့သည်။ ခရီးရောက်မဆိုက် ရွှေစက်တော်ဂေါပကရုံးတွင် ဂေါပကအဖွဲ့ဝင် ဦးစိုးတင့် (စီမံ)နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ဦးစိုးတင့်က “ဒီသတင်းဟာ လုံးဝအခြေအမြစ်မရှိတဲ့သတင်းပါ။ ဘုန်းတော်ကြီးတစ်ပါးက သဲမုန်တိုင်းကျလိမ့်မယ်လို့ အိပ်မက် မက်တယ်ဆိုပြီး မြန်မာနိုင်ငံအနှံ့မှာ ကောလာဟလပျံ့နေတယ်။ ဘုရားပွဲတော်အရှိန်တန့်သွားအောင် မလိုတမာအမြင်ရှိတဲ့ လူတွေထုတ်တဲ့သတင်းပါ။ သဘာဝအလျောက် ဖြစ်ပေါ်ကားအဝင်အထွက် ၇၀၀ နဲ့ ၈၀၀ ကြားမှာရှိတယ်။ လူအဝင်အထွက်က ၅၀၀၀ နဲ့ ၇၀၀၀ ကြားမှာရှိတယ်။ လုံခြုံရေးအတွက် ရဲတပ်ဖွဲ့အင်အား ၂၃ ဦး၊ အရပ်ဘက်တာဝန် ၆၂ ဦး ချထားတယ်။ ခိုက်ရန်ဒေါသ ရာဇဝတ်မှုမရှိဘူး။ မီးဘေးလုံခြုံရေးအတွက် သန္နွေမီးသတ် ၁၅ ဦး၊ အရန်မီးသတ် ၃၀၊ ဂေါပကအဖွဲ့ပိုင် မီးသတ်ယာဉ်တစ်စီး ရှိတယ်။ နောက်ရေစင် ရှစ်ခုတည်ဆောက်ထားတယ်။ တစ်ခုကို ပေ ၃၀၀ အကွာမှာ ထားပေးထားတယ်။ ရေစင်တိုင်းမှာ ဒိုင်းရှင်းရေစုပ်စက်တွေ တပ်ဆင်ထားတယ်။ ကြံ့ခိုင်မှုရှိစေရန် လေးနာရီတစ်ကြိမ် စမ်းသပ်မောင်းနှင်ပါတယ်။ ပွဲတော်လာဘုရားဖူးများ သန့်သန့်ရှင်းရှင်း နေထိုင်နိုင်ဖို့ အမှိုက်သယ်ယာဉ်နှစ်စီးက တစ်နေ့ကို လေးကြိမ် သန့်ရှင်းရေးဆောင်ရွက်ကြပါတယ်။ တည်းခိုဆောင်များကတော့ ဌာနဆိုင်ရာနဲ့ ပုဂ္ဂလိကဆိုပြီးရှိပါတယ်။ အနောက်အလှူခံဌာနကြီး လေးခုကရတဲ့ အလှူငွေတွေ ရေတွက်ဖို့ စာရေးမဝန်ထမ်း ၂၆ ဦးထားရှိတယ်။ နေ့စဉ်ရရှိတဲ့ငွေတွေကို ည ၉ နာရီနောက်ပိုင်း စာရင်းချုပ်ပြီး ပွဲတော်လာ အလှူရှင်ဘုရားဖူးများ သိရှိရန် အသံချဲ့စက်နဲ့ ကြေညာပါတယ်”ဟု ဘုရားပွဲတော်တွင် ဂေါပကအဖွဲ့၏ ဆောင်ရွက်ချက်များကို အသေးစိတ်ရှင်းပြသည်။

ပွဲတော်၏ မြင်ကွင်းမှာ ကြည်နူးဖွယ်ကောင်းလှပါ၏။ မန်းချောင်းအတွင်း ရေကစားကြသူများ၊ ဖောကွင်းစီးသူများနှင့် ဝေစည်နေပါ၏။ ကမ်းစပ်တွင် ကယ်ဆယ်ရေး ကြက်ခြေနီလူငယ်လေးများကိုလည်း တွေ့ရသည်။ နှစ်စဉ်မပျက်ကျင်းပလျက်ရှိသော မန်းစက်တော်ရာဘုရားပွဲတော်ကြီးသည် ယခင်နှစ်များကထက် ယခုနှစ်တွင် ပိုပြီးစည်ကားကြောင်း နှစ်စဉ်ထွက်လေ့ရှိသော စားသောက်ဆိုင်ပိုင်ရှင်က စာရေးသူတို့သတင်းအဖွဲ့အား ပြောပြသည်။ အချုပ်ဆိုရလျှင် အခြေအမြစ်မရှိသော ကောလာဟလသတင်းများကြောင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဓမ္မမိတ်ဆွေများ စိတ်အနှောင့်အယှက်မဖြစ်ဘဲ သဒ္ဓါကြည်လင်စွာဖြင့် မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့တော် မန်းစက်တော်ရာပွဲတော်ကို ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်း ၁ ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။ **(မကွေးလှမြင့်)**

# အောင်မြင်ဇေယျ(ရခိုင်) စေတီတော်၌ လုပ်အားဒါနပေးလှူ

**တောင်တွင်းကြီး မတ် ၂၅**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ရှေးဟောင်းသမိုင်းဝင်အောင်မြင်ဇေယျ (ရခိုင်) စေတီတော်မြတ်ကြီးအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွဋ်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ အင်အား ၅၃၁ ဦးတို့က မတ် ၂၃ ရက် နံနက် ၆ နာရီတွင် စုပေါင်းလုပ်အားဒါနပြုခဲ့ကြကြောင်းနှင့် နောင်လာမည့် ရုံးအားလပ်ရက်များတွင်လည်း ဆက်လက်လုပ်အားဒါနပြုကြမည်ဖြစ်ကြောင်း သိရသည်။ **(၅၈၀)**

# နွေရာသီအလုပ်ရှားချိန် အာလူးကျောက်တူး၍ ဝင်ငွေရ

**မကွေး မတ် ၂၅**

မကွေးမြို့တောင်ပိုင်း ကင်းနှင့် ကျောက်ကုန်းရပ်ကွက်နေ မိသားစုအချို့ ဧရာဝတီမြစ်ကမ်းစပ်သို့ ဆင်း၍ အာလူးကျောက်များ တစ်ပိုင်တစ်နိုင်ရှာဖွေတူးဖော်ကြပြီး ရရှိသော အာလူးကျောက်များကို အဆောက်အအုံ ကန်ထရိုက်တာများက ဝယ်ယူကြသည်ဟု သိရသည်။

ကင်းနှင့် ကျောက်ကုန်းရပ်ကွက်များသည် ယခင်က ကျေးရွာများဖြစ်ကြပြီး တောင်သူလုပ်ငန်း၊ ပုံကျလုပ်ငန်းနှင့် ရေလုပ်ငန်းလုပ်ကိုင်သူများ နေထိုင်ကြသည်။ ယခုအခါ မကွေးမြို့ နယ်နိမိတ်တိုးချဲ့ခြင်းကြောင့် ရပ်ကွက်

အဆင့်သို့ ရောက်ရှိသွားသည်။ ကင်းနှင့် ကျောက်ကုန်းအနီး ဧရာဝတီမြစ်ကမ်းစပ်သည် နွေရာသီရေကျပြီး သဲသောင်များ ပေါ်ထွန်းလာသောအခါ သဘာဝအရင်းအမြစ်များဖြစ်သည့် အာလူးကျောက်များကို မြေကြီးထဲ၌ အလွယ်တကူ တူးဖော်ရရှိသော နေရာတစ်ခုဖြစ်သည်။ နွေရာသီတောင်သူများ အလုပ်ရှားချိန်ဖြစ်၍ အချို့က အလုပ်ပေါများသော တရုတ်နယ်စပ်နှင့် ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးတို့သို့ သွားရောက်အလုပ်လုပ်ကြသည်။ အလုပ်မရှိ၍ မိမိဒေသကို စွန့်ခွာပြီး အလုပ်မရှာနိုင်သူများမှာ မိမိဒေသ၌ပင် ရရာအလုပ်ကို ရှာဖွေလုပ်ကိုင်ရင်း မိသားစုဝမ်းစာ ရှာဖွေနေကြရသည်။

ကင်းနှင့် ကျောက်ကုန်းရွာမှ မိသားစုအချို့မှာ မိမိတို့နှင့် နီးနီးနားနား ဧရာဝတီမြစ်ကမ်းစပ်မှ အာလူးကျောက်အလွန်ပေါသောနေရာ၌ အာလူးကျောက်တူး၍ ကုန်းပေါ်ကားလမ်းဘေးတွင် ပုံထားကြသည်။ ကျောက်ကုန်းကျေးရွာမှ အာလူးကျောက်တူးသူတစ်ဦးက “နွေရာသီအလုပ်ရှားတော့ မိသားစုထမင်းစားဖို့ နီးနီးနားနား ဒီအလုပ်ပဲလုပ်ကြရတယ်။ တခြားဒေသသွားပြီး အလုပ်လုပ်ဖို့ဆိုတာ အဆက်အသွယ်ရှိမှဖြစ်တာ၊ ဒီနေရာက အာလူးကျောက်အလွန်ပေါတယ်။ လက်နဲ့ ယက်လိုက်တာနဲ့ အာလူးကျောက်တွေ ပေါ်လာတာပဲ။ ကျွန်တော်တို့ အစိတ်သားဝင် တောင်းကလေးတွေနဲ့ ကုန်းပေါ်မှာ စုပုံထားတယ်။ ညနေကျတော့ ဆောက်လုပ်ရေးသမားတွေက ထော်လာဂျီတွေနဲ့လာဝယ်တယ်။ ဈေးက အစိတ်သားဝင်တောင်း ၃၀ ကို ငွေကျပ် ၂၀၀၀ ပဲပေးတယ်။ တစ်နေ့ကုန်ဆိုရင် တောင်း ၈၀ လောက်ရပါတယ်။ တူးရတာမပင်ပန်းဘူး၊ သယ်ရတာပင်ပန်းတယ်”ဟု ရှင်းပြသည်။ **(၃၃၃)**

## စောမွန်လှ ဆွေတော်မျိုးတော်များ သတ္တမအကြိမ်မြောက် စုပေါင်းရှင်ပြုပွဲ ပါဝင်လှူဒါန်းနိုင်ပါသည်

မန္တလေးမြို့၊ မြတောင်တိုက်၊ ရွှေဝါဝင်းကျောင်းဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသအား ဦးထိပ်ထားလျက် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်၊ မန္တလေး-ပြင်ဦးလွင်ကားလမ်းဘေး ဘိုးတော်နတ်နန်းအကျော် တံတားဖြူထိပ် စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွင်းရှိ သစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့်မြတဘက်ဘုရား၊ အစ်မကြီး စောမွန်လှအား အမှူးထား၍ ဆွေတော်မျိုးတော်များမှ သတ္တမအကြိမ်မြောက် (၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်) ၃-၄-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့)တွင် သင်္ကန်းပရိက္ခရာစုံလင်စွာနှင့် ရှင်အပါး (၃၀၀)ဝတ်ပွဲတို့ကို မြတဘက်နဂါးကိုးကောင်ဘုရားရင်ပြင်ပေါ်တွင် မြတဘက် နဂါးကိုးကောင်ဆရာတော်မှ ဦးဆောင်၍ စုပေါင်းလှူဒါန်းမည့် ရဟန်းခံရှင်ပြုအလှူပွဲနှင့်သီလရှင်ဝတ်ပွဲ၌ အစ်မတော် စောမွန်လှနှင့် မြနန်းနွယ်၊ နဂါးမယ်တော်တို့နှင့် ပဋ္ဌာန်းဆက်ပါသော ဆွေတော်မျိုးတော်များမှ သာသနာ့ဒါယကာ၊ သာသနာ့ဒါယိကာမအဖြစ် သာသနာ့အမွေခံယူ လှူဒါန်းလိုပါက ရှင်တစ်ပါးလျှင် ကျပ်တစ်သောင်းရှစ်ထောင်နှင့် ရေစက်ချမင်္ဂလာသို့ ကြွရောက်တော်မူမည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်းလိုကြသော စေတနာရှင်များအနေဖြင့် ဖုန်း-၀၉-၄၀၂၅၂၃၃၆၊ ၀၉-၄၀၃၇၀၆၈၆၀၊ ၀၉-၄၃၀၇၂၉၁၀၊ ၀၉-၄၀၂၅၂၀၇၅၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

# မြန်မာ့ပရဆေးများအား တရုတ်နိုင်ငံမှ ပိုမိုဝယ်ယူလာ

**မုံရွာ မတ် ၂၅**

မြန်မာ့ပရဆေးများအား မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ ယခင်ကာလများထက် ပိုမိုရောင်းချတင်ပို့နေရလျက်ရှိရာ မူဆယ် (၁၀၅) မိုင်စခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၂၄ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်း ၆၈၇ တန်ကျော်အား တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ယခင်ကာလများက တင်ပို့မှုမရှိခဲ့သည့် မိကျောင်းကွမ်းဖတ်စေ့၊ စံကားပန်းပွင့်ခြောက်နှင့် တောင်လုံးကျော်တို့ကိုလည်း တင်ပို့ခဲ့ရပြီး အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၂ သန်း တန်ဖိုးရှိ ဆူးပန်းတစ်တန်ခန့်ကိုလည်း တင်ပို့ခဲ့ရကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်း တင်ပို့မှုအဖြစ် ဝဥခြောက်၊ ကွမ်းစားဂမုန်း၊ ကြောင်ပန်းစေ့၊ တောဂျုံးမြစ်၊ ကြောင်လျှာစေ့၊ ချဉ်ပေါင်၊ ဖာလာ (အခွံပါ)နှင့် ကြက်ဆူစေ့များအား တင်ပို့ခဲ့ရပြီး နေလဲစေ့၊ ဆီးသီး (ဆန်)၊ တောချင်းတို့မှာ ယခင်တင်ပို့မှုထက် လျော့နည်းခဲ့ကြောင်းသိရသည်။ ဖေဖော်ဝါရီလအတွင်း တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်းတင်ပို့မှုတွင် ၄၄၄ တန်ကျော် တင်ပို့နိုင်ခဲ့ပြီး ယခုတင်ပို့မှုမှာ ၂၄၂ တန် ကျော်သာ တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

**မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ**

# ပဲခူးမြို့တွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး သရုပ်ပြ

**ပဲခူး မတ် ၂၅**

မတ် ၈ ရက်နံနက် ၈ နာရီက ပဲခူးမြို့ ကလိကျေးရွာတွင် Save the Children က ကြီးမှူး၍ မြို့နယ်ဘေးအန္တရာယ် လျှော့ချရေးကော်မတီမှ ကျေးရွာသူကျေးရွာသားများနှင့် ပြည်သူများအား သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့လျှင် မည်သို့ဆောင်ရွက်ရမည်တို့ကို လက်တွေ့သရုပ်ပြပွဲပြုလုပ်ရာ မြေငလျင်ဘေးအန္တရာယ်ကြုံတွေ့ခဲ့လျှင် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက လက်တွေ့သရုပ်ပြခြင်း၊ ရေဘေး၊ လေဘေးကြုံတွေ့စဉ် လူအများ ကြောက်လန့်တကြားထွက်ပြေးရာမှ ထိခိုက်ဒဏ်ရာရရှိသည်တို့ကို ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနတို့က ကုသဆောင်ရွက်ပေးပုံများကို သရုပ်ပြသခဲ့သည်။**(အပေါ်ပုံ)**

ကယ်ဆယ်ရေးထောက်ပံ့မှုများပြုလုပ်စဉ် ဝေငှသော ပစ္စည်းများအား မသမာသူများ ဝင်ရောက်လုယက်သည့်အခါ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကူညီစောင့်ရှောက်ပုံများ သရုပ်ပြခြင်း၊ နေအိမ်အဆောက်အအုံများ မီးလောင်ကျွမ်းသည့်အခါ ပဲခူးမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်ခြင်းတို့ပြုလုပ်ကြပြီး အခမ်းအနားကို နံနက် ၁၁ နာရီတွင် ရုပ်သိမ်းကာ Save the Children အဖွဲ့မှ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးသော ကျေးရွာသူ ကျေးရွာသားများအား ကလိကျေးရွာတွင် ထမင်းဟင်းများဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။ **ဇော်ရှင်း(ဥသျှောင်)**

# မုံရွာ-ခင်ဦး ရထားလမ်းချော်၊ ဒဏ်ရာရရှိသူမရှိ

**မုံရွာ မတ် ၂၅**

မတ် ၂၁ ရက် နံနက် ၁၀ နာရီခန့်တွင် မုံရွာ-ခင်ဦး နေ့စဉ်ပြေးဆွဲလျက်ရှိသော ခရီးသည်တင် လူစီးရထား အမှတ်(၆၀)(အစုန်)သည် မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် ပဇ္ဇောတာရုံကျောင်းတိုက်အနီး မိုင်တိုင်အမှတ် (၄၈၅/၂၁-၂၂)ကြားတွင် လမ်းချော်၍ တွဲများတိမ်းစောင်းခဲ့သည်။ လမ်းချော်၍တိမ်းစောင်းသွားသော ရထားပေါ်တွင် စီးနင်းလိုက်ပါလာကြသော ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုတစ်စုံတစ်ရာမရရှိကြောင်း သိရသည်။

အဆိုပါ မီးရထားတိမ်းစောင်းရာနေရာသို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ခရိုင်/မြို့နယ်များမှ သက်ဆိုင်ရာတာဝန်ရှိသူများ အချိန်မီရောက်ရှိလာပြီး လိုအပ်သော အထောက်အပံ့များ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်းသိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# စက်ရုံသစ်များဖွင့်လှစ်မှုကြောင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်

**ရန်ကုန် မတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာရှိ ရွှေလင်ပန်းစက်မှုဇုန်၌ အထည်ချုပ်စက်ရုံသစ်များ တည်ဆောက်ဖွင့်လှစ်ပြီး နိုင်ငံများသို့ တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိရာ ကျွမ်းကျင်ဝန်ထမ်းများစွာ လိုအပ်လျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် အမေရိကန်နိုင်ငံ၏ စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းခဲ့ပြီး နောက်ပိုင်းတွင် ပြည်ပနိုင်ငံများမှ ကုမ္ပဏီများက စက်မှုဇုန်များတွင် အထည်ချုပ်စက်ရုံများ၊ ပေါင်းဆန်စက်ရုံများကဲ့သို့ ကုန်ထုတ်စက်ရုံသစ်များ လာရောက်ဖွင့်လှစ်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ပေါက်လာတော့မည်ဖြစ်ပြီး ယခု တည်ဆောက်နေသော စက်မှုဇုန်များတွင် အလုပ်အကိုင်များ လျှောက်ထားနိုင်ပြီဖြစ်သည်။ ၂၀၁၃ မဟာသင်္ကြန်ပြီးနောက် စက်ရုံတချို့ လုပ်ငန်းများ စတင်ဆောင်ရွက်မည်ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများအား ဒေသခံပြည်သူများ ရရှိခံစားရတော့မည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ ရွှေလင်ပန်းစက်မှုဇုန်ရှိ AMG အထည်ချုပ်စက်ရုံတွင် ကျွမ်းကျင်ဝန်ထမ်း ၁၀၀၀ ကျော်နှင့် M.S.T Underwear အထည်ချုပ်စက်ရုံတို့တွင် ကျွမ်းကျင်ဝန်ထမ်း ၂၀၀ ကျော်ခေါ်ယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ အထည်ချုပ်စက်ရုံတွင် ကျွမ်းကျင်ဝန်ထမ်းများအား ထိုက်တန်သော လစာနှုန်းထားဖြင့် ခန့်အပ်သွားမည်ဖြစ်ပြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလပြီးပါက အထည်ချုပ်လုပ်ငန်းများ စတင်ဆောင်ရွက်ကာ အမေရိကန်နှင့် ဥရောပနိုင်ငံများသို့ တင်ပို့မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကိုတော့ ယခုပြောခွင့်မရှိသေးကြောင်း၊ စိတ်ဝင်စားသူများ လျှောက်ထားနိုင်ကြောင်း၊ ကြို၊ ပို့ယာဉ်စီစဉ်ပေးမည်ဟု လှိုင်သာယာ ရွှေလင်ပန်းစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံသစ်မှ အတွင်းရေးမှူး မဉမ္မာကပြောသည်။

"သင်္ကြန်ကာလပြီးရင် အလုပ်စဆင်းဖို့ ဖုန်းနဲ့ အကြောင်းကြားမယ်။ လစာကတော့ တစ်သိန်းရှစ်သောင်းလောက်ရမယ်"ဟု ရွှေပြည်သာမှ အထည်ချုပ်ကြီးကြပ်ရေးမှူးရာထူးနေရာ လာရောက်လျှောက်ထားသူ အမျိုးသမီးတစ်ဦးက ပြောသည်။

**(သန့်ဇင်ဝင်း)**

AMG Factory Limited အထည်ချုပ်စက်ရုံတွင် အလုပ်လျှောက်ထားသူများ အင်တာဗျူးရန် စောင့်ဆိုင်းနေစဉ်။

## မိုနဲဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံ ကြိုက်ရာယူ။
- ချည်သား T.Shirt M - 950 ကျပ် (မှစ၍)
  Shirt အင်္ကျီ - 2900 ကျပ်
  Sport Shirt - 2950 ကျပ်
  Style Pants - 2950 ကျပ်
  ဦးထုပ် - 950 ကျပ် (မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- **အမှတ်-၂၉၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးအရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်**
- **Ph:01-292129, 09-73045977, 09-73216251**
  **Website:www.facebook.com/moneda fashion and foodwears.**
  **E-mail:kyonedoe@gmail.com**

## ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

**(1) Factory Admin Manager** ကျား/မ ( ၁ ) ဦး
လုပ်ငန်းအတွေ့အကြုံရှိရမည်။

**(2) Office Assistant Manager** ကျား/မ ( ၂ ) ဦး
ကွန်ပျူတာကျွမ်းကျင်ရမည်။ English စာ Four Skills ကျွမ်းကျင်ရမည်။

**(3) Accountance** မ ( ၂ ) ဦး
LCCI Level(III) အောင်မြင်ပြီးသူ ဖြစ်ရမည်။ Computer ကျွမ်းကျင်ရမည်။

**(4) E.P (Electrical Power)** ကျား ( ၂ ) ဦး
လုပ်ငန်းအတွေ့အကြုံရှိရမည်။

**(5) Office Staff** ကျား/မ ( ၂ ) ဦး
ကွန်ပျူတာကျွမ်းကျင်ရမည်။

မှတ်ချက် ။ ။ အမှတ်စဉ် (၁၊၂)မှာ အရည်အချင်းပေါ် မူတည်၍ လစာကောင်းမည်။ အမှတ်စဉ်အားလုံးအတွက် (ဘွဲ့ရ) ဖြစ်ရမည်။ အင်းစိန်၊ မ/ဥက္ကလာ၊ မ/ဒဂုံ၊ ရေချမ်းကုန်း၊ လှိုင်၊ လှိုင်သာယာနေထိုင်သူ ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓါတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ စာတိုက်သေတ္တာ (၁၂၅၅) သို့ **(5.4.2013)** နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

## စင်ကာပူနိုင်ငံ ရှိ သင်္ဘောကျင်း ၊ ဆောက်လုပ်ရေး နှင့် ရေနံ လုပ်ငန်းများတွင် အောက်ပါလုပ်သားများ (အမြန်) လိုသည်။

ဧပြီလ (ပထမပတ်) တွင် အင်တာဗျူးရှိသည်။

| | |
|---|---|
| Pipe Fitter - 35 nos | လစာ - S$ 420 + OT |
| Steel Fitter - 45 nos | နေစရာ နှင့် အလုပ် (သွား/ပြန်) - စီစဉ်ပေးမည်။ |
| ပညာအရည်အချင်း - (၈)တန်းနှင့်အထက် | ဝန်ဆောင်ခ - (17) သိန်း |

ISO 9001 : 2008 လက်မှတ်ရ
သုခစုစ်
Quality Summit
ပြည်တွင်း-ပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုကုမ္ပဏီ
စင်ကာပူနိုင်ငံ ITE လက်မှတ်ရ စက်မှုလက်မှု သင်တန်းကျောင်း
ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး (၃၉-လမ်းထောင့်)၊ တိုက်အမှတ် (၅၁၆)၊ ကျောက်တံတားမြို့နယ်။
ဆက်သွယ်ရန်ဖုန်း - (၀၁) ၃၇၇ ၃၆၃ ၊ ၃၇၇ ၃၆၆ ၊ ၃၈ ၅၇ ၅၈ ၊ ၃၈ ၆၈ ၇၇ ၊ ၃၉ ၂၂ ၃၃

ရွှေစက်တော် Mach-22 & Mach-29
09-421153797

## ဘာသာပြန်သည်

မြန်မာ-အင်္ဂလိပ်၊
အင်္ဂလိပ်-မြန်မာ
ဦးမြတ်ဆွေ(MS)
(သမ္မာရင့်အယ်ဒီတာဟောင်း)
The New Light of Myanmar
၅လွှာ(ဝဲ)၊ ၂၆၇၊
၃၉လမ်း၊ ရန်ကုန်
ဖုန်း-၀၉-၄၂၁၀၇၈၀၄၆

## device Business Management Academy IN COLLABORATION WITH SIBME The Name You Can Trust

# How to get CLIENT/CUSTOMER to come to you

**Methodology:**
- Workshop
- Case Studies
- Brainstorming Sessions

**Contents Outline**
- Visualise a Client-Rich Future
- Think in detail
- Client-Attraction Laws
- Internet Marketing
- Low-cost Promotional Techniques
- Compelling Words/ Narration
- Take Action!

**HONORABLE SPEAKER : Prof. Dr. Aung Tun Thet**
(Senior Advisor - UN Resident Coordinator's Office)

**MAIN SPEAKER : U Tin Zan Kyaw**
(Principal - Device Business Management Academy)

**ENROLL NOW!**

Venue: Device Executive Hall
Date: 30th ~ 31st March, 2013
Time: 8:00 am ~ 5:00 pm

No. 24/26, 4 B-C, Race Course Condo, South Race Course Street, Tamwe Township, Yangon.
Tel : (+959) 4200 33366~33377 (Hot Line), 4200 33355, 42100 7002, 42100 7005
(+959) 730 45 140, 731 43313 Email : training@devicemyanmar.com

## အခန်းဆက်ဝတ္ထု

# နှင်းငွေတစ်တောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



> “လူဆိုတာဟာ သိပ်အုံ့သြဖို့ကောင်းတယ်၊ အသက်မရှိတဲ့ စက်တွေထက် လူက အများကြီး အံ့သြဖို့ကောင်းတာပေါ့၊ အသက်မရှိတဲ့စက်ကိုတောင် ပြုပြင်လို့ရတော့ လူကိုပြုပြင်လို့ သာရတာပေါ့၊ ကဲ … လာ အထဲသွားထိုင်ကြမယ်၊ မွန်မွန့်ကို ဆရာ ကော်ဖီဖျော်တိုက်မယ်”

**(ယမန်နေ့မှအဆက်)**

ဂျင်းဘောင်းဘီနှင့် စပို့ရှပ်အင်္ကျီတို့ကို ဝတ်သည်။ အပေါ်မှ မီးခိုးရောင်ဝတ်ရုံအင်္ကျီရှည်ကို ထပ်ဝတ်လိုက်ပြီး ကားရုံဆီ ဆင်းခဲ့သည်။

ကားကို ဂျိုက်ထောက်မပြီး အရှေ့ဘယ်ဘက်ဘီးကို အရင်ဖြုတ်သည်။

အမဲဆီထိုးပန့်၌ အမဲဆီဖြည့်ပြီးနောက် အထက်အောက် ဘောဂျိုင့်များကို စိတ်ရှည်စွာဖြင့် အမဲဆီထိုးသည်။

ဘောဂျိုင့်များ ပြီးသောအခါ အမ်းရှတ်ဖ်နှင့် အိုင်ဒယ်လာကို အမဲဆီ ဆက်ထိုး၏။ ထို့နောက် ကြမ်းပြင်တွင် ပလတ်စတစ်ခင်းပြီး ပက်လက်လှန် လှဲဝင်၍ တိုင်းရော့ဒ်၊ စင်တာလင့်ခ်များကို အမဲဆီ ထိုးရပြန်၏။

ဘယ်ဘက်တစ်ခြမ်း ပြီးသောအခါ ဦးမြင့်နွယ်က ခေတ္တနားသည်။

ဘယ်ဘက်ဘီးကို ပြန်တပ်ပြီး ညာဘက်ဘီး ဖြုတ်ရပြန်၏။ ယခင်အတိုင်း ညာဘက်တစ်ခြမ်းကို အမဲဆီ လိုက်ထိုးပြန်၏။

ဦးမြင့်နွယ် ကားအောက်၌ ရှိနေစဉ် ခြံတွင်းသို့ ကားတစ်စီး ဝင်လာသံကြားရ၏။

ဦးမြင့်နွယ်က ကားအောက်မှ မထွက်သေးဘဲ ပြီးသည်အထိ အမဲဆီ ဆက်ထိုးသည်။

“ဟင် … ဆရာက ဒီမှာကိုး၊ ဆရာ ကားအောက်ထဲ ဘာဝင်လုပ်နေတာလဲ”

မွန်မွန့်အသံ ဖြစ်သတည်း။

ဦးမြင့်နွယ်က ကားအောက်မှ ထွက်လိုက်သည်။

နော်မြသွေးနှင့် မွန်မွန်တို့က ကားရုံရှေ့တွင် ရပ်နေကြ၏။

“မွန်မွန်တို့ပါလား၊ ဆရာက ကားဂရိဇင်း လိုက်နေတာ”

မွန်မွန်သည် ဦးမြင့်နွယ် ဝတ်ထားပုံကိုကြည့်ပြီး သဘောကျဟန်ဖြင့် ဆို၏။

“ဆရာက အခုမှ တကယ့် မက္ကင်းနစ်ကြီးဖြစ်နေပြီ၊ ခြံဝမှာ စိတ္တသုခ ဝပ်ရှော့လို့ ဆိုင်းဘုတ်လေး ရေးထားပါလား”

ဦးမြင့်နွယ်က မွန်မွန်ပြောပုံကို သဘောကျပြီး ရယ်မော၏။

“မွန်မွန်တို့ မတ်တတ်ကြီး၊ လာ … အိမ်ထဲ ဝင်ကြမယ်”

“အို … ဆရာ လုပ်စရာရှိတာ ဆက်လုပ်ပါ၊ မွန်မွန်ကြည့်နေမယ်၊ မွန်မွန် ကြည့်ချင်လို့”

“ဒါဖြင့် ဟောဒီမှာထိုင်၊ ဆရာလည်း သိပ်မကြာတော့ပါဘူး”

ဦးမြင့်နွယ်က ကားရုံအတွင်းရှိ ခွေးခြေလေးနှစ်လုံးကို ထုတ်ပေး၏။

ဦးမြင့်နွယ် ဘီးပြန်တပ်နေစဉ် မွန်မွန်က မေး၏။

“အဲဒါတွေ ဝပ်ရှော့မှာ သွားမလုပ်ဘူးလား၊ ဆားဗစ်ပေးရင် လုပ်ပေးတယ်ဆို”

“လုပ်ပေးတယ်၊ ဒါပေမယ့် ဝပ်ရှော့တစ်ရာမှာ ကိုးဆယ့်ကိုးလောက်က အမဲဆီကို ဝတ်ကျေဝတ်ကုန်ပဲ ထိုးကြတယ်၊ တချို့ဆို သိပ်ညစ်တယ်၊ အမဲဆီ ဟန်လောက်ထိုးပြီး ဆီအန်ထွက်ပေါက်မှာ အမဲဆီအသစ်တို့လွှတ်လိုက်တယ်၊ သဘောက ဆီဟောင်းတွေစင်ပြီး ဆီသစ်တောင် ပြန်ထွက်လာတယ်လို့ ထင်အောင်လေ၊ ဒီလိုနဲ့ ကားတွေဟာ တိုင်းရော့ဒ်တွေ ဂျိုင့်တွေ မစားသင့်ပဲ စားကုန်တယ်၊ ဆရာကတော့ တစ်လတစ်ခါ ကိုယ်တိုင်ပဲ လုပ်တယ်၊ ခက်တာလည်း မဟုတ်ဘူးလေ”

ဦးမြင့်နွယ်က ကားနောက်ပိုင်းအောက်သို့ ဝင်ပြန်ကာ ဟန်းဒ်ဘရိတ် အီကွယ်လိုက်ဇာကို ဆီထိုးပြန်၏။

အရေးကြီးသောနေရာများ ပြီးသည့်အခါ တံခါးခလုတ် စသည်များကို အမဲဆီ လိုက်တို့၏။

“ဆရာ ကားကိုရော ရေဘယ်မှာဆေးလဲ”

“အိမ်တွင် ဆေးတာပဲ မွန်မွန်”

“ဆရာ တစ်ယောက်တည်း”

“သက်ဝေရှိရင် သက်ဝေက ကူပါတယ်”

“သက်ဝေဆိုတာ ဘယ်သူလဲ”

“ဆရာ့တပည့်လေ”

“အို … နာမည်က သက်ဝေတဲ့လား”

“ဟုတ်တယ် သူက ဆယ်တန်း နှစ်ခါကျပြီး အခုအလုပ်လုပ်ရင်း ညကျောင်းတက်နေတာ၊ သူက နည်းနည်းအဲ… ကဗျာဆန်ချင်တယ်”

“အခု သူဘယ်သွားလဲ”

“ရွာခဏပြန်သွားတယ်”

ဦးမြင့်နွယ်က အဝတ်ကြမ်းနှင့် လက်သုတ်ပြီး ကိရိယာများကို သိမ်းသည်။

“ပြီးသွားပြီလား ဆရာ”

“အင်း … ပြီးသွားပြီ”

“မွန်မွန့်ကို ဟိုဟာလေး ပြပါဦး”

“ဘယ်ဟာလေးလဲ”

“မွန်မွန့်ကားက ဖြုတ်တပ်သွားတာလေး”

“မွန်မွန်က ဘာလို့ ကြည့်ချင်တာလဲ”

“ကြည့်ချင်တာပါ ဆရာ၊ ဘာရယ်လို့ မဟုတ်ပါဘူး၊ ဘာလဲ မွန်မွန့်ကို မပြချင်ဘူးလား”

“ဟောဗျာ ဘာလို့ မပြချင်ရမှာလဲ၊ မွန်မွန် ကြည့်ချင်ရင် ပြရမှာပေါ့”

ဦးမြင့်နွယ်က ကားဦးဖုံးကို ဖွင့်၏။ ဒစ်စတြီဗျူတာအုံကို စွပ်ထားသော ရော်ဘာဖုံးကိုလည်း လှန်၍ ချွတ်လိုက်သည်။

ကက်ပ်ဖုံးလေး ပေါ်လာ၏။ ဦးမြင့်နွယ် ဖောက်ထားသော အပေါက်လေးကို ထင်ရှားစွာ မြင်နိုင်၏။

ကားဦးဖုံး ဖွင့်ထားလျက်ပင် ဦးမြင့်နွယ်က ကားပေါ်တက်ပြီး စက်နှိုး၏။ ကားစက်သည် အနေးနှုန်းဖြင့် ညက်ညောစွာ မှန်မှန်လည်နေသည်။ မွန်မွန်က ဘာကြောင့်မသိ၊ ကက်ပ်ဖုံးလေးကိုသာ စူးစူးစိုက်စိုက်လေး ကြည့်နေ၏။

စက်သတ်ပြီး ဦးမြင့်နွယ် ပြန်ဆင်းလာခဲ့၏။ မွန်မွန်က မေးသည်။

“ဘာပြုလို့ ဆရာက စက်နှိုးပြတာလဲ”

“ဆရာ ပြုပြင်ထားတာ ဘယ်လောက်စိတ်ချရတယ်ဆိုတာ မွန်မွန် သိစေချင်လို့”

မွန်မွန်က သက်ပြင်းလေးရှိုက်ပြီး ပြော၏။

“ဆရာက သိပ်တော်တာပဲနော်၊ တကယ့် မက္ကင်းနစ်ကြီးပဲ၊ ဩော် … စိတ္တသုခ ဝပ်ရှော့ကလည်း ဒီလိုပဲ ပြင်ပေးနိုင်သလား”

“ဘာပြောတယ် မွန်မွန်”

“ဆရာ မေ့သွားပလား၊ ဟိုနေ့က ပြောတာလေ၊ စိတ်ပညာဌာနကလည်း ဝပ်ရှော့တဲ့၊ ဟိုဒင်း စိတ် … စိတ်ချို့ယွင်းမှုလေးတွေကို ပြုပြင်ပေးနေတာတဲ့၊ ဆရာက ပြောတာလေ”

ဦးမြင့်နွယ်က ရယ်သည်။ အပြင်ပန်းက ပေါ့ပေါ့ဆဆဟန်ဖြင့် ရယ်နေသော်လည်း စိတ်တွင်းက သတိကြီးစွာထားပြီး ဖြေ၏။

“လူဆိုတာဟာ သိပ်အံ့သြဖို့ကောင်းတယ်၊ အသက်မရှိတဲ့ စက်တွေထက် လူက အများကြီး အံ့သြဖို့ကောင်းတာပေါ့၊ အသက်မရှိတဲ့ စက်ကိုတောင် ပြုပြင်လို့ရတော့ လူကို ပြုပြင်လို့သာရတာပေါ့၊ ကဲ … လာ အထဲ သွားထိုင်ကြမယ်၊ မွန်မွန့်ကို ဆရာ ကော်ဖီဖျော်တိုက်မယ်”

ဦးမြင့်နွယ်က ရှေ့ဆောင်ခေါ်သဖြင့် မွန်မွန်နှင့် နော်မြသွေးတို့က လိုက်လာကြသည်။

ဦးမြင့်နွယ်က ထမင်းစားခန်း စားပွဲဆီ ခေါ်သွားသည်။

“ဒီမှာ ထိုင်ကြရအောင်၊ ဒီမှာက လွတ်လွတ်လပ်လပ် အိမ်သားချင်းလို စကားပြောနေနိုင်တယ်၊ ခဏနေကြဦးနော်။ ဆရာ လက်က ဆီချေးတွေစင်အောင် သွားဆေးလိုက်ဦးမယ်”

ဦးမြင့်နွယ်က အပေါ်ထပ်သို့ တက်ခဲ့သည်။ အပေါ်ထပ်၌ရှိသော ရေချိုးခန်းတွင် လက်စင်အောင်ဆေးသည်။

မျက်နှာလည်း သစ်ပစ်သည်။

ပုဆိုးအင်္ကျီ ပြောင်းလဲဝတ်ပြီး အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။

စားပွဲအနီးရှိ လျှပ်စစ်မီးခေါင်း ခုံထက်၌ ရေထည့်လျက် ရေနွေးအိုးက ရှိနေပြီ။ ရေနွေးအိုးထဲတွင် လျှပ်စစ်ဟိတာကိုလည်း ထည့်ထား၏။

ဦးမြင့်နွယ်က မွန်မွန့်ကို ပြုံးကြည့်ပြီး မေး၏။

“ရေနွေးကို မွန်မွန် တည်ထားတာ မဟုတ်လား”

မွန်မွန်က ဟက်ခနဲ ရယ်၏။

“ဆရာ ဘယ်လိုလုပ်သိလဲ”

“မွန်မွန်က အင်မတန် လုပ်ချင်ကိုင်ချင်တာ၊ အဲဒါကို ဆရာသိလို့”

မွန်မွန်သည် ရယ်ပြီး နော်မြသွေးဘက် လှည့်ပြော၏။

“မမြရေ ဆရာက မွန်မွန့်ကို ချီးမွမ်းနေတယ်၊ အမှန်တော့ မွန်မွန်က အင်မတန် ပျင်းတာနော်၊ ဘာမှ ဟုတ်တိ ပတ်တိ လုပ်တာမဟုတ်ဘူး၊ မွန်မွန် ပျင်းတာတွေ ဆရာ့ကို ပြောပြလိုက်စမ်းပါ”

ထုံးစံအတိုင်း နော်မြသွေးက ရယ်၍သာနေ၏။ ဘာမျှ ဝင်မပြော။

စားပွဲတစ်ဖက်တည်းတွင် နော်မြသွေးနှင့် မွန်မွန်က ထိုင်နေကြသည်။ ဦးမြင့်နွယ်က စားပွဲထိပ်တွင် ဝင်ထိုင်၏။

“ကဲ … ဒါထက် စောစောစီးစီး မွန်မွန်လာတာ လာလည်တာလား၊ တခြားကိစ္စကော ရှိသေးလား”

“နို့ … ဆရာကပဲ အချိန်မရွေး လာလည်ဆို”

“ဟုတ်ပါတယ် … လာလည်လို့ ဆရာက ဝမ်းသာပါတယ်၊ တခြားများ ဆရာက ဘာကူညီနိုင်သေးလဲလို့”

မွန်မွန်သည် နော်မြသွေး၏ မျက်နှာကို လှမ်းကြည့်သည်။ နော်မြသွေးက အေးချမ်းစွာပြုံးပြီး “ပြောလိုက်လေ မွန်မွန်၊ ပြောချင်တာ ပြောပေါ့”ဟု တိုက်တွန်းသည်။

မွန်မွန်သည် နှုတ်လေးတွန့်နေသေး၏။ သူ့ညာလက်လေးကို အတန်ကြာ ပြန်ငုံ့ကြည့်နေ၏။ ပြီးမှ မျက်လုံးဝိုင်းဝိုင်းလေးများက ဦးမြင့်နွယ်ကို ကြည့်သည်။

“မွန်မွန် လက်သေနေတာကို စိတ်ရောဂါလို့ သူတို့က ပြောတယ်၊ မနေ့ကတော့ ဒက်ဒီကလေ၊ အဲ … အဲဒါကို ဆရာ ကု … ကု … နိုင်တယ်လို့ ပြောတယ်၊ ဟုတ်လား”

“ဩော် … ဒါလား၊ ဟုတ်ပါတယ် မွန်မွန်၊ ဆရာ ကုနိုင်ပါတယ်”

**(ဆက်လက်ဖော်ပြပါမည်)**

## စံတော်ဝင်မြေဇင်းတောရ ဓမ္မရိပ်သာ(မိုးကုတ်မြို့) ပဥ္စမအကြိမ် ရက်(၆၀)တရားစခန်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့၊ လယ်ဦးအုပ်စု၊ ရွှံပန်းကြီး၊ ရွှံပန်းလေးရပ်ရှိ စံတော်ဝင် မြေဇင်းတောရ ဓမ္မရိပ်သာ၌ ပဥ္စမအကြိမ် ရက်(၆၀) (၂)လတရားစခန်းကို (၁၃၇၅-ခုနှစ်၊ ကဆုန်လဆန်း ၁ရက်မှ ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်) အထိ၊ ၁၀-၅-၂၀၁၃ ရက်မှ ၇-၇-၂၀၁၃ ရက်အထိ (၂)လတိုင် တရားစခန်း ကျင်းပမည်ဖြစ်ရာ ကျေးဇူးတော်ရှင် မောင်းထောင် မြေဇင်းတောရ ဆရာတော်ကြီး ညွှန်ကြားပြသတော်မူသော (ကန္ဓိဥပနိဿယ)အတိုင်း ဆရာတော်ကြီး၏ တပည့်ရင်း "ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်မဏ္ဍလ"က တရားပြသမည် ဖြစ်ပါသည်။ တရားစခန်း ဝင်ရောက်အားထုတ်လိုသော သံဃာတော်အရှင်သူမြတ်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်ယောဂီများ ကြိုတင်စာရင်းပေးသွင်းကြပါရန်နှင့် တရားစခန်းဝင် ယောဂီများသည် (၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ရက်) ၉-၅-၂၀၁၃ ရက် အရောက် ကြွရောက်ပါရန် ကြေညာအပ်ပါသည်။ ရက်(၆၀) (၂)လတရားစခန်းကာလအတွင်း ဆွမ်း၊ ဆေး၊ ကျောင်း၊ ရေ၊ မီး ကိစ္စများကို ရိပ်သာမှသာ အစစအရာရာ တာဝန်ယူလှူဒါန်းပါမည်။

ဆယ်သွယ်ရန်ဖုန်း - စံတော်ဝင်မြေဇင်းတောရဓမ္မရိပ်သာ - ၀၉ -၄၇၁၁၇၅၇၃
- ၀၉-၄၇၁၁၇၅၇၄
ဦးသန်းနိုင် - ၀၉-၆၅၃၇၃၈၇၊ ၀၉-၄၀၂၆၉၈၆၉၉
ဒေါ်အေးအေးဝင်း - ၀၉-၄၉၂၅၄၄၁၀

နယ်ကိုယ်စားလှယ်မှုလိုသူများအတွက် 10% Discount
Two For All
2500 Ks only

ရေကြောင်းအင်ဂျင်နီယာအရာရှိဖြစ်လိုသူများအတွက်

UNIQUE MARINE TRAINING CENTER

Workshop Skills Training သင်တန်းသားများခေါ်ယူခြင်း

3rd Engineer စာမေးပွဲဖြေဆိုလိုသူများအတွက် Unique Marine Training Center တွင် ခဲ့ဆက်မပြတ် ဖွင့်လှစ်လျက်ရှိသော WorkShop Skills Training သင်တန်း အမှတ်စဥ်(၂) အတွက် သင်တန်းသားများအား စတင်လက်ခံနေပြီဖြစ်ပါကြောင်း။

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့၊ မြို့မ(၂)လမ်းနေ ဦးလောင်ချိန်(ခ)ဦးသန်းနိုင်[၇/အဖန(နိုင်)၀၀၀၀၉၀]နှင့်ဒေါ်အတီ(ခ)ဒေါ်စန်းကြည် [၇/အဖန(နိုင်) ၀၀၀၀၁၂] တို့၏သားဖြစ်သူ မောင်အောင်နိုင်ထူး[၇/အဖန(နိုင်)၀၀၀၁၆၂]သည် လူကြီးမိဘ ဆိုဆုံးမခြင်းကို နားထောင်ခြင်းမရှိဘဲ ၁၃-၃-၂၀၁၃ရက်တွင် နေအိမ်မှဝင်းဆန္ဒအတိုင်း ထွက်ခွာသွားပြီး မည်သို့မျှဆက်သွယ်မရပါသဖြင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူ ဆောင်ရွက်ပေးတော့မည်မဟုတ်ကြောင်းနှင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ပါကြောင်းနှင့် အများသိစေရန်ကြေညာအပ်ပါသည်။ နောက်နောင်၎င်းနှင့် ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးလောင်ချိန်(ခ)ဦးသန်းနိုင်**
**ဒေါ်အတီ(ခ)ဒေါ်စန်းကြည်**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မောင်ဝေဖြိုး(အဖ)ဦးအောင်ကျော်ဦး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/မရက(နိုင်)၁၃၄၈၃၂]သည် မိဘများကို စိတ်ဆင်းရဲအောင်အမျိုးမျိုးဒုက္ခပေးနေ၍ ၁၉-၃-၂၀၁၃ရက်မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**မိဘများ (ဖခင်)ဦးအောင်ကျော်ဦး[၁၂/မရက(နိုင်)၀၇၅၇၅၈]**
**(မိခင်)ဒေါ်နှင်းနှင်းအေး[၁၂/မရက(နိုင်)၀၇၅၇၆၆]**
**ခ/၃၄(က)တပင်ရွှေထီးလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဦးအောင်ကျော်ဦးနှင့်ဒေါ်နှင်းနှင်းအေးတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချန်ထွန်း(B.A, B.L)**
**တရားလွှတ်တော်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်(၁၄၈၅)**
**ပြည်နယ်/တိုင်းတရားသူကြီးနှင့်ညွှန်ကြားရေးမှူး(တရားရုံးချုပ်)ငြိမ်း**
**အမှတ်(၂၇)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၄၉၂၆၇**

## အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မွန်ဆရာတော် ကြိုဆိုဂုဏ်ပြုပူဇော်ပွဲ

မွန်လူမျိုးတို့၏ သမိုင်းတစ်လျှောက်တွင် ဒုတိယမြောက်အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)ဖြင့် နိုင်ငံတော်၏ အမြင့်ဆုံး "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ပူဇော်ခြင်းခံယူရရှိတော်မူသော မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ကတိုးရွာ၊ မဟာရင်ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ ဓမ္မယုတ္တိကနိကာယ မဟာရင်ဂိုဏ်း၏ဂဏာဓိပတိ၊ နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တအာဒိစ္စမဟာထေရ်အား နေပြည်တော်၌ ကျင်းပသည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်အပ်နှင်းပွဲမှ အပြန် ကြိုဆိုဂုဏ်ပြုပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သဒ္ဓါကြည်လင်ပါရမီရှင်များ တက်ရောက်ကြည်ညိုနိုင်ကြရန် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

**-နေပြည်တော်မှ ရန်ကုန်သို့ပင့်ဆောင်မည့်နေ့**
၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်၊ ၂၆-၃-၂၀၁၃ရက်(အင်္ဂါနေ့)၊ ညနေပိုင်း
**ကြိုဆိုဂုဏ်ပြုပူဇော်ပွဲ အစီအစဉ်**
ကြိုဆိုဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည့်နေ့ရက်
၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်
၂၇-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)
**ကြိုဆိုဂုဏ်ပြု ပူဇော်ပွဲ ကျင်းပမည့်အချိန်**
ညနေ ၃ နာရီ
**ကြိုဆိုဂုဏ်ပြု ပူဇော်ပွဲ ကျင်းပမည့်နေရာ**
ကျိုက်သီမွန်ပါဠိတက္ကသိုလ်ကျောင်းတိုက်
အမှတ်-၂၃၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**ဂုဏ်ပြုပူဇော်ပွဲ ကျင်းပရေးကော်မတီ**

## စင်ထရယ် အထက(၁)၊ လသာ ဗဟိုစံပြဓမ္မာရုံဖွင့်ပွဲအခမ်းအနား ဖိတ်ကြားလွှာ

